( ၁ )

# စစ်မှန်သောပျော်ရွှင်ခြင်းသည်
# သင့်အတွက် ဖြစ်နိုင်ပါသည်။

## အခန်း (၁)

စစ်မှန်သော ပျော်ရွှင်မှုကို ကျွန်ုပ်တို့အားလုံး လိုလားတောင်းတ၍ ရှာဖွေကြသည်။ မည်သည့်နိုင်ငံသား၊ လူမျိုး၊ အသက်၊ လိင်အမျိုးအစား၊ လူမှုရေးအဆင့်အတန်း၊ ဉာဏ်ပညာ၊ ဘာသာရေး (သို့) ပညာရေးအခြေအနေရှိစေကာမူ ကျွန်ုပ်တို့သည် ပျော်ရွှင်မှုအစစ်ကို တွေ့ကြုံစေလိုကြပေသည်။

စစ်မှန်သော ပျော်ရွှင်မှုကို ကျွန်ုပ်တို့ ရရှိစေလိုခြင်းက ထိုအရာသည် ကျွန်ုပ်တို့ နေ့စဉ်အသက်တာ၏ အရေးပါသော အပိုင်း ဖြစ်သင့်ကြောင်းကို ပြောပြနေပြီး စစ်မှန်သော ပျော်ရွှင်မှုကို ရှာဖွေခြင်းသည် မှန်ကန်ကြောင်း သက်သေထူပေးနေသည်။

ကမ္ဘာ့စနစ်တစ်ခုလုံးက ကျွန်ုပ်တို့အား ပျော်ရွှင်ခြင်းအစစ်ကို ပေးမည့်အရာကို ပေးရန် အမြဲတစေ ကြိုးစားနေသော်လည်း ကျွန်ုပ်တို့သည် မိမိအသက်တာ၏ အရည်အသွေး ကို ရိုးသားစွာ ဆန်းစစ်ပါက ကျွန်ုပ်တို့ အမှန်တကယ် မပျော်ရွှင်ဘဲ တစ်ခုခုလိုနေသည်ကို ဝန်ခံရပေမည်။

ဤစာအုပ်ကို ရေးသားသူက လူအယောက်တိုင်းသည် အမှန်တကယ် ပျော်ရွှင်သော ဘဝကို ရရှိထိုက်ကြောင်း ယုံကြည်သဖြင့် ယခု သင့်အား ကျွန်ုပ်တို့ဝေမျှပါမည်။

စစ်မှန်သော ပျော်ရွှင်ခြင်းသည် သင့်အတွက် ဖြစ်နိုင်ပါသည်။ အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းခဲ့ပြီး အရာခပ်သိမ်းသည် ကောင်းမွန်သည် သာမက ကမ္ဘာမြေကြီးသည် လှပသော ပရဒိသုဘုံဖြစ်ပြီး မိမိပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်း ထားသော လူသားကို ထိုနေရာ၌ နေစေသည်။

သူတို့သည် ဖန်ဆင်းရှင်နှင့်အတူ စိုးစံလျက် အလွန်ကောင်းကြီးခံစားကြသည်။ ဘုရားသခင်သည် သူတို့အား မြေကြီးပေါ်ရှိ သက်ရှိသတ္တဝါအားလုံးကို အုပ်စိုးခွင့်ပေးလျက် အသီးများစွာသီး၍ ပွားများရန် မြေကြီးကို ပြည့်စေ၍ အနိုင်ယူရန် ပြောခဲ့သည်။ ဘုရားသခင် သည် တိရစ္ဆာန်များအား အမည်ပေးခြင်းမှစ၍ အရာခပ်သိမ်းအပေါ်တွင် တာဝန်ယူစေခဲ့ သည်။

သူတို့၏ နေအိမ်ဖြစ်သော ဧဒင်ဥယျာဉ်သည် ပရဒိသုဘုံဖြစ်သည်။ “ဧဒင်” ဆိုသော စကားလုံးမှာ ပျော်ပါးခြင်းနှင့် မွေ့လျော်ခြင်းဟု အဓိပ္ပါယ်ရသည်။ သူတို့သည် ဖန်ဆင်းရှင် နှင့် အဆက်မပြတ် မိဿဟာယဖွဲ့ပြီး ဖန်ဆင်းထားသောအရာများနှင့် သင့်မြတ်မှုရှိသည့် အပြင်၊ အကြမ်းဖက်ခြင်း၊ ဖျားနာခြင်း၊ ရောဂါချို့တဲ့ခြင်း၊ လိုအပ်မှုရှိခြင်းနှင့် သေခြင်းမရှိခဲ့ ပါ။ ဤအရာသည် လူအားလုံးအတွက် ဘုရားသခင်၏ အကြံအစည်ဖြစ်ခဲ့သလို ယနေ့ အတွက်လည်း ဖြစ်နေပါသေးသည်။

ပထမဆုံး လူသားအာဒံနှင့် သူ၏ဇနီး ဧဝတို့တွင် ပျော်စရာအကောင်းဆုံးဘဝမျိုး ရှိခဲ့ကြပြီး လူသားအားလုံးကို ထိုကဲ့သို့ဖြစ်စေရန် ဘုရားသခင် ကြံစည်ထားပါသည်။ သူတို့ကို အမှန်တကယ် ပျော်ရွှင်စေရန် အရာခပ်သိမ်းကို အလျှံပယ် ပေးထားသော်လည်း သူတို့၏ ပျော်ရွှင်မှုကို ကာကွယ်ရန်အတွက် ဘုရားသခင်သည် ကန့်သတ်ချက်တစ်ခုကို ပေးထားခဲ့ သည်။

**“ထိုအပင်၏အသီးကိုကား မစားရ။ စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏။” (က ၂ း ၁၇)**

ဘုရားသခင်သည် အာဒံနှင့် ဧဝတို့အား ရွေးချယ်နိုင်သော အစွမ်းသတ္တိကို ပေးထား သည်။ သူတို့အား ရုပ်သေးရုပ် (သို့) စက်ရုပ်သဖွယ် မဖန်ဆင်းထားပါ။ အပြန်အလှန် ယုံကြည် ခြင်းနှင့် လေးစားခြင်းအပေါ် အခြေပြုသော ဆက်ဆံရေးကို ကိုယ်တော်လိုချင်သည်။ သူတို့ကို မသေစေလိုသဖြင့် အပင်တစ်ပင်မှ မစားရန် ပြောခဲ့သည်။ သူတို့ ဘုရားသခင်ကို မယုံကြည် သဖြင့် လှည့်စားခြင်းခံရကြသည်။

**“မြွေသည် ထာဝရအရှင် ဘုရားသခင် ဖန်ဆင်းတော်မူသော မြေတိရစ္ဆာန် တကာတို့ထက် လိမ္မာသည်ဖြစ်၍ မိန်းမအား၊ သင်တို့သည် ဥယျာဉ်၌ရှိသမျှသော အပင်တို့၏ အသီးကို မစားရဟု ဧကန်စင်စစ် ဘုရားသခင် မိန့်တော်မူသလောဟု မေး၏။ မိန်းမကလည်း၊ ငါတို့သည် ဥယျာဉ်၌ရှိသော အပင်တို့၏ အသီးကို စားသော အခွင့်ရှိ၏။ ဥယျာဉ်အလယ်၌ရှိသော အပင်၏ အသီးကိုကား သင်တို့သည် မကိုင်မစားဘဲ နေကြ လော့။ သို့မဟုတ် သေမည်ဟု ဘုရားသခင်အမိန့်တော်ရှိသည်ဟု မြွေအားဆို၏။ မြွေကလည်း သင်တို့သည် ဧကန်အမှန် သေရမည်မဟုတ်။ အကြောင်းမူကား ထိုအသီးကို စားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကို သိ၍ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတံ့သည်ကို ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။ ထိုအပင်သည် စားဘွယ်ကောင်းခြင်း၊ အဆင်းလည်းလှခြင်း၊ ပညာတိုးပွါးစေလိုသောင့်

**နှစ်သက်ဘွယ်သော အပင်ဖြစ်ခြင်းကို မိန်းမသည်မြင်လျှင်၊ အသီးကို ယူ၍စား၏။ မိမိခင်ပွန်းအားလည်းပေး၍ သူသည်လည်း စား၏။ ထိုသူနှစ်ယောက်တို့သည် မျက်စိပွင့်လင်း၍ မိမိတို့၌ အဝတ်အချည်းစည်းရှိသည်ကို သိမြင်လျှင် မိမိတို့ ဝတ်ရန်ဘို့ သင်္ဘောသဖန်းပင်အရွက်တို့ကို ချုပ်စပ်၍ ခါးစည်းကို လုပ်ကြ၏။**

**နေဇသောအချိန်တွင် ထိုဥယျာဉ်၌ ထာဝရအရှင်ဘုရားသခင် ကြွတော်မူသော အသံကို လူလင်မယားတို့သည် ကြားလျှင် အထံတော်မှလွတ်ခြင်းငှါ ဥယျာဉ်အပင်တို့တွင် ပုန်းကွယ်လျက်နေကြ၏။ ထာဝရအရှင် ဘုရားသခင်ကလည်း သင်သည် အဘယ်မှာ ရှိသနည်းဟု လူကိုခေါ်တော်မူ၏။ လူကလည်း၊ ဥယျာဉ်၌ ကိုယ်တော်၏အသံကို ကျွန်တော်ကြားလျှင်၊ အဝတ်အချည်းစည်းရှိသောကြောင့်၊ ကြောက်၍ပုန်းလျက်နေပါသည်ဟု လျှောက်လေ၏။ ဘုရားသခင်ကလည်း၊ သင်၌အဝတ်အချည်းစည်းရှိသည်ကို သင်အား အဘယ်သူပြောသနည်း။ မစားရဟု ငါပညတ်သောအပင်၏အသီးကို စားပြီလောဟု မေးတော်မူ၏။ လူကလည်း ကျွန်တော်၌ အပ်ပေးတော်မူသော မိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်စားမိပါသည်ဟု လျှောက်လေ၏။ ထာဝရအရှင်ဘုရားသခင်ကလည်း၊ သင်သည် အဘယ်သို့ပြုပြီးသနည်းဟု မိန်းမအား မေးတော်မူလျှင်၊ မိန်းမက၊ မြွေသည် ကျွန်တော်မကို လှည့်စား၍၊ ကျွန်တော်မသည် စားမိပါပြီဟု လျှောက်လေ၏။” (ကမ္ဘာဦးကျမ်း ၃း၁-၁၃)**

အာဒံနှင့် ဧဝတို့က ဖန်ဆင်းရှင်ကို မယုံကြည်ဘဲ စကားတော်ကို နားမထောင်ရန် ရွေးချယ်ခဲ့သောကြောင့် ဖြစ်ပေါ်လာသော ရလဒ်သည် လူသားမျိုးနွယ်အားလုံးကို ထိုအချိန်နှင့် ယခုတိုင်အောင် ပျက်စီးဆုံးရှုံးစေခဲ့သည်။ အာဒံနှင့် ဧဝတို့၏ မယုံကြည်ခြင်းနှင့် မနာခံခြင်းက လောကထဲသို့ အပြစ်ကို ဝင်ရောက်လက်ခံပြီး လူသားတို့ကို ဖန်ဆင်းရှင်နှင့် ကွဲကွာစေသည်။ မကောင်းမှုနှင့် အတ္တဆန်မှုပုံစံအမျိုးမျိုးနှင့်တကွ ဖျားနာခြင်း၊ ရောဂါနှင့် သေခြင်းတို့ ဝင်ရောက်လာသည်။

လူသားမျိုးနွယ် မိဘနှစ်ပါးဖြစ်သော အာဒံနှင့် ဧဝတို့က ဖန်ဆင်းရှင် ဘုရားသခင်ကို ယုံကြည်ရမည့်အစား မာရန်နတ်စာတန်ကို ယုံကြည်ခဲ့ကြသည်။ လူသားသည် အပြစ်ကြောင့် ဘုရားသခင်နှင့် ကွဲကွာရရုံသာမက ယခုတွင် စာတန်သည် ကမ္ဘာပေါ်တွင် လူသားတို့အလယ်၌ ကြီးစိုးလာတော့သည်။ အာဒံနှင့် ဧဝတို့သည် မြွေအပါအဝင် မြေကြီး သတ္တဝါအားလုံးအပေါ်တွင် အခွင့်အာဏာရရှိထားသော်လည်း ၎င်းအပေါ်တွင် အခွင့်အာဏာ သုံးရမည့်အစား မာရန်နတ်ကို နာခံခဲ့သဖြင့် အပြစ်နှင့်စာတန်၏ ကျေးကျွန်ဖြစ်ကာ ဘုရားသခင်နှင့်အတူ မစိုးစံရတော့ပါ။

မြေကြီးပေါ်တွင် လူတို့၏အသက်တာသည် ဘုရားသခင် နဂိုမူလက ရည်ရွယ်ထားသလို ဖြစ်မလာတော့ပါ။ အသက်ရှင်ခြင်းသည် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာနှင့် ကြွယ်ဝခြင်းရှိရမည့်အစား ရှင်သန်နေရုံသက်သက်သာဖြစ်လာတော့သည်။ လောကထဲသို့ အပြစ်ဝင်ရောက်လာ၍ လူနှင့်ဘုရားကွဲကွာပြီး စာတန်၏လုပ်ရပ် ခေါင်းထောင်လာကြောင်း သိခြင်းက လူတို့ ကြုံတွေ့နေရသည့် ကမောက်ကမဖြစ်မှုများ၊ ရှုပ်ထွေးခြင်းများကို နားလည်စေသလို အဆင့်နိမ့်ပါးစွာ အသက်ရှင်ခြင်း၊ အတ္တဆန်ခြင်း၊ ဖျားနာခြင်း၊ ဆင်းရဲခြင်း၊ မိမိကိုယ်ကို သတ်သေခြင်း၊ လူအသက်သတ်ခြင်း၊ လိင်နှင့်ဆိုင်သောပြစ်မှုများ၊ ဖောက်ပြန်ခြင်းများ၊ အာဏာစက်ကိုပုန်ကန်ခြင်း၊ ကွာရှင်းခြင်း၊ မူယစ်ဆေးသုံးစွဲခြင်း၊ အရက်သောက်ခြင်းနှင့် မကောင်းမှုအဖုံဖုံ ရှိနေရခြင်းကို နားလည်သဘောပေါက်စေပါသည်။

မသိခြင်းကြောင့်နှင့် စာတန်၏ ကိုယ်ပိုင်ပုံစံဆွဲထားသမျှအတိုင်းပင် လူအများစုသည် ကမ္ဘာလက်ရှိအခြေအနေနှင့် သူတို့အသက်တာ မိသားစုနှင့် နိုင်ငံ၌ တွေ့ကြုံရသော ပြဿနာများအတွက် ဘုရားသခင်ကို အပြစ်တင်ကြသည်။ ပြဿနာ အဖြေအမှန်ကို နားမလည်ဘဲ လူသားတို့သည် ရှင်သန်ရန် တိုက်ခိုက်ကြလျက် အောင်မြင်ဖို့ ကြိုးစားကြသော်လည်း အဆုံးတွင်မူ သူတို့သည် သေခြင်းတရားစီရင်ခြင်းနှင့် ဘုရားသခင်မပါသော ထာဝရကာလကို ရင်ဆိုင်ကြရလိမ့်မည်။

လူတို့သည် မိမိအထဲရှိ ဟာကွက်ကို ဖြည့်ပေးမည့်အရာကို နေ့စဉ်ရှာဖွေကြသော်လည်း မတွေ့ကြပါ။ ဖျော်ဖြေရေး၊ လောကီ ပျော်ရွှင်မှု၊ လိင်ကိစ္စ၊ မူးယစ်ဆေး၊ အရက်၊ အားကစား၊ အလုပ်အကိုင်၊ ဆက်ဆံရေး၊ ဘာသာရေးတို့သည် ဟာကွက်ကို မဖြည့်ပေးနိုင်ပါ။ ဖန်ဆင်းရှင်နှင့် ဆက်ဆံခြင်းကသာ ဖြည့်ပေးနိုင်မည်။ စာတန်နှင့် လောကီစည်းစိမ်သည် ခဏတာ ပျော်ရွှင်မှုကို ပေးသော်လည်း ရေရှည်မတည်ဘဲ ပိုမိုနာကျင်ခြင်း၊ ဟာနေခြင်းတို့ဖြင့် အဆုံးသတ်လေ့ရှိသည်။

ဘုရားသခင်သည် လူတို့ကအပြစ်နှင့် မယုံကြည်ခြင်းဖြင့် မိမိနှင့် ကွဲကွာသွားသော လူသားများကို ဆက်လက်တန်ဖိုးထား၍ ချစ်နေပါသည်။ ကျွန်ုပ်တို့အပေါ်ထားသော မေတ္တာတော် မပြောင်းလဲသော်လည်း အပြစ်၏နောက်ဆက်တွဲရလဒ်နှင့် ပတ်သက်သည့် စည်းမျဉ်းကို ဖောက်ဖျက်၍ မရပါ။ ထိုသို့ပြုလျှင် ကိုယ်တော်၏ စကားသည် ယုံကြည်စိတ်ချထိုက်တော့မည် မဟုတ်ပါ။ ထို့ကြောင့် နှုတ်ကပတ်တော်၏ မှန်ကန်မှုကို မပျက်ပြားစေဘဲလျက် လူတို့၏ ပြဿနာအခက်အခဲကို ဖြေရှင်းပေးရန် နည်းလမ်းကို တီထွင်ရသည်။ ကျွန်ုပ်တို့ ပြန်လည်မိဿဟာယဖွဲ့ပြီး လူကို နဂိုမူလအတိုင်း ငြိမ်သက်ခြင်း ကောင်းကြီးကြွယ်ဝခြင်းနှင့် မြေကြီးပေါ်၌ အခွင့်အာဏာရှိခြင်းကို ပြန်လည်ရရှိစေမည်ဖြစ်သည်။

ဘုရားသခင်၏ တရားမျှတမှုကို ကျေနပ်စေရမည်။ လူ၏အပြစ်နှင့် မနာခံမှုကို အပြစ်ဒဏ်ပေးရပေမည်။ အပြစ်ဒဏ်မှာ သေခြင်းဖြစ်ပြီး ခန္ဓာနှင့် ဝိညာဉ်သေခြင်းဖြစ်သည်။ ထို့ကြောင့် အပြစ်၌ သေဆုံးသူတို့သည် ငရဲသို့သွား၍ ဘုရားသခင်၏ မျက်မှောက်တော်မှ ထာဝရကွဲကွာရသည်။ နဂိုမူလက ငရဲကို မာနတ်နှင့် သူ၏ကျဆင်းသော ကောင်းကင်တမန်များအတွက်သာ ပြင်ဆင်ထားခြင်းဖြစ်သည်။

သို့ရာတွင် လူသားအားလုံးကို ဖျက်ဆီးပစ်မည့်အစား ဘုရားသခင်သည် လူတို့ကို အပြစ်မှ ကယ်တင်၍ ဖန်ဆင်းရှင်နှင့် ပြန်လည် မိဿဟာယဖွဲ့ပြီး ဘုရားသခင် ရည်ရွယ်ထားသည့်အတိုင်း အသက်ရှင်နိုင်စေရန် လမ်းပြင်ဆင်ပေးခဲ့သည်။ အပြစ်ဆိုသော ကျွန်စျေးကွက်မှ ကျွန်ုပ်တို့ကို ပြန်လည် ရွေးဝယ်ခဲ့ပြီး စာတန်၏ ထိန်းချုပ်မှုအောက်မှ ရွေးနှုတ်ခဲ့သည်။ ဘုရားသခင်သည် သားတော်ယေရှုခရစ်အားဖြင့်ဤအမှုကို လုပ်ဆောင်ခဲ့သည်။

**"ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏"**

**(ယော ၃း၁၆)**

ဘုရားသခင် သားတော်ယေရှုသည် ဣသရေလနိုင်ငံ၊ ယေရုရှလင်မြို့တွင် သဘာဝထက်လွန်ကဲစွာ မွေးဖွားခဲ့သည်။ အပျိုကညာမာရိသည် ဘုရားသခင် သားတော် ယေရှု၏ မယ်တော်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် မာရိအပေါ် သက်ရောက်သဖြင့် သူမအား ပဋိသန္ဓေ ယူစေလျက် သန့်ရှင်းသော သားတော်ယေရှုကို မွေးဖွားစေသည်။

ဤအရာအားလုံးကို ကိုယ်တော်မမွေးဖွားမီ ရာစုနှစ်များစွာကပင် ကြိုတင်ဟောပြောခဲ့သည်။ ယေရှုအကြောင်း ပရောဖက်ပြုချက်အားလုံးသည် အသေးစိတ်အချက်တိုင်အောင် ပြည့်စုံခဲ့သည်။ ကိုယ်တော်သည် လူနှင့်ဘုရားသခင်ရှေ့တွင် မျက်နှာရလျက် ကြီးထွားလာပြီး မြေကြီးပေါ်တွင် သုံးဆယ့်သုံးနှစ် အသက်ရှင်ကာ မိမိကြွလာခြင်း၏ ရည်ရွယ်ချက်ကို ပြည့်စုံစေပြီးနောက်တွင် ကောင်းကင်ဘုံ ခမည်းတော်ဆီသို့ ပြန်သွားသည်။

ယေရှုသည် မည်သည့်လူသားနှင့်မျှမတူပါ။ သူ့မှာ လူသားဖခင်မရှိဘဲ အာဒံ၏ သွေးသားမဟုတ်ပါ။ ဘုရားသခင်သည် သူ၏ဖခင်ဖြစ်ပြီး စာတန်၏သွေးဆောင်မှုခံရသော်လည်း အပြစ်မလုပ်ခဲ့ပါ။ မာရ်နတ်၏ ပရိယာယ်နှင့် စုံစမ်းခြင်းမှန်သမျှကို အောင်နိုင်ခဲ့သည်။ ခမည်းတော်၏ အလိုတော်ကို အမြဲဆောင်ပြီး နာခံခဲ့သည်။

ထို့ကြောင့် ယေရှုသည် လူသားကို ရွေးနှုတ်ရန် ဘုရားသခင်၏ အကြံအစည်ကို ပြည့်စုံစေခဲ့သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ပြဿနာများအတွက် ဘုရားသခင်၏ အဖြေဖြစ်သည်။ ကျွန်ုပ်တို့အား အပြစ်များအတွက် ဒဏ်ပေးမည့်အစား ကျွန်ုပ်တို့၏နေရာတွင် သားတော်ယေရှုကို အပြစ်ဒဏ်ပေးခဲ့သည်။ ပြည့်ဝစုံလင်၍ အပြစ်ကင်းသော ယေရှုခရစ်သည် သင်နှင့်ကျွန်ုပ်အပါအဝင် လူသားအားလုံးအတွက် မိမိအသက်ကို ယဇ်ပူဇော်ခဲ့သည်။ ယေရှုခရစ်သည် လွန်ခဲ့သော နှစ်၂၀၀၀ က ကားတိုင်ပေါ်၌ရိုက်ထားခြင်းခံရပြီး အသေခံလျက် အပြစ်အတွက် မိမိအသွေးကို သွန်းခဲ့သည်။ အပြစ်နှင့် စာတန်၏ ချုပ်ကိုင်မှုမှ ကျွန်ုပ်တို့ကို ကယ်နှုတ်ခဲ့သည်။

ယေရှုခရစ်သည် ကျွန်ုပ်တို့ကို အစားထိုးလိုက်သည်။ ကားတိုင်ပေါ်တွင် ကျွန်ုပ်တို့၏ အပြစ်ဒဏ်ကို ခံယူခဲ့သည်။

**"အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူ ဖြစ်မည်အကြောင်းတည်း။" (၂ကော ၅ း ၂၁)**

ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် နေရာချင်းလဲလိုက်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်နည်းတူဖြစ်စေရန်အတွက် ကိုယ်တော်သည် ကျွန်ုပ်တို့၏အပြစ်ကို ယူခဲ့သည်။ ကျွန်ုပ်တို့၏ အပြစ်များ၊ ရောဂါဝေဒနာများကို ကားတိုင်ပေါ်တွင် ယူဆောင်သွားလျက် ကိုယ်တော်၏ ဖြောင့်မတ်ခြင်း၊ ကျန်းမာခြင်းနှင့် ကြွယ်ဝသော အသက်တာကို အစားထိုးပေးခဲ့သည်။ ကျွန်ုပ်တို့၏ ရှုံးနိမ့်ခြင်းကို ယူဆောင်သွားလျက် အောင်မြင်ခြင်းကို ပေးခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင် နဂိုမူလက ပြင်ဆင်ထားသည့်အတိုင်း ကြွယ်ဝစွာ အသက်ရှင်နိုင်စေရန်အတွက် ကိုယ်တော်အသေခံခဲ့သည်။

**"ငါသည် ကိုယ်တိုင်ခံယူသည့်အတိုင်း၊ သင်တို့အား ရှေးဦးစွာ အပ်ပေးသော အကြောင်းအရာဟူမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည့်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည့်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။ ကေဖသည် ကိုယ်တော်ကိုမြင်ပြီးမှ၊ တကျိပ်နှစ်ပါးသော သူတို့သည် မြင်ရကြ၏။ ထိုနောက်ညီအစ်ကိုငါးရာမက၊ တပြိုင်နက် မြင်ရကြ၏။ ထိုသူတို့တွင် အများသော သူတို့သည် ယခုတိုင်အောင် အသက်ရှင်ကြသေး၏။ အချို့တို့သည် အိပ်ပျော်ကြပြီ။" (၁ကော ၁၅း၃-၅)**

# ( ၄ )

ထိုသို့ဖြစ်ပြီး များမကြာမီတွင် ယေရှုခရစ်သည် ကောင်းကင်ဘုံသို့ တက်ကြွသွားလျက် မိမိကို ကယ်တင်ရှင်နှင့် သခင်အဖြစ် ယုံကြည်လက်ခံသူတို့အတွက် နေရာကို ပြင်ဆင်ပေးနေသည်။ တနေ့တွင် ယေရှုသည် ယုံကြည်သူတို့ကို ကောင်းကင်ဘုံသို့ ပြန်ခေါ်ဆောင်ရန် ပြန်လာလိမ့်မည်။

ယေရှုခရစ်သည် အပြစ်၊ ဖျားနာခြင်း၊ ရောဂါ၊ သေခြင်းနှင့် မာရ်နတ်၏ လုပ်ရပ်အားလုံးကို အောင်နိုင်ခဲ့သည်။ ကိုယ်တော်သည် အသက်ရှင်၍ ယခုနှင့် ထာဝရစိုးစံနေသည်။ ကိုယ်တော်သည် ဤအမှုများကို သင်နှင့် ကျွန်ုပ်မှစသော လူသားအားလုံးအတွက် လုပ်ဆောင်ပေးခဲ့သည်။ **"အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။"** **(ရောမ ၁၀ း ၁၃)**

ဤစာအုပ်၌ ပါသမျှကို ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာကျမ်းစာ၏ သမ္မာတရားအပေါ်တွင် အခြေပြုထားပါသည်။ သမ္မာကျမ်းစာသည် ဘုရားသခင် ကိုယ်တိုင်က မိမိအကြောင်းကို လူသားတို့အတွက် ဖွင့်ပြလျက် မှတ်တမ်းတင်ရေးသားထားခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျမ်းစာကို နှစ်ထောင်နှင့်ချီ၍ ထိန်းသိမ်းထားပေးရခြင်းမှာ ကျွန်ုပ်တို့သည် မည်သည့်အရာကို ယုံကြည်၍ ကယ်တင်ခံရမည်ကို သိရှိစေရန်၊ မိမိ၏ ကယ်တင်ရှင်နှင့် ဖန်ဆင်းရှင်၊ မိတ်ဆွေထံ မည်သို့ ပြန်လည်ရန်ငြိမ်း၍ ရွေးနှုတ်ရမည်ကို သိရှိစေရန်ဖြစ်သည်။

ယခုသင်သည် ယေရှုခရစ်အကြောင်း သတင်းကောင်းကို ဖတ်ရှုရပါပြီ ကိုယ်တော်သည် လွန်ခဲ့သော နှစ် နှစ်ထောင်ကျော်က ကားတိုင်ပေါ်တွင် သင်၏နေရာ၌ သင်အပြစ်ကိုယ်စား အသေခံခဲ့ပြီး သင့်ကို ဘုရားသခင်ထံသို့ ပြန်လည်ပို့ဆောင်ပေးသည်။ ကိုယ်တော်သည် သင်ခံရမည့် အပြစ်ဒဏ်ကို ပေးခဲ့သဖြင့် သင်ထာဝရစီရင်ခြင်းကို ခံစရာမလိုတော့ပါ။ သင့်၏ အပြစ်က သင့်မဆပ်နိုင်သော အကြွေးကို တင်စေသည်။ ကိုယ်တော်က သင့်အတွက် ထိုအကြွေးကို အပြည့်အဝဆပ်ပေးခဲ့သည်။ သင့်ကို ရွေးနှုတ်ရန်အတွက် မိမိအသက်ကို ပေးဆပ်ခဲ့ပြီး မေတ္တာတော်ကို သက်သေပြခဲ့သည်။ သင့်ကို ဘုရားသခင် ချစ်ပါသည်။

ဘုရားသခင်သည် သူ၏ တပါးတည်းသော သားတော်ကို အသေခံစေလျက် သင့်ကို သူ့ဆီသို့ပြန်ရောက်ရှိစေကြောင်းကို စဉ်းစားသောအခါ ထိုမေတ္တာတော်ကို သင်မည်သို့ တုန့်ပြန်မည်နည်း။ သင်ထာဝရအသက်ရရှိစေရန်အတွက် သင့်အစား အသေခံခဲ့သော ယေရှုရှင်၏မေတ္တာကို သင်မည်သို့ တုန့်ပြန်မည်နည်း။ ယခုတွင် သင့်အား ယေရှု၏အကြောင်း ဖွင့်ပြနေသော သန့်ရှင်းသောဝိညာဉ်တော်ကို သင်မည်သို့ တုန့်ပြန်မည်နည်း။ သင့်မှာ ရွေးစရာနှစ်ခုရှိပါသည်။

သင်သည် ယုံကြည်ခြင်းဖြင့် တုန့်ပြန်၍ရသလို မယုံကြည်ခြင်းဖြင့်တုန့်ပြန်လျက် ယေရှုအကြောင်း သတင်းကောင်းကို ငြင်းပယ်နိုင်ပါသည်။ ဘုရားသခင်သားတော်က မိမိအသက်ကိုပေးလျက် ရယူစေခဲ့သော ဘုရားသခင်၏ ဆုကျေးဇူးကို သင်လက်ခံ၍ ရသလို ဘာမှမလုပ်ဘဲနေခြင်းအားဖြင့် ကိုယ်တော်ပေးသော ဆုကျေးဇူးကို ငြင်းပယ်နိုင်ပါသည်။ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ရယူလျှက် ဖန်ဆင်းရှင်နှင့် သင့်မြတ်နိုင်သလို၊ အပြစ်ထဲ၌ ဆက်လက်သေနေနိုင်ပါသည်။ သခင်ဘုရား၏ နာမတော်ကိုခေါ်၍ ကယ်တင်ခံရနိုင်သလို ဘုရားသခင်မပါဘဲ ပျောက်ဆုံး၍လည်း နေနိုင်ပါသည်။

ဘုရားသခင်သည် သင့်အား သူကိုယုံကြည်၍ သားတော်နှင့် အကျိုးကျေးဇူးအားလုံးကို ရရှိစေလိုသော်လည်း စာတန်ကသင့်အား အာဒံနှင့် ဧဝကဲ့သို့ ဘုရားသခင် အပေါ် သံသယဝင်စေလိုသည်။ ကိုယ်တော်က သင့်ကို ကောင်းကြီးပေးလိုပြီး စာတန်က ကျိန်ဆဲလိုသည်။ ဘုရားရှင်က သင့်ကို ကူညီလိုပြီး စာတန်က သင့်ကို ထိခိုက်စေလိုသည်။ ကိုယ်တော်သည် သင့်ကို အပြစ်၏ အကျိုးဆက်မှ လွတ်မြောက်စေလိုပြီး စာတန်သည် သင့်ကို အပြစ်ထဲ၌နေစေလိုသည်။ ကိုယ်တော်သည် သင့်ကို ကြွယ်ဝခြင်းနှင့် ကျန်းမာခြင်းဖြင့် အသက်ရှင်စေလုပြီး စာတန်သည် သင့်ကို ချို့တဲ့ခြင်းနှင့် ဖျားနာခြင်းဖြင့် အသက်ရှင်စေလိုသည်။ ဘုရားသခင်သည် အသက်၏ အရင်းအမြစ်ဖြစ်ပြီး စာတန်သည် သေခြင်း၏ မူလအမြစ် ဖြစ်သည်။ ကိုယ်တော်သည် သင့်အား ကောင်းကင်ဘုံတွင် ထာဝရနေစေလိုသည်။ စာတန်သည် သင့်အား သူနှင့်အတူငရဲတွင် ထာဝရဒဏ်ခံစေလိုသည်။

ယေရှုခရစ်သည် မာရန်နတ်ညှင်းဆဲသောသူအပေါင်းတို့ကို ချမ်းသာပေးလျက် လှည့်လည်တော်မူသည်။ (တ ၁၀း၃၈) ကိုယ်တော်သည် နာသောသူကို ကျန်းမာစေ၍ မျက်စိကန်းသူကိုမြင်စေကာ နားပင်းသူကို ကြားစေသည်။ နတ်ဆိုးကိုနှင်ထုတ်၍ သေသောသူကို ထမြောက်စေကာ နူနာကို သန့်ရှင်းစေပြီး၊ ခြေမဆွံ့သူကို လမ်းလျှောက်စေသည်။ ယုံကြည်ခြင်းဖြင့် အထံတော်သို့ လာသောသူအားလုံးတို့ကို ကျန်းမာစေ၍ အပြစ်ကိုခွင့်လွှတ်သည်။ **"လေသည် အလိုရှိတိုင်းသွားလာ၏။ လေ၏အသံကို သင်သည် ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့ သွားသည်ကို မသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ်သည်ဟု မိန့်တော်မူ၏။"** **(ယော ၃ း ၈)**

**"ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏" (ဟေဗြဲ ၁၃ း ၈)** လွန်ခဲ့သောနှစ် ၂၀၀၀ က ပြုခဲ့သော အမှုကို ကိုယ်တော် ယနေ့ ပြုနေဆဲဖြစ်သည် **"ထိုသခင်မှာ ဘုရားသခင်၏ ဂတိတော်ရှိသမျှတို့သည် ငါတို့အားဖြင့်**

**ဘုန်းအသရေတော်ကို ထင်ရှားစေခြင်းအလိုငှါ၊ ဟုတ်မှန်၏ဟူ၍ငင်း၊ အာမင်ဟူ၍ငင်း ဖြစ်သတည်း။" (၂ကော ၁ း ၂၀) "ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။" (ယောဟန် ၁၄ း ၆) "ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။ ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူ ရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။" (ယော ၁၁ း ၂၅-၂၆)**

ကျမ်းစာကပြောသည်မှာ **" ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။" (ယော ၁ း ၁၂) "အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော် မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။" (ရောမ ၁၀ း ၉) "အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။" (ရောမ ၁၀ း ၁၃)**

ယခု သင်ဆုံးဖြတ်ရန်အချိန်ရောက်ပါပြီ။ ဤနေရာ၊ ဤအချိန်သို့ သင်မတော်တဆ ရောက်ရခြင်းမဟုတ်ပါ။ ဘုရားရှင်၏ မေတ္တာတော်က ပို့ဆောင်ခြင်းဖြစ်သည်။ ဝိညာဉ်တော်က သင့်အား ကယ်တင်ခြင်းရ၍ အသစ်သောအသက်တာ၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ လုံခြုံခြင်း၊ ပျော်ရွှင်ခြင်း၊ ကြွယ်ဝခြင်းနှင့် ပြည့်စုံသော အသက်တာကို ရရှိ၍ ကောင်းကင်ဘုံ၌ ထာဝရအသက်ရရှိစေရန် ခေါ်ဆောင်နေသည်။

စာတန်လက်အောက်တွင်နေရန် ရွေးချယ်ပါက ဤအခန်းကို ပြန်ဖတ်လျက် ဆုတောင်းခြင်းဖြင့် ရွေးချယ်ပါ။ ဖန်ဆင်းရှင်နှင့် ပြန်လည် သင့်မြတ်လိုပါက အောက်ပါအတိုင်း ဆုတောင်းနိုင်သည်။

အဖဘုရား

ကိုယ်တော်၏ ပုံသဏ္ဍာန်နှင့်အညီ ကျွန်ုပ်ကို ဖန်ဆင်းလျက် တန်ဖိုးထားပြီး တပါးတည်းသော သားတော်ကို ကျွန်ုပ်ကိုယ်စား အသေခံစေလျက် ယေရှုခရစ်၏ အသွေးတော်အားဖြင့် စာတန်လက်အောက်နှင့် အပြစ်၏ ချုပ်နှောင်မှုမှ ရွေးနှုတ်သောကြောင့် ကျေးဇူးတင်ပါသည်။

ယခု ကျွန်ုပ်ယေရှုနာမကို ယုံကြည်ရန် ရွေးချယ်လျက် ကယ်တင်ရှင်၊ အနာငြိမ်းစေသူ၊ ကယ်လွှတ်သူနှင့် ထောက်ပံ့သူအဖြစ် လက်ခံရန် နှလုံးသားကို ဖွင့်ဟပါသည်။ ယေရှုခရစ်သည် သခင်ဖြစ်သည်ဟု နှုတ်နှင့်ဝန်ခံလျက် သေခြင်းမှ ထမြောက်စေကြောင်းကို ယုံကြည်ပါသည်။ ယေရှုသည် အသက်ရှင်၍ မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းလဲကြောင်း ယုံကြည်ပါသည်။ ကယ်တင်ခြင်းရရန် ယခုပင် ယေရှုနာမကို ခေါ်ပါသည်။

ကျွန်ုပ်ကို ကယ်တင်၍ အပြစ်များကို ခွင့်လွှတ်သောကြောင့် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့ စဉ်းစားပုံနှင့် တွေးပုံကို ပြောင်းလဲ၍ ကိုယ်တော်နှင့် အခြားသူများကိုချစ်ရန် စိတ်ပိုင်းဖြတ်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တဘက်၌ နံပါတ်တစ်နေရာကို ရပါသည်။ ယခုအချိန်မှစ၍ ကိုယ်တော်ကို သိကျွမ်းပြီး အလိုတော်ကို ဆောင်လိုပါသည်။ စာတန်ကို ငြင်းပယ်၍ ကိုယ်တော်နှင့် နှုတ်ကပတ်တော်အထက်တွင် ချီးမြောက်လိုသောအရာမှန်သမျှကို ငြင်းပယ်ပါသည်။

ကျွန်ုပ်ကို အရှိအတိုင်း လိုက်လျှောက် သားသမီးဖြစ်စေပြီး အသက်တာသစ်ကို ပေးသောကြောင့် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်၏ဖခင်ဖြစ်လျက် ထာဝရအသက်ကို ပေးသောကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော်၏မေတ္တာ၊ ခွင့်လွှတ်ခြင်းနှင့် လက်ခံခြင်းတို့ကို ကျေးဇူးတင်စွာ နှိမ့်ချစွာ ရယူလျက် ကိုယ်တော်နှင့် ဆက်ဆံရေး၌ ကြီးထွားရန် မျှော်လင့်ပါသည်။

ကိုယ်တော်တည်ရှိပုံနှင့် နှုတ်ကပတ်တော်ကို သံသယမဝင်တော့ပါ။ ကိုယ်တော်သည် ပြောသည့်အတိုင်းဖြစ်၍ ကတိထားသည့်အတိုင်း အရာခပ်သိမ်းကို လုပ်ဆောင်နိုင်ကာ ကိုယ်တော်ပြောသည့်အတိုင်း ကျွန်ုပ်အတွက် လုပ်ဆောင်ပေးကြောင်းကို ယုံကြည်ပါသည်။ ကျွန်ုပ်သည် ကိုယ်တော်ပြောသည်အတိုင်းဖြစ်၍၊ ပြောသည့်အတိုင်း ပိုင်ဆိုင်ကာ၊ အရာခပ်သိမ်းကို လုပ်ဆောင်နိုင်ကြောင်း ယုံကြည်ပါသည်။

ကိုယ်တော်၏မိသားစုတွင် သားသမီးနေရာမှန်ကို ကျွန်ုပ်ရယူပါသည်။ အသက်တာသစ်အတွက် ကျေးဇူးတင်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝစေလျှက် လမ်းတော်ကိုသွန်သင်ကာ၊ အပြည့်အဝ လမ်းညွှန်ပဲ့ပြင်တော်မူပါ။ ကိုယ်တော် နှစ်သက်သော အရာကို အမြဲသိစေလျက် လုပ်ရဲသော သတ္တိကို ပေးတော်မူပါ။ ကိုယ်တော်ကို နှစ်သက်စေလိုပါသည်။

ယေရှုဘုရား၊ ကျွန်ုပ်၏အပြစ်၊ ဖျားနာခြင်းနှင့် နာကျင်ခြင်းကို ယူဆောင်သောကြောင့် ကျေးဇူးတင်ပါသည်။ အသက်ကိုစွန့်သောကြောင့် ကိုယ်တော်အတွက် အသက်ရှင်လိုပါသည်။ ကိုယ်တော် ကျွန်ုပ်အထဲမှာ အသက်ရှင်လျက်နေသောကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော်ကို ယုံကြည်ပါသည်။ အာမင်။

( ၆ )

**စစ်မှန်သော ပျော်ရွှင်ခြင်းသည်**
**ယခု သင့်အတွက် ဖြစ်ပါသည်၊**

## အခန်း (၂)

စစ်မှန်သော ပျော်ရွှင်မှုသည် ယခုသင့်အတွက် ဖြစ်ပါသည်။ အခန်းတစ်၌ပါသော ဆုတောင်းချက်ကို တကယ်တောင်းခဲ့ပါက သင်သည် ယေရှုခရစ်အားဖြင့် ဖန်ဆင်းရှင် ဘုရားသခင်နှင့် ဆက်ဆံရပါသည်။

ကိုယ်တော်သင့်အတွက် ပြင်ဆင်ပေးသော အံ့ဩဖွယ် အသက်တာကို သင်စိတ်ကူး နိုင်မည်ပင်မဟုတ်ပါ။ ဘယ်သောအခါမှ အဆုံးသတ်ခြင်းမရှိဘဲ နေ့တိုင်း ဘုန်းအသရေ တိုးပွားပြည့်စုံလိမ့်မည်။

အခန်းနှစ်တွင် ယေရှုနှင့် အသစ်သောအသက်တာကို စတင်ရန် လိုအပ်သည့် အချက်များကို ဖော်ပြထားသည်။ သင်၏ စဉ်းစားပုံနှင့် အသက်ရှင်ရသော အကြောင်းရင်း ပြောင်းလဲသွားလိမ့်မည်။ သင်သည် လုံး၀ လူသစ်ဖြစ်သွားပြီး ဟောင်းသောအရာ ကွယ်ပျောက်သွားကြောင်းကို တွေ့ရှိရလိမ့်မည်။

စာတန်အပေါ်တွင် အောင်မြင်ခြင်းဖြင့် မည်ကဲ့သို့ အသက်ရှင်ရမည်ကို သင်ယူ ရလိမ့်မည်။ ယေရှုခရစ်သည် မြေကြီးပေါ်တွင် နေထိုင်စဉ် မာရန်နတ်ကို အောင်နိုင်ခဲ့ပြီး အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်းနှင့် ထမြောက်ခြင်းဖြင့် လုံး၀ အနိုင်ယူခဲ့သည်။ ယေရှု၏ အောင်ပွဲ နှင့် အခွင့်အာဏာသည် ယခုသင်နှင့် ဆိုင်ပါသည်။

စစ်မှန်သော ပျော်ရွှင်ခြင်းသည် ယခုသင့်အတွက် ဖြစ်သည်။

ယေရှုခရစ် သွန်းလောင်းသော အသွေးတော်နှင့် ကားတိုင်ပေါ်၌ သင့်အတွက် ယဇ်ပူဇော်ပေးခြင်းကို ယုံကြည်လျက် ဖန်ဆင်းရှင်ထံ ပြန်လာသော ဆုံးဖြတ်ချက်အတွက် သင့်ကို ချီးကျူးဂုဏ်ပြုပါသည်။ ဤအရာသည် အရေးကြီးဆုံးသော ဆုံးဖြတ်ချက် ဖြစ်သည်။

ကယ်တင်ခြင်းရရန် ယေရှု၏နာမကို ခေါ်သောနေ့ရက်အချိန်နှင့် နေရာကို မှတ်ထားရန် မမေ့ပါနှင့်။ သင်စာတန်နှင့် နတ်ဆိုးများကို သတိပေးစရာကောင်းသော အရာဖြစ်သည်။

ဘုရားသခင်နှင့် သင်၏ ဆက်ဆံရေးကို ပြန်ပေးပါသည်။ ယခုသင်မှာ စာတန် အပေါ်ရှိ ခရစ်တော်၏ အခွင့်အာဏာရှိပါသည်။ သို့သော် စာတန်က သင့်စိတ်ကူးကို လွှမ်းမိုး၍ ယေရှုခရစ်အားဖြင့် ဘုရားသခင်ထံသို့ ပြန်သွားမည့် ဆုံးဖြတ်ချက်ကို သံသယ ဝင်စေပါလိမ့်မည်။

သင်ပြောင်းလဲ၍ ယေရှုနှင့် ဆက်ဆံရေး၌ မည်မျှ တိုးတက်စေကာမူ မာရ်နတ် ပြောင်းလဲမည်မဟုတ်ပါ။ သူသည် ခိုးဖို့၊ သတ်ဖို့၊ ဖျက်ဆီးဖို့လာပြီး သူ ခိုးသော နည်းစနစ် မှာမူ ကြောက်ရွံ့ခြင်း၊ စွပ်စွဲခြင်း၊ လှည့်စားခြင်းနှင့် အပြစ်တင်ခြင်းတို့ဖြစ်သည်။ ကျမ်းစာ ထဲ၌ သူ့ကို "မုသာ၏အဖ" ဟု ခေါ်သည်။ သင့်အပေါ်ရှိ သူ၏တန်ခိုးတော် ကျိုးပျက်သွား ပြီ ဖြစ်သည်။ သူသည် မုသာပြောသူဖြစ်သည်။

ဘုရားသခင် နှုတ်ကပတ်တော်နှင့် သားတော်ယေရှုသည် မပြောင်းလဲပါ။ သင် သည် မာရ်နတ်ကို ကြောက်စရာအကြောင်း မရှိပါ။ ယခုသင်သည် ဘုရားသခင်၏ သားသမီး ဖြစ်ပြီး သင်အထဲ၌ရှိသော ယေရှုသည် ရန်သူမာရ်နတ်ထက်ပို၍ ကြီးပါသည်။

စာတန်သင့်ကို တိုက်ခိုက်၍ လှည့်စားမည်။ ပထမကဏ္ဍမှာ ခရစ်တော်ကို ကယ်တင်ရှင်နှင့် သခင်အဖြစ်လက်ခံခဲ့သော ဆုံးဖြတ်ချက်ကို ဖြစ်သည်။ တိုက်ပွဲသည် သင့်စိတ်ထဲမှာရှိသည်။ သင့်စိတ်ထဲ၌ စိတ်ကူးအမျိုးမျိုးကို ပေါ်ထွက်စေလျက် ဘုရားသခင်နှင့် ဆက်ဆံခြင်းအပေါ် သံသယဝင်စေလိမ့်မည်။ ယခုသူသည် သင့်ကို ကြောက်ပါသည်။ သူသည် အာဒံနှင့် ဧ၀ကို ဘုရားသခင်နှင့် ဆက်ဆံရေးအပေါ် သံသယ ဝင်စေလျှက် မနာခံမှုကို ဖြစ်စေပြီး ကိုယ်တော်နှင့် ကွဲကွာစေခဲ့သည်။ သူတို့သည် ဘုရားသခင်ပေးသော အခွင့်အာဏာကို စာတန်၏ သံသယဝင်စေမည့် စုံစမ်းခြင်းအပေါ်တွင် အသုံးပြုခဲ့သင့် ပေသည်။ ယေရှုကမူ နှုတ်ကပတ်တော်အားဖြင့် တောထဲ၌ စာတန်၏ စုံစမ်းခြင်းကို အဖြေ ပေးခဲ့သည်။ ယေရှုသည် သင့်အတွက် စံနမူနာဖြစ်သည်။ အာဒံနှင့် ဧ၀မဟုတ်ပါ။

ယခုတွင် စာတန်က ယေရှုအား သွေးဆောင်ခြင်းကို အသေးစိတ်ကြည့်ရှု ကြပါသည်။

**"ယေရှုသည် သန့်ရှင်းသော ၀ိညာဉ်တော်နှင့် ပြည့်စုံလျက်၊ ယော်ဒန်မြစ်နားမှ ပြန်စဉ်တွင် ၀ိညာဉ်တော်သည် တောသို့ ပို့ဆောင်တော်မူ၏။ အရက်လေးဆယ်ပတ်လုံး မာရန်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏။ ထိုကာလပတ်လုံး အစာ အာဟာရ ကို သုံးဆောင်တော်မမူ။ ထိုကာလ လွန်ပြီးမှ မွတ်သိပ်တော်မူ၏။ မာရ်နတ်ကလည်း၊ ကိုယ်တော်သည် ဘုရားသခင်၏ သားတော်မှန်လျှင် ဤကျောက်ခဲကို မုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါဟု လျှောက်လေ၏။ ယေရှုကလည်း၊ လူသည် မုန့်အားဖြင့်သာ**

**အသက်ကို မွေးရမည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကို မွေးရမည် ကျမ်းစာ၌ လာသည်ဟု ပြန်ပြောတော်မူ၏။**

**တဖန် မာရ်နတ်သည် ယေရှုကို မြင့်လှသော တောင်ပေါ်သို့ ဆောင်သွား၍၊ ဤလောက၌ရှိသမျှသော တိုင်းနိုင်ငံတို့ကို တခဏခြင်းတွင် ပြ၍သွန်၍၊ ဤဘုန်းတန်ခိုး အာနုဘော်ရှိသမျှကို ငါ၌အပ်ခဲ့ပြီ။ ငါသည် ပေးလိုသောသူအား ပေးရသည်ဖြစ်၍ ကိုယ်တော်အား ပေးပါမည်။ ငါ့ကို ကိုးကွယ်လျှင် ဤအလုံးစုံတို့သည် ကိုယ်တော်၏ ဉစ္စာဖြစ်လိမ့်မည်ဟု လျှောက်လေ၏။ ယေရှုကလည်း၊ အချင်းစာတန်၊ ငါ့နောက်သို့ ဆုတ်လော့။ သင်၏ဘုရားသခင် ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကို သာ ဝတ်ပြုရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။**

**တဖန် မာရ်နတ်သည် ယေရှုကို ယေရုရှလင်မြို့သို့ ဆောင်သွား၍ ဗိမာန်တော်၏ အထွဋ်၌ တင်ထားပြီးလျှင်၊ ကျမ်းစာလာသည်ကား၊ သင့်ကို စောင့်ရှောက်စေခြင်းငှါ ကောင်းကင်တမန်တို့အား သင့်အဘို့မှာထားတော်မူသည်ဖြစ်၍၊ သင်၏ခြေကို ကျောက်နှင့် မထိမခိုက်စေခြင်းငှါ၊ သူတို့သည် သင့်ကို လက်နှင့် မစချီပင့်ကြလိမ့်မည် ဟု လာ၏။ ထိုကြောင့် ကိုယ်တော်သည် ဘုရားသခင်၏ သားတော်မှန်လျှင် ဤအထွဋ်မှ ကိုယ်ကို အောက်သို့ချလိုက်တော်မူပါဟု လျှောက်လေ၏။ ယေရှုကလည်း၊ သင်၏ ဘုရားသခင် ထာဝရဘုရားကို သင်သည် အစုံအစမ်းမပြုရဟု ကျမ်းစကားရှိသည်ဟု ပြန်ပြောတော်မူ၏။ ထိုသို့ မာရ်နတ်သည် စုံစမ်းသွေးဆောင်ခြင်း အမှုအလုံးစုံကို အကုန်အစင် ပြုပြီးလျှင်၊ အထံတော်မှ ထွက်သွား၍ ကာလအတန်အရာ နေလေ၏။**

**ယေရှုသည် ဝိညာဉ်တော် တန်ခိုးနှင့် ဂါလိလဲပြည်သို့ ပြန်၍၊ သိတင်းတော် သည် ပတ်ဝန်းကျင်အရပ်တို့၌ အနှံ့အပြား ကျော်စောလေ၏။ တရားစရပ်တို့၌ ဆုံးမ ဩဝါဒပေးတော်မူ၍။" (လုကာ ၄း၁-၁၅)**

စာတန်သည် ယေရှုအား "ဘုရားသခင်၏ သားတော်မှန်လျှင်" ဟု ပြောလျက် ဘုရားသခင်နှင့် တော်စပ်မှုအပေါ် သံသယဝင်စေရန် သွေးဆောင်ခဲ့သည်။ ယေရှုက "ကျမ်းစာလာသည်ကား" ဟု တုန့်ပြန်ခဲ့သည်။

ဘုရားသခင်အပေါ် သံသယဝင်ရန် စာတန်၏ သွေးဆောင်မှုတိုင်းကို အောင်မြင် ခဲ့သော ယေရှုသည် စာတန်၏ စုံစမ်းခြင်းအပေါ် ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်ရမည်ကို စံနမူနာ ပေးနေသည်။ ကျွန်ုပ်တို့သည်လည်း နှုတ်ကပတ်တော်နှင့်သာ ဖြေကြားရမည်။

ဘုရားသခင်၏ သားသမီးတို့၏ ဆက်ဆံရေးကို ယုံကြည်ခြင်းအပေါ်တွင် အခြေ ပြုရမည်။ စကားတော်ကို မယုံကြည်ခြင်း၊ မနာခံခြင်းသည် အပြစ်ကိုဖြစ်စေခဲ့ပြီး လူနှင့် ဘုရားကို ဝေးကွာစေခဲ့သည်။ ထို့ကြောင့် ဘုရားနှုတ်ကပတ်တော်ကို ယုံကြည်ခြင်းကသာ လူကို ဘုရားဆီသို့ ပြန်ပို့ဆောင်ပေးသည်။

**"ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်း မူကား၊ ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင် ရှိတော်မူသည် ကိုဎင်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုဎင်း၊ ယုံကြည်ရမည်။" (ဟေဗြဲ ၁၁း၆)**

ဘုရားသခင်အပေါ် ယုံကြည်ခြင်းဆိုသည်မှာ ဘုရားသခင်ပြောသည်အတိုင်း မှန်၍ ထိုအတိုင်းလုပ်မည်ဟု ယုံကြည်ခြင်း ဖြစ်သည်။

မာရ်နတ်သည် မုသာပြောသူဖြစ်ပြီး သမ္မာတရားကိုမုန်းသည်။ မုသာမပြောနိုင် သည့် ဘုရားသခင်ကို မုန်းပြီး ကိုယ်တော်ကို ယုံကြည်သူမှန်သမျှအား မုန်းပါသည်။ သူသည် ဘုရားသခင်နှင့် သမ္မာတရား၏ရန်သူဖြစ်သလို ဘုရားသခင်ကို ယုံကြည်၍ သမ္မာတရား အတိုင်း အသက်ရှင်သူအားလုံး၏ ရန်သူဖြစ်သည်။

အာဒံနှင့်ဧဝံတို့သည် စုံစမ်းခြင်းကို ခံရသောအခါ ဘုရားသခင်နှင့် စကားတော်ကို မယုံကြည်ကြပါ။ စာတန်၏ စကားကို နားထောင်၍ ယုံကြည်ကြသည်။

အခန်းတစ်၌ ဖန်ဆင်းရှင် ဘုရားသခင်ထံသို့ မည်သို့ ပြန်သွားရမည်၊ မည်သို့ ကယ်တင်ခံရ၍ နဂိုမူလ ကိုယ်တော်၏ အကြံတော်အတိုင်း ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း နှင့် စစ်မှန်သော ပျော်ရွှင်မှုကို ယခုဘဝ၊ နောင်ဘဝ၌မည်သို့ရမည်ကို တင်ဆက်ထားသည်။

အဆိုပါ သမ္မာတရားများအပေါ်တွင် အခြေခံလျက် ဘုရားသခင်ကို ယုံကြည်ကြရ မည်။ စိတ်ခံစားမှု (သို့) အသိဉာဏ်ကို အားကိုး၍မရပါ။ သင်သည် ကယ်တင်ခြင်းရ၍ ဘုရားသခင်၏ထံသို့ ပြန်လည်ပို့ဆောင်ခံရသည်မှာ နှုတ်ကပတ်တော်ကို ယုံကြည်၍ လုပ်ဆောင်သောကြောင့်သာဖြစ်သည်။

စာတန်သည် သင်၏ကယ်တင်ခြင်းနှင့် ဘုရားသခင်နှင့် အသစ်သော ဆက်ဆံရေး အပေါ်တွင် သံသယဝင်စေလိမ့်မည်။ သင်၏ စိတ်ခံစားမှုနှင့် အသိဉာဏ်တို့က သံသယဝင် စေလိမ့်မည်။

သို့သော် သင့်အထဲ၌ရှိသော သန့်ရှင်းသောဝိညာဉ်တော်က နှုတ်ကပတ်တော်ကို သတိရစေပြီး ကိုယ်တော်နှင့် ကတိတော်ကို ယုံကြည်သောအခါ ဝိညာဉ်တော်က သင်သည် ကိုယ်တော်၏ သားသမီးဖြစ်ကြောင်းကို သင့်ဝိညာဉ်ထဲ၌ သက်သေခံလိမ့်မည်။ သင်စိတ်ခံစားချက်ထက် နှုတ်ကပတ်တော်ကို ပိုယုံကြည်သောအခါ ငြိမ်သက်ခြင်းအရှင်သည် သင်နှင့်အတူ ပါရှိလိမ့်မည်။

ဘုရားသခင် သင့်အားပေးသော ငြိမ်သက်ခြင်းကို အသုံးပြုတတ်ခြင်းသည် အလွန်အရေးကြီးသည်။ အောင်မြင်စွာ အသက်ရှင်လိုလျှင် ကိုယ်တော်ပေးသော လက်နက်စုံကို အသုံးပြုရမည်။ ထို့ကြောင့် ယခုတွင် သင်သည် စာတန်ပေးသော သံသယကို အောင်မြင်နိုင်ပေတော့မည်။

ဘုရားသခင်၌ ယုံကြည်ခြင်း အသစ်အပေါ်တွင် မြဲမြံစွာ ယုံကြည်ရန် လေ့ကျင့်ကြမည်။ အောက်တွင် ပေါ်လာတတ်သော ခံစားချက်၊ စိတ်ကူးနှင့်တကွ ၎င်းတို့အပေါ် နှုတ်ကပတ်တော်နှင့် တုန့်ပြန်ရန် ဖော်ပြထားသည်။

၁။ သင်တကယ် ကယ်တင်ခြင်းမရပါ။ ကောင်းသောအကျင့်ကို ကျင့်ရမည်။ ယေရှုနာမကိုခေါ်၍ ယုံကြည်ရုံဖြင့် ကယ်တင်ခြင်းမရနိုင်ပါ။

ကျမ်းစာလာသည်ကား **"ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့် မရှိ။" (ဧဖက် ၂း၈-၉)**

**"အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။" (ရောမ ၁၀း၁၃)** သခင်ဘုရား၏ နာမကို ခေါ်သောကြောင့် ကျွန်ုပ် ကယ်တင်ခြင်းရသည်။

**"အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။" (ရောမ ၁၀း၉)** ယေရှုကို သခင်အဖြစ် ကျွန်ုပ်ဝန်ခံ၍ ဘုရားသခင်က သူ့ကို ထမြောက်စေသည်ဟု ယုံကြည်သောအခါ ကျွန်ုပ် ကယ်တင်ခြင်း ရသည်။

၂။ သင်သည် ဘုရားသခင်၏ သားသမီးတကယ်မဟုတ်ပါ။ စာတန်၏သားသမီးသာ ဖြစ်ပြီး သူသည် သင့်အပေါ်မှာ တန်ခိုးရှိနေသေးသည်။

ကျမ်းစာလာသည်ကား **"မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကိုနှုတ်၍၊ ချစ်တော်မူသော သားတော်၏ နိုင်ငံထဲသို့ သွင်းတော်မူ၏။ ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသော ရွေးနှုတ်တော်မူခြင်း ကျေးဇူးကို ငါတို့သည် ခံရကြ၏။" (ကောလောသဲ ၁း၁၃-၁၄)** နှုတ်ကပတ်တော်ကို ကျွန်ုပ်ယုံကြည်သည်။

**"ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။" (ယော ၁း၁၂)** ယေရှုနာမကို အကျွန်ုပ်ယုံကြည်သောကြောင့် ယခုကိုယ်တော်၏ သားသမီးဖြစ်သည်။ နှုတ်ကပတ်တော်ကို ကျွန်ုပ်ယုံကြည်သည်။

**"ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည် ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။ လောကီသားတို့သည် ဘုရားသခင်ကို မသိသောကြောင့်၊ ငါတို့ကိုလည်း မသိကြ။" (၁ယော ၃း၁)** ကိုယ်တော်၏ မေတ္တာတော်နှင့် နှုတ်ကပတ်တော် အတွက် သားသမီးဖြစ်စေခြင်းအတွက် ကျေးဇူးတင်ပါသည်။

၃။ သင့်အပြစ်ကို ခွင့်မလွှတ်ရသေးပါ။ သင်အမှားများစွာ ပြုလုပ်သောကြောင့် ဘုရားသခင် သင့်ကို ခွင့်မလွှတ်နိုင်ပါ။

ကျမ်းစာလာသည်ကား **"ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌တည်၍၊ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့် လွတ်ကြ၏။ ယေရှုခရစ်၌တည်၍ အသက်ရှင်စေသော ဝိညာဉ်တော်၏ တရားသည် အပြစ်တရား၏ လက်မှရင်း၊ သေခြင်းတရား၏ လက်မှရင်း၊ ငါ့ကို ကယ်လွှတ်ပြီ။" (ရောမ ၈း၁-၂)** ယခုကျွန်ုပ်သည် ခရစ်တော်အထဲ၌ရှိလျက် သေခြင်းနှင့် အပြစ်တရားမှ လွတ်သည်။

**"ချစ်သားတို့၊ သင်တို့သည် ထိုသခင်၏ နာမတော်အားဖြင့် အပြစ်များနှင့် ကင်းလွတ်သောကြောင့်၊ သင်တို့အား ငါရေး၍ ပေးလိုက်၏။" (၁ယော ၂း၁၂)**

**"တဖန်တုံ၊ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်း အမျိုးမျိုးကို ငါမအောက်မေ့ဘဲ နေမည်ဟု လာသတည်း။" (ဟေဗြဲ ၁၀း၁၇)** ကျွန်ုပ်၏ အပြစ်များကို မအောက်မေ့တော့သောကြောင့် ကျေးဇူးတင်ပါသည်။

၄။ သင်ကယ်တင်ခြင်းရ၍ ထာဝရအသက်ရကြောင်း သေချာပေါက်မသိနိုင်ပါ။

ကျမ်းစာလာသည်ကား **"ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည် တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" (ယော ၃း၁၆)** သားတော်ယေရှုကိုပေးလျှက် ထာဝရ အသက်ကို ရစေသောကြောင့် ကျေးဇူးတင်ပါသည်။

**"ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှ မနှုတ်မယူရာ" (ယော ၁၀း၂၈)** ကိုယ်တော်၏ ထာဝရအသက် လက်ဆောင်အတွက် ကျေးဇူးတင်ပါသည်။

**"အပြစ်တရား၏ အခကား သေခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။" (ရော ၆း၂၃)**

**"မုသာနှင့် ကင်းစင်တော်မူသော ဘုရားသခင်သည်၊ ရှေးကပ်ကာလ မရောက်မှီ ဂတိထားတော်မူ၍၊" (တိတု ၁း၂)**

**"ငါတို့အား ပေးတော်မူသော ဂတိတော်မူကား၊ ထာဝရအသက်ကို ဝန်ခံတော် မူသော ဂတိတော်ပေတည်း။" (၁ယော ၂း၂၅)** ထာဝရအသက် လက်ဆောင်အတွက် ကျေးဇူးတင်ပါသည်။

**"သက်သေခံတော်မူချက် ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရ အသက်ကို ပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကို ရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကို မရသောသူကား အသက်ကိုမရ။ ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သင်တို့သည် ထာဝရ အသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှါ၊ ဤအရာများကို သင်တို့အား ငါရေး၍ ပေးလိုက်၏။" (၁ယော ၅း၁၁-၁၃)** သားတော်ကိုရသောကြောင့် ကျွန်ုပ် ထာဝရအသက်ကို ရသည်။

၅။ သင့်အသက်တာမှာ ဘာမှမပြောင်းလဲပါ။ သင်နဂိုအတိုင်းအတိုင်းပဲဖြစ်ပြီး ယခု ဘာမှပြောင်းလဲရန် မျှော်လင့်လို့မရပါ။

ကျမ်းစာလာသည်ကား **"လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင် သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြပြီ။ ထိုသို့ဖြစ်သော် ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ဖြစ်ကြ၏။ ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိဿဟာယတရားကိုလည်း ငါတို့၌ အပ်ပေးတော်မူ၏" (၂ကော ၅း၁၇-၁၈)** ယခုကျွန်ုပ်သည် ခရစ်တော်အထဲ၌ရှိပြီး သတ္တဝါသစ် ဖြစ်သည်။ ကျွန်ုပ်၏ ဘဝဟောင်းမရှိတော့ဘဲ အသက်တာသစ်ကို ရသောကြောင့် ကျေးဇူးတင်ပါသည်။

**"အကြောင်းမူကား၊ စင်ကြယ်သော သူတို့သည် ထာဝရစုံလင်ခြင်းအကျိုးကို ရစေခြင်းငှါ၊ တခါတည်းပူဇော်ခြင်းအားဖြင့် ပြုတော်မူ၏။" (ဟေဗြဲ၁၀း၁၄) "ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဍာန်နှင့်အညီ၊ မှန်သောပညာအားဖြင့် အသစ်ပြုပြင် သော လူသစ်ကို ယူတင်ဝတ်ဆောင်သောသူ ဖြစ်ကြ၏။" (ကော ၃း၁၀)** ကျွန်ုပ်အား ပုံသဏ္ဍာန်တော်နှင့်အညီ အသစ်ပြုပြင်ပေးသောကြောင့် ကျေးဇူးတင်ပါသည်။

ဤကတိတော်များသည် ရန်သူကို ရှုံးနိမ့်စေပါလိမ့်မည်။ သံသယဝင်လာသည့် အခါ တိုင်း ယုံကြည်ခြင်းဖြင့် နှုတ်ကပတ်တော်ကို ပြောထုတ်လျှက် တုန့်ပြန်ပါ။ မာရ်နတ်နှင့် သံသယ ထွက်ပြေးသွားပါလိမ့်မည်။

သင်သည် ယခုကယ်တင်ခြင်းရ၍ ဘုရားသခင်၏ သားသမီးဖြစ်ပြီ ဖြစ်သောကြောင့် နှုတ်ကပတ်တော်သည် သင့်အသက်တာ၌ အဓိကထိန်းချုပ်နေရမည်။ သင်၏ စိတ်ကူး ခံစားချက်၊ မြင်သောအရာ၊ ကြားသောအရာတို့က မထိန်းချုပ်စေရပါ။ နှုတ်ကပတ်တော် သည် သမ္မာတရားဖြစ်ပြီး သင့်အတွက် စံနှုန်းဖြစ်သည်။

နှုတ်ကပတ်တော်က ပြောသောကြောင့် သင်ကယ်တင်ခြင်းရရှိသည်။ နှုတ်ကပတ် တော်က ပြောသောကြောင့် ယခုသင်သည် ဘုရားသခင်၏ သားသမီးဖြစ်ပြီး ထာဝရအသက် ကို ရရှိသည်။ သင့်အပြစ်များကို ခွင့်လွှတ်ခြင်းခံရသည်။

အခန်း (၂) ၌ သင်ယူခဲ့သော သမ္မာတရားအတွက် ဤသို့ကျေးဇူးတော် ချီးမွမ်း ဆုတောင်းနိုင်ပါသည်။

ကောင်းကင်ဘုံရှင်အဖ

ကျွန်ုပ်အား ကိုယ်တော်အကြောင်းကို ဖွင့်ပြလျှက် သားတော်ယေရှုအားဖြင့် အထံ တော်သို့ ပြန်ခေါ်သောကြောင့် ကျေးဇူးတင်ပါသည်။ နှုတ်ကပတ်တော်အပေါ်တွင် အခြေခံ လျှက် ကျွန်ုပ်သည် ကိုယ်တော်၏ သားသမီးဖြစ်သည်။ လူသစ်ဖြစ်ပြီး အသက်တာသစ်ကို ရရှိသည်။ အပြစ်ဒဏ်နှင့် အပြစ်တန်ခိုးမှ လွတ်မြောက်ပြီး ကျွန်ုပ်အပြစ်များကို ကိုယ်တော်

မအောက်မေ့တော့ဟု ရဲရင့်စွာပြောနိုင်သောကြောင့် ကျေးဇူးတင်ပါသည်။ ယခုကျွန်ုပ် ထာဝရအသက်ကို ရရှိပြီ ဖြစ်သောကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော်သည် ကြွယ်ဝသောအသက်တာကိုလည်း ပေးခဲ့ပြီ ကျွန်ုပ်၏ ကောင်းသောအကျင့်ကြောင့် မဟုတ်ဘဲ ကိုယ်တော်နှင့် နှုတ်ကပတ်တော်ထဲရှိ ကတိတော်ကို ယုံကြည်သောကြောင့်သာ ဖြစ်သည်။ ဤအရာသည် ကိုယ်တော်ထံမှ အခမဲ့ရသော လက်ဆောင်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်ကိုချစ်၍ မိဿဟာယဖွဲ့လိုသောကြောင့် ဖြစ်သည်။

ယေရှုဘုရား ကိုယ်တော်လုပ်ဆောင်ပေးသောအရာအားလုံးအတွက် ကျေးဇူးတင်ပါသည်။ ကိုယ်တော်မေတ္တာတော်ကို လက်တွေ့ပြသခြင်းသည် နာမလည်နိုင်လောက်အောင် ဖြစ်သောလည်း ယုံကြည်ပါသည်။ ကျွန်ုပ်ကိုချစ်လှသောကြောင့် ကားတိုင်ပေါ်တွင် ကျွန်ုပ်၏ နေရာကို ဝင်ယူပေးသောကြောင့် ကျေးဇူးတင်ပါသည်။

ကားတိုင်ပေါ်တွင် အသေခံစဉ်တွင် စာတန်ကို အသွေးတော်အားဖြင့် အောင်နိုင်ခဲ့ကြောင်းကို ယုံကြည်ပါသည်။ တောထဲ၌ ရက်လေးဆယ် စုံစမ်းခြင်းခံရစဉ်က နှုတ်ကပတ်တော်ဖြင့် အောင်နိုင်ခဲ့ပါသည်။

ကျွန်ုပ်ကိုယ်စား စာတန်ကို အနိုင်ယူပေးသောကြောင့် ကျေးဇူးတင်ပါသည်။ မာရ်နတ်၏ ပရိယာယ်နှင့် စုံစမ်းခြင်းများကို နှုတ်ကပတ်တော်အားဖြင့် အောင်နိုင်သောကြောင့် ကျေးဇူးတင်ပါသည်။

မည်သို့စဉ်းစား၍ ခံစားသည်၊ ကြားသည်ဖြစ်စေ ယုံကြည်ခြင်းဖြင့် အသက်ရှင်တတ်စေပါ။ ယေရှုသည်သာ ကျွန်ုပ်၏ စံနမူနာဖြစ်သည်။ နောက်တော်သို့ လိုက်ရန် ရွေးချယ်ပါသည်။ ကျွန်ုပ်ထံတွင် ကိုယ်တော်အား ပို၍ပို၍ ဖွင့်ပြတော်မူပါ။ ကိုယ်တော်ကို ချစ်ပါသည်။

ယေရှုနာမ၌ ဆုတောင်းပါသည်။

အာမင်။

**စစ်မှန်သောပျော်ရွှင်ခြင်းသည်**
**သင့်အတွက် ဘုရားသခင်၏ အလိုတော်ဖြစ်သည်။**

# အခန်း (၃)

စစ်မှန်သောပျော်ရွှင်ခြင်းသည် သင့်အတွက် ဘုရားသခင်၏ အလိုတော်ဖြစ်သည်။ ဘုရားသခင်သည် ချစ်တတ်၍ ကောင်းမြတ်သော ဘုရားသခင်ဖြစ်ပြီး သင့်အတွက် ကောင်းသောအရာကိုသာ လိုလားပါသည်။ ဘုရားသခင်အပေါ် ယုံကြည်ခြင်း၏ အခြေခံအချက်နှင့် သားသမီးဖြစ်သော သင်၏ရပိုင်ခွင့်ကို နားလည်ပြီဖြစ်သောကြောင့် ဘုရားသခင်နှင့် ရင်းနှီးစွာ မိဿဟာယဖွဲ့နိုင်ရန် ကိုယ်တော်ဘာနှင့်တူကြောင်းကို သိသင့်ပါသည်။

ဘုရားသခင်ဘာနှင့်တူသည်ကိုသိခြင်းက ကိုယ်တော်အား ရင်းနှီးစွာ သိကျွမ်းစေလိမ့်မည်။ ခရစ်ယာန်ဖြစ်ခြင်းသည် ဘာသာရေးမဟုတ်ဘဲ ဆက်ဆံရေးဖြစ်ပြီး သားတော်ယေရှုခရစ်မှတဆင့် ဖန်ဆင်းရှင်နှင့် ရင်းနှီးစွာ ဆက်ဆံခြင်းဖြစ်သည်။

ဤအခန်းက ဘုရားသခင် အမှန်တကယ် ဘာနှင့်တူကြောင်းကို ဖော်ပြလိမ့်မည်။ လောက၊ မာရ်နတ်နှင့် ဘာသာတရားက ပြောသကဲ့သို့ မဟုတ်ပါ။ ဝိညာဉ်တော်က သင့်အား ဖွင့်ပြလာသောအခါ ကိုယ်တော်အပေါ် ချစ်ခြင်းနှင့် ကိုးစားခြင်းသည် ပိုမိုပြင်းထန်လာပြီး အသက်တာ၌ ကောင်းကြီးနှင့် မျက်မှောက်တော်ကို နေ့တိုင်း ခံစားလာရလိမ့်မည်။

ဘုရားသခင်ကို သိကျွမ်းခြင်းက ဘုရားသခင်၏ အလိုတော်နှင့် အကြံအစည်တော်၊ သင့်အသက်တာအတွက် ရည်ရွယ်ချက်များကို သိလာစေလိမ့်မည်။

စစ်မှန်သောပျော်ရွှင်ခြင်းသည် သင့်အတွက်ဘုရားသခင်၏ အလိုတော်ဖြစ်သည်။

သမ္မာတရားအားဖြင့် အသက်ရှင်ခြင်းသည် စိတ်တတ်ကြွဖွယ်ဖြစ်၍ နေ့စဉ်ပျော်ရွှင်ခြင်းနှင့် ကောင်းကြီးမင်္ဂလာများကို ဆောင်ကြဉ်းပေးလိမ့်မည်။ သင်သည် အကြီးဆုံးကောင်းကြီးဖြစ်သော သားတော်ယေရှုအားဖြင့် ဖန်ဆင်းရှင်ဘုရားသခင်နှင့် ဆက်ဆံခြင်းသမ္မာတရားကို ရရှိသူဖြစ်သည်။ သင့်အပြစ်အတွက် စီရင်ခြင်းမခံရတော့ဘဲ ယေရှုနှင့် ကောင်းကင်ဘုံတွင် ထာဝရနေရလိမ့်မည်။

သင်သည် ယေရှုခရစ်အားဖြင့် ဘုရားသခင်နှင့် ဆက်ဆံသောကြောင့် သတ္တဝါသစ်ဖြစ်သည်။ ဤအရာ၏ အဓိပ္ပါယ်ကို ရှာဖွေ၍ အသက်တာကို ကုန်ဆုံးစေရလိမ့်မည်။ ကိုယ်တော်သင့်ကို ကယ်တင်သောအခါ စကားသက်သက်ဖြင့် ဖော်ပြ၍ မရဘဲ ချက်ခြင်းအကုန်အစင်နားမလည်နိုင်သောအရာကို ပြုလုပ်ပေးသည်။

သင်သည် ဒုတိယမွေးခြင်း ခံပြီးသောကြောင့် ခရစ်တော်၌ သူငယ်ဖြစ်သောလည်း နှုတ်ကပတ်တော်ကို စားသုံးသည်နှင့်အမျှ နေ့စဉ်ကြီးထွားလာလိမ့်မည်။ သင့်အထဲ၌ ကျိန်းဝပ်သော ဝိညာဉ်တော်က နှုတ်ကပတ်တော်ကို ဖွင့်ပြလိမ့်မည်။ သမ္မာတရားကို အကြွင်းမဲ့ သွန်သင်ပြသသဖြင့် ဘုရားသခင်လုပ်ပေးခဲ့သောအရာကို သင်စတင် ရှာဖွေတွေ့ရှိလိမ့်မည်

ဥပမာ ယခုသင်သည် ဘုရားသခင်၏ သားသမီးဖြစ်သဖြင့် ခရစ်တော်နှင့်အတူ အမွေခံဖြစ်သည်ဟု နှုတ်ကပတ်တော်က သွန်သင်သည်။ စကြာဝဠာ ဖန်ဆင်းရှင်သည် သင်၏ ဖခင်ဖြစ်ပြီး သူပိုင်သမျှကိုလည်း သင်ပိုင်သည်ဟု ဆိုလိုသည်။

သင်သည် အရင်လိုမဟုတ်တော့ပါ။ ဟောင်းသောအရာကွယ်ပျောက်၍ အသစ်ရောက်ရှိလာသည်။ ဘုရားသခင်ထံမှ လာခြင်းဖြစ်သည်။ သင်နှင့်မထိုက်တန်ဟု ထင်မည်ဖြစ်သော်လည်း သင်သည် ပုံစံဟောင်းအတိုင်း မစဉ်းစားရတော့ပါ။ သင်သည် ဘုရားသခင်အတွက် တန်ဖိုးရှိကြောင်း နားလည်ရမည်။ စာတန်၏ အပြစ်ကျွန်ဈေးကွက်မှ သင့်ကို ရွေးဝယ်ရန် ဘုရားသခင် ပေးခဲ့သော တန်ဖိုးသည် သင်၏တန်ဖိုးဖြစ်သည်။

သင်သည် ဘုရားသခင်အတွက် တန်ဖိုးရှိသည်။ သင့်ကိုဖန်ဆင်း၍ အကြံအစည်တော်ထားရှိကာ လူသားအားလုံးအတွက်ထားသော အကြံအစည်တော်ထဲ၌ အကျုံးဝင်စေသည်။ သင့်ကိုရွေးနှုတ်ရန် ကြီးမားသော အဖိုးအခကိုပေးလျက် သင်တန်ဖိုးရှိကြောင်း သက်သေထူပြခဲ့သည်။ သူသည် မိမိသားတော်၏အသက်နှင့် အသွေးဖြင့် အဖိုးအခ ပေးခဲ့သည်။ စုံလင်သောဘုရားသခင်၏ သားတော်ကို သင့်နေရာတွင် အပြစ်ပေးခဲ့သည်။ ယေရှုကို သင့်အတွက် အသေခံစေလျှက် သင်၏အပြစ် ဖျားနာခြင်းနှင့် နာကျင်ခြင်းကို သယ်ဆောင်စေခဲ့သည်။

ဤမေတ္တာကို နားလည်၍မရပါ။ မာရ်နတ်နှင့် အခြားသူများက သင့်အား တန်ဖိုးမရှိသူအဖြစ် အထင်သေးရန် ခွင့်မပြုပါနှင့်။ ဖန်ဆင်းရှင်က သင်၏တန်ဖိုးကို သတ်မှတ်ပေးသည့်အတိုင်း အတည်ဖြစ်သည်။ သင့်တန်ဖိုးကို သံသယဝင်သည့်အခါတိုင်း ယေရှုသင့်နေရာတွင် အသေခံကြောင်း သင့်အနာငြိမ်းရန်၊ ရိုက်နှက်ခံ၍ အသွေးတော် သွန်းကြောင်းကို စဉ်းစားပါ။ ဘုရားသခင်သည် ထာဝရမေတ္တာနှင့် သင့်ကိုချစ်ပြီး သင်သည် ထာဝရကိုယ်တော်၏ သားသမီးဖြစ်သည်။ ဤအရာသည် သမ္မာတရားပင်ဖြစ်သည်။ နှုတ်ကပတ်တော်က ဤသို့ ညွှန်းထားပါသည်။ **"ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်း အကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကို မမှတ်ဘဲ လက်ဝါးကပ်တိုင်၌ ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော်လကျ်ာဘက်၌ ထိုင်နေတော်မူ၏။" (ဟေဗြဲ ၁၂း၂)** သင်၏ အသစ်သောအသက်တာသည် ယေရှုကြောင့် ဖြစ်မြောက်လာခြင်းဖြစ်သည်။ **"ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။" (ယောဟန်၁၄ း ၆)**

ယခုသင်သည် ယေရှု၏နောက်လိုက်ဖြစ်သည်။ သင့်ဘဝတခုလုံးသည် ယေရှုအကြောင်း ဖြစ်သည်။ သင့်ယုံကြည်ခြင်းသည် ယေရှုအထဲ၌ဖြစ်ရမည်။ ယေရှုခရစ်သည် ဘုရားသခင်၏ ပုံသဏ္ဍာန်ကို ဖော်ပြသည်။ **"နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍၊ ကျေးဇူးတော်နှင့်ဂုဏ်း၊ သစ္စာတော်နှင့်ဂုဏ်းပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌ တပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ"။ (ယောဟန် ၁း၁၄)** ယေရှုခရစ်သည် အသက်ရှင်သော နှုတ်ကပတ်တော်ဖြစ်သည်။ သင်သည်ယေရှုနှင့် ထပ်တူဖြစ်ရမည်။

ယေရှုသည် ပျောက်သောသူကို ရှာ၍ ကယ်တင်ရန်ကြွလာသည်။ **"လူသားသည် ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသတည်းဟု ဇက္ခဲကို မိန့်တော်မူ၏။" (လုကာ ၁၉း၁၀)** သင်နှင့်ကျွန်ုပ်အပါအဝင် လူသားများကို ရှာပါသည်။ ယေရှု၏ အပြစ်ကင်းသောဘဝသည် ကျွန်ုပ်တို့အတွက် ဖြစ်သည်။ စာတန်အပေါ် အောင်မြင်ခြင်း၊ အပြစ်ဒဏ်ကို ခံယူခြင်းတို့သည် ကျွန်ုပ်တို့အားလုံးအတွက် ဖြစ်သည်။ ကားတိုင်ပေါ်တွင် ကျွန်ုပ်တို့အားလုံးအတွက် အသွေးကို သွန်းခဲ့သည်။ အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်း၊ ထမြောက်ခြင်း၊ ဘုန်းပွင့်ခြင်းနှင့် ကောင်းကင်သို့ တက်ကြွခြင်းများသည် ကျွန်ုပ်တို့အတွက် ဖြစ်သည်။ ကျွန်ုပ်တို့အတွက် မဟုတ်လျှင် ယေရှုမြေကြီးပေါ်သို့ လာစရာအကြောင်း မရှိပါ။ ဘာကိုမှ သက်သေထူစရာ၊ အထင်ကြီးအောင် လုပ်ပြစရာ မလိုပါ။ မိမိအပြစ်အတွက် အသေခံစရာ မရှိပါ။ အသေခံခြင်းသည် မေတ္တာတော်ဖြင့် လုပ်ဆောင်ပေးခြင်းသာ ဖြစ်သည်။

ကိုယ်တော်မည်သူဖြစ်သည်ကို နားလည်၍ ကျွန်ုပ်တို့ကိုယ်စား လုပ်ဆောင်ပေးသောအရာမှ အကျိုးခံစားရန်အတွက် ယေရှုနှင့် ထပ်တူပြုရမည်။

စဉ်းစားစရာ အကြီးမားဆုံး သမ္မာတရားတစ်ခုမှာ ကိုယ်တော် ကျွန်ုပ်တို့ကို အစားထိုးခြင်း ဖြစ်သည်။

ယေရှုသည် ဆုံးမခံရ၍ ကားတိုင်ပေါ်တွင် အသေခံသောအခါ သင်သည် ဆုံးမခံရ၍ ကားတိုင်ပေါ်တွင် အသေခံပါသည်။ ယေရှုသင်္ဂြိုဟ်ခံရသောအခါ သင်သင်္ဂြိုဟ်ခံရပါသည်။ ယေရှုငရဲသို့ သွားသောအခါ သင်ငရဲသို့ သွားပါသည်။ ယေရှု သေခြင်းမှ ထမြောက်

သောအခါ သင်သေခြင်းမှ ထမြောက်ပါသည်။ ယေရှု ကောင်းကင်ဘုံသို့ တတ်ကြွသောအခါ သင်ကောင်းကင်ဘုံသို့ တတ်ကြွပါသည်။

ယေရှုလုပ်သမျှသည် သင်နှင့်ကျွန်ုပ်အတွက် ဖြစ်သည် **"သူတပါးအစေကိုခံခြင်းငှါ ၎င်း၊ မိမိအသက်ကိုစွန့်၍ လူများကို ရွေးခြင်းငှါ၎င်း ကြွလာသည်ဖြစ်၍၊ ထိုနည်းတူ သင်တို့တွင် အကဲအမှူးပြုလိုသော သူကို သင်တို့အစေခံ ဖြစ်စေ။ သင်တို့တွင် အထွဋ်အမြတ် လုပ်ချင်သောသူကိုလည်း သင်တို့ကျွန်ဖြစ်စေဟု မိန့်တော်မူ၏။" (မဿဲ ၂၀း၂၈)**

**"ငါ့အသက်ကို အဘယ်သူမျှမလုမယူ။ ကိုယ်အလိုအလျောက်ငါစွန့်၏။ ကိုယ်အသက်ကို စွန့်ရသောအခွင့်နှင့် နောက်တဖန် ကိုယ်အသက်ကို ယူပြန်ရသောအခွင့်သည် ငါ၌ရှိ၏။ ထိုအခွင့်ကို ခမည်းတော်သည် ပေးတော်မူပြီဟု မိန့်တော်မူ၏။" (ယောဟန် ၁၀း၁၈)** ယေရှုခရစ် ကားတိုင်ပေါ်တွင် သင့်အစား အသေခံခြင်းသည် ခမည်းတော်နှင့် သားတော်က မေတ္တာဖြင့် ပြုလုပ်ပေးခြင်းဖြစ်သည်။

ယေရှုခရစ်သည် ကောင်းကင်ဘုံရှင် ခမည်းတော် စကြ်ာဝဠာ ဖန်ဆင်းခြင်းကို လောကီသားတို့အား ပြသရန် မြေကြီးပေါ်သို့ ကြွလာခဲ့သည်။ စာတန်သည် လူတို့အား ဘုရားသခင်အပေါ် အမြင်မှားစေရန် လှည့်စားခဲ့သည်။ ဘုရားသခင်ကို ချစ်တတ်၍ သားသမီးများ ကောင်းကျိုးကို လိုလားသော ကောင်းကင်ဘုံရှင်အဖနှင့် မတူအောင် လိမ်ညာ ပြောခဲ့သည်။

လူတို့သည် ရာစုနှစ်များစွာ ဘုရားသခင်ထံမှ ထွက်ပြေးနေကြခြင်းမှာ သူ၏ လှည့်စားခြင်းနှင့် ဘုရားသခင်ကို မသိခြင်းကြောင့် ဖြစ်သည်။ သားတော်ယေရှုအားဖြင့် မိမိ၏ ဂုဏ်အင်္ဂါရပ်ကို ပြသခဲ့သည်။ ယေရှုသည် သားသမီးများ အနေဖြင့် ခမည်းတော် ဘုရားနှင့် နေ့စဉ်အသက်တာ၌ မည်သို့ဆက်ဆံရမည်ကို ပြသသည်။

သူ၏သားသမီးများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို မကြောက်သင့်ပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို အပြစ်ပေးမည် မဟုတ်ပါ။ **"အမျက်တော်ကို ခံစေခြင်းငှါ ဘုရားသခင်သည် ငါတို့ကို ခန့်ထားတော်မူသည် မဟုတ်။ ငါတို့သခင်ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းကို ပိုင်ရစေခြင်းငှါ ခန့်ထားတော်မူ၏။" (၁သက် ၅း၉)** ဘုရားသခင်၏ သားသမီးများအနေဖြင့် ကျွန်ုပ်တို့သည် ထွက်ပြေးတိမ်းရှောင်ခြင်း မပြုလုပ်သင့်ပါ။ အထံတော်သို့ ပြေးသွား၍ ချဉ်းကပ်ပါသည်။

သင်၏ကောင်းကင်ဘုံရှင်အဖအဖြစ် ဘုရားသခင်၏ ပုံရိပ်သည် မြေကြီးပေါ်ရှိ ဖခင်တို့၏ ဆက်ဆံပုံမှ မလာသင့်ပါ။ ရေးသားထားသော နှုတ်ကပတ်တော် သမ္မာကျမ်းစာနှင့် အသက်ရှင်သော နှုတ်ကပတ်တော် ယေရှုထံမှသာ ရယူရမည်။ ထိုအခါမှသာ ကိုယ်တော်ကို ဆက်ဆံသင့်သည်အတိုင်း ဆက်ဆံတတ်၍ ဘုရားသားသမီးဖြစ်သော အကျိုးကျေးဇူးကို ခံစားနိုင်လိမ့်မည်။

**"အိုငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီးပေးလော့။ ငါ၏အထဲမှာ ရှိသမျှတို့၊ သန့်ရှင်းသော နာမတော်ကို ကောင်းကြီးပေးကြလော့။ အိုငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီးပေးလော့။ ကျေးဇူးတော်အပေါင်းကို မမေ့မလျော့နှင့်။ သင်၏အပြစ် အလုံးစုံတို့ကို ဖြေလွှတ်၍၊ သင်၏အနာရောဂါ ရှိသမျှတို့ကိုလည်း ပျောက်စေတော်မူ၏။ သင်၏အသက်ကို ဖျက်ဆီးခြင်းထဲက ရွေး၍ ကျေးဇူးတော်၊ ကရုဏာတော်များနှင့် သင်၏ ခေါင်းကို ပတ်ရစ်တော်မူ၏။ သင့်ကို အသက်ကြီးစဉ်၊ ကောင်းသောအရာနှင့် ရောင့်ရဲစေတော်မူသဖြင့်၊ သင်၏အရွယ်သည် ရွှေလင်းတ၏ အရွယ်ကဲ့သို့ ပြုပြင်ခြင်း ရှိ၏။" (ဆာလံ ၁၀၃း၁-၆) "ထာဝရဘုရားသည် သနားတတ်သောသဘော၊ ကျေးဇူး ပြုတတ်သောသဘော၊ စိတ်ရှည်၍၊ ကရုဏာကြွယ်ဝသောသဘော ရှိတော်မူ၏။ အစဉ်မပြတ် အပြစ်တင်တော်မူသည်မဟုတ်။ အငြိုးကို အမြဲထားတော်မူသည်မဟုတ်။ ငါတို့ပြစ်မှားခြင်းနှင့်အလျောက် ငါတို့၌ ပြုတော်မမူတတ်။ ငါတို့၏ ဒုစရိုက်ရှိသည်အတိုင်း အပြစ်ကို ပေးတော်မမူတတ်။ မြေကြီးပေါ်တွင် ကောင်းကင်အမြင့်ရှိသည်အတိုင်း၊ ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့၌ ကရုဏာတော်သည် အားကြီးပေ၏။ အရှေ့မျက်နှာစွန်းသည် အနောက်မျက်နှာစွန်းနှင့် ဝေးသည်အတိုင်း၊ ငါတို့အပြစ်များကို ငါတို့နှင့် ဝေးစေတော်မူ၏။ အဘသည် သားတို့ကို သနားစုံမက်သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သော သူတို့ကို သနားစုံမက်တော်မူ၏။" (ဆာလံ ၁၀၃း၈-၁၃)**

ဤအရာသည် ခမည်းတော်ကို လှပစွာ ပုံဖော်ပေးနေသည် မဟုတ်ပါလော။ မေတ္တာ၊ ကောင်းမြတ်ခြင်း၊ ကျေးဇူးတော်နှင့် ဘုရားသခင်၏ သနားခြင်းကို ၎င်းက တစေ့တစောင်း ဖော်ပြနေသည်။ ယေရှုခရစ် မမွေးမီ နှစ်ပေါင်းများစွာ ကြိုတင်၍ ဘုရားသခင်ကို ပုံဖော်ပြခဲ့သောလည်း ယေရှုသည် အကောင်းဆုံး ပုံရိပ်ဖြစ်သည်။

**"ထိုသားတော်သည် ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဌာန်ဖြစ်၍၊ တန်ခိုးနှင့် ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသော အရာတို့ကို မစတော်မူသောသူဖြစ်လျက်၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင်အားဖြင့်**

**သုတ်သင်ပယ်ရှင်းပြီးလျှင်၊ မြင့်သောအရပ်မှာ တန်ခိုးအာနုဘော်တော်၏ လက်ျာဘက်၌ ထိုင်တော်မူ၏။" (ဟေဗြဲ ၁း၃) "အကြောင်းမူကား၊ ငါတို့အဘို့ သူငယ်ကို ဘွားမြင်၏။ ငါတို့အား သားကို သနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်း အာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဘွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။" (ဟေရှာယ ၉း၆)**

ယေရှုကိုယ်တိုင်က ဤသို့ပြောခဲ့သည်။

**"ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကိုမသိသေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။ သို့ဖြစ်လျှင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည် အဘယ်သို့ ဆိုရသနည်း။" (ယောဟန် ၁၄း၉)** ဘုရားသခင်သည် မိမိဘာနှင့်တူ၍ ဘာလုပ်ပေးခဲ့သည်ကို ကျွန်ုပ်တို့ အတိအကျသိလျက် သူနှင့်နီးကပ်စွာ ဆက်ဆံစေလိုသည်။ ထိုအခါမှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ဖန်ဆင်းစဉ်က ရည်ရွယ်သကဲ့သို့ အပြည့်အဝဖြစ်နိုင်ပြီး ယခုနှင့် ထာဝရကာလတွင် အသက်တာကို ပြည့်ဝစွာ ခံစားနိုင်ပါသည်။

ယေရှုကပြောသည်မှာ **"ယခုမှစ၍ ငါသည် သင်တို့ကို ကျွန်ဟူ၍မခေါ်။ ကျွန်မူကား၊ ကိုယ်သခင် ပြုသောအမှုကို မသိ။ သင်တို့ကိုအဆွေဟူ၍ ငါခေါ်၏။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံ၌ ကြားသမျှသော အရာတို့ကို သင်တို့အား ငါပြသ၏။" (ယောဟန် ၁၅း၁၅)** ယခုတွင် သင်သည် ယေရှုခရစ်၏ မိတ်ဆွေဖြစ်ပြီး ခမည်းတော်ဘုရားသခင်ထံမှ သင်ယူရသမျှကို သင့်အား သိစေလိုပါသည်။ သင့်အထဲ၌ ကိန်းဝပ်သော ဝိညာဉ်တော်က ခမည်းတော်နှင့် သားတော်ကို သင့်အား ဖွင့်ပြသဖြင့် ကိုယ်တော်အား သင်ရင်းနှီးစွာ သိကျွမ်းနိုင်ပါသည်။ **"ကျမ်းစာလာသည်နှင့်အညီ၊ ဘုရားသခင်ကိုချစ်သောသူတို့အဘို့ အလို့ငှါ၊ ဘုရားသခင် ပြင်ဆင်တော်မူသော အရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်းသေး။ ထိုအရာတို့ကို ဘုရားသခင်သည် မိမိဝိညာဉ်တော်အားဖြင့် ငါတို့အား ဘော်ပြတော်မူ၏။ ဝိညာဉ်တော်သည် ဘုရားသခင်၏ နက်နဲသော အရာတိုင်အောင် ခပ်သိမ်းသော အရာတို့ကို စစ်တော်မူ၏။ လူ၏နက်နဲသော အရာကို လူ၌ရှိသော မိမိစိတ်ဝိညာဉ်မှတပါး အဘယ်သူ သိသနည်း။ ထိုနည်းတူ ဘုရားသခင်၏ နက်နဲသောအရာကို ဘုရားသခင်၏ ဝိညာဉ်တော်မှတပါး အဘယ်သူမျှမသိ။" (၁ကော ၂း၉-၁၁)**

ဤနှုတ်ကပတ်တော်မှ သိရသည်မှာ ကျွန်ုပ်တို့သည် သဘာဝ အာရုံအားဖြင့် မဟုတ်ဘဲ ဝိညာဉ်တော်၏ ဖွင့်ပြခြင်းအားဖြင့်သာ ဘုရားသခင်ကို သိကျွမ်းနိုင်ပါသည်။ ကျွန်ုပ်တို့အတွက် ပြင်ဆင်၍ အခမဲ့ပေးထားသောအရာကို သိစေလိုပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား သူ့ကိုသိကျွမ်းစေလို၍ ကောင်းကြီးခံစားစေလိုပါသည်။

**"မိမိသားတော်ရင်းကို မနှမြောဘဲ၊ ငါတို့ရှိသမျှအဘို့အလို့ငှါ စွန့်တော်မူသောသူသည်၊ သားတော်နှင့်တကွ ခပ်သိမ်းသော အရာတို့ကို ငါတို့အား မပေးဘဲ အဘယ်သို့နေတော်မူမည်နည်း။" (ရောမ ၈း၃၂) "ထာဝရအရှင် ဘုရားသခင်သည် နေလည်းဖြစ်တော်မူ၏။ အကွယ်အကာလည်း ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ကျေးဇူးတော်နှင့် ဘုန်းအသရေကို ပေးတော်မူ၏။ ဖြောင့်မတ်စွာ ကျင့်သောသူတို့အား ကောင်းသောအရာကို ငြင်းတော်မမူ။" (ဆာလံ ၈၄း၁၁) "ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှ တို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက်သည်ဖြစ်၍၊ အထက်အရပ်မှ လာကြ၏။ ထိုအဘသည် ရွေ့လျော့ တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်း အရိပ်နှင့် ကင်းလွတ်တော်မူ၏။" (ယာကုပ် ၁း၁၇)**

ထိုကြောင့်ဘုရားသခင်သည် ကျွန်ုပ်တို့ကောင်းကျိုးကိုသာ လိုလားကြောင်း သိရပါသည်။ ယေရှုခရစ်သည် ရိုက်နှက်ခြင်း ခံရ၍ ကျွန်ုပ်တို့ကိုယ်စား အသေခံလျက် ကျွန်ုပ်တို့အား အပြစ်၊ ဖျားနာခြင်း၊ နာကျင်ခြင်းနှင့် မာရ်နတ်၏ အမှုများ အားလုံးမှ ကယ်လွှတ်ခဲ့သည်။ ယခုတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ယေရှုခရစ် ရွေးဝယ်ပေးခဲ့သည်။ ကောင်းသော ဆုကျေးဇူးနှင့် ကောင်းကြီးအားလုံးကို ရရှိခံစားစေလိုပါသည်။

သင်သည် ကျန်းမာ၍ အရာရာ၌ ကောင်းစားခြင်းရှိရန် ဘုရားသခင်၏ အလိုတော်ဖြစ်ကြောင်းကို သဘောပေါက်သင့်ပါသည်။

**"အချင်းချစ်သူ၊ သင်၏ စိတ်နှလုံးသည် ကောင်းစားသကဲ့သို့၊ သင်သည် အရာရာ၌ ကောင်းစားခြင်းနှင့် ကျန်းမာခြင်းရှိမည်အကြောင်း ငါဆုတောင်း၏။" (၃ယော ၁း၂)** ဤအရာသည် ကျမ်းစာ ရှင်းလင်းစွာ သွန်သင်ပြီး ယေရှုခရစ်က လူအားလုံးကို မြေကြီးပေါ်တွင် အသက်ရှင်စဉ်က လက်တွေ့ပြသခဲ့သောအရာ ဖြစ်သည်။ **"ထိုအကြောင်းအရာဟူမူကား၊ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်၎င်း၊ တန်ခိုးတော်နှင့်၎င်း၊ နာဇရက်မြို့သားယေရှုကို ဘိသိက်ပေးတော်မူသဖြင့်၊ ထိုသူသည် ဘုရားသခင်၏ အခွင့်တော်နှင့် ကျေးဇူးပြုလျက်၊ မာရ်နတ် ညှဉ်းဆဲသော သူအပေါင်းတို့အား ချမ်းသာကိုပေးလျက် လှည့်လည်တော်မူ၏။" (တမန်တော် ၁၀း၃၈)**

## ( ၁၄ )

ယေရှုသည် နာသူကို ကျန်းမာစေ၍ မျက်စိကန်းသူကို မြင်စေကာ နားပင်းသူကို ကြားစေပြီး ဆွံ့အသူကို စကားပြောစေသည်။ နတ်ဆိုးကို နှင်ထုတ်၍ သေသူကို ထမြောက်စေကာ နူနာကို သန့်ရှင်စေ၍ ခြေဆွံ့သူ လမ်းလျှောက်စေသည်။ ယုံကြည်ခြင်းဖြင့် အထံတော်သို့ လာသောသူများကို ကျန်းမာစေသည်။ ယုံကြည်သူအားလုံးကို အပြစ်မှလွှတ်ပေးသည်။ ယေရှုခရစ်သည် အပြစ်သားကို ကယ်တင်၍ မာရ်နတ်အမှုကို ဖျက်ဆီးရန် ဤလောကသို့ ကြွဆင်းလာသည်။ **"မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ ဒုစရိုက်ကို ပြုသောသူ ဖြစ်သောကြောင့်၊ အကြင်သူသည် ဒုစရိုက်ကိုပြု၏။ ထိုသူသည် မာရ်နတ်နှင့် ဆိုင်၏။ မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှါ ဘုရားသခင်၏ သားတော်သည် ထင်ရှား ပေါ်တွန်းတော်မူ၏။" (၁ယော ၃း၈)**

ယေရှုသည် မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းလဲ အသက်ရှင်တော်မူသည်။ **"ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲမပြောင်းမလဲ နေတော်မူ၏"** (ဟေဗြဲ ၁၃း၈) နှစ် ၂၀၀၀ ကျော်က ပြုလုပ်ခဲ့သော နိမိတ်လက္ခဏာကို ယနေ့ ပြုလုပ်နေသေးသည်။ ယေရှုသည် အစဉ်သနား၊ ကရုဏာရှိ၍ လိုအပ်ချက်ကို ပြည့်ဝစေတတ်သည်။ လိုအပ်နေသော လူထောင်ကျော်အတွက် နိမိတ်လက္ခဏာဖြင့် အစာအစားကို ပြင်ဆင်ပေးခဲ့သည်။ လူတို့ကို ချစ်၍ ဂရုစိုက်သည်။

ခမည်းတော်ဘုရားသခင်ထံမှ မည်သည့်အရာကို မျော်လင့်ရမည်ကိုသိရန် လိုအပ်ပါသည်။ **"သင်တို့သည် လောကီပုံသဏ္ဍာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာ တည်းဟူသော ဘုရားသခင် အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။" (ရောမ ၁၂း၂)** ဘုရားသခင်၏ အလိုတော်သည် ကောင်း၍ နှစ်သက်ဖွယ်ဖြစ်ကာ စုံလင်ပါသည်။

နှုတ်ကပတ်တော်နှင့်မညီဘဲ မာရ်နတ်နှင့် အခြားသူများ ပြောသောစကားကို မယုံပါနှင့်။ ယေရှုကို စေ့စေ့ကြည့်ရှုသောအခါ သင်၏နှလုံး အသစ်ပြုပြင်ခံရလိမ့်မည်။ ယေရှုသည် လိုလားသူတို့အတွက် ကောင်းသောအမှုကိုသာ ပြုပေးပါသည်။ ယေရှုသည် ခမည်းတော်ဘုရားသခင်၏ အလိုတော်ကိုသာ ဆောင်လေ့ရှိပါသည်။

ဘုရားသခင်၏ အလိုတော်မှာ ကောင်းကြီးခံစား၍ အမှန်တကယ်ပျော်ရွှင်ပြီး ကျန်းမာကာ အရာရာ၌ ကောင်းစားရန် ခွင့်လွှတ်ခြင်းရ၍ မာရ်နတ်၏လုပ်ရပ်များမှ လွတ်မြောက်စေရန်ဖြစ်ကြောင်းကို သင်သိရပါမည်။ နှုတ်ကပတ်တော်ကပြော၍ ယေရှုက မြေကြီးပေါ်တွင် အလိုတော်ကို လက်တွေ့သရုပ်ပြခဲ့သောကြောင့်ဖြစ်သည်။

အခန်း(၃) တွင် ခံယူခဲ့သောအရာများကို ကျေးဇူးတော်ချီးမွမ်း ဆုတောင်းခြင်းဖြင့် အဆုံးသတ်သင့်ပါသည်။

ကောင်းကင်ဘုံရှင်အဖ

ကိုယ်တော်၏အဖြစ်တော်နှင့် ကိုယ်တော်မပြောင်းလဲခြင်း၊ မုသာမပြောခြင်းအပေါ် စိတ်ချရသောကြောင့် ကျေးဇူးတင်ပါသည်။ စစ်မှန်သောပျော်ရွှင်ခြင်းကို ရစေရန် အလိုတော်ရှိသောကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်အတွက် ကောင်းကျိုးကိုသာ လိုလားပါသည်။

သမ္မာတရားကို သွန်သင်ပြသ၍ ယေရှုကိုဖွင့်ပြသော ဝိညာဉ်တော်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်အတွက် ပြင်ဆင်ထားသော အရာများကိုလည်း ဖွင့်ပြ၍ ကိုယ်တော်အကြောင်းကို သိစေလိုပြီး လျှို့ဝှက်၍မထားသောကြောင့် ကျေးဇူးတင်ပါသည်။

ယေရှုဘုရား ကျွန်ုပ်ကို မိတ်ဆွေအဖြစ် သတ်မှတ်၍ အရာခပ်သိမ်းကို ဝေမျှသဖြင့် ကိုယ်တော်ကို ရင်းနှီးစွာ သိကျွမ်းဆက်ဆံခွင့်ရသောကြောင့် ကျေးဇူးတင်ပါသည်။

ကျွန်ုပ်သည် ခရစ်တော်၌ သူငယ်သာဖြစ်ကြောင်း ယေရှုကို စေ့စေ့မျှော်ကြည့်လျက် ကိုယ်တော်၌ ခိုင်ခံ့အောင် ကြီးထွားလိုပါသည်။ ခရစ်ယာန်အဖြစ် အသက်တာအသစ်ကို လျှောက်လှမ်းရာတွင် ကိုယ်တော်ပြင်ဆင်ထားနှင့်သော ကောင်းသောအရာမှန်သမျှကို တွေ့ရှိရမည်ဖြစ်သောကြောင့် ကျေးဇူးတင်ပါသည်။

ကိုယ်တော်အတွက် ကျွန်ုပ်တန်ဖိုးရှိကြောင်းကို ဖော်ပြသောကြောင့် ကျေးဇူးတင်ပါသည်။ တခြားအရာကို သူတပါးပြောရန် ကျွန်ုပ်လက်မခံပါ။ ကျွန်ုပ်သည် ဘုရားသခင်၏ သားသမီးဖြစ်ပြီး ကိုယ်တော်ပိုင်ဆိုင်သမျှကို အမွေခံရပါသည်။ ကျွန်ုပ်၏ လိုအပ်ချက်များ အားလုံးကို ကိုယ်တော်ပြည့်ဝစေပါသည်။ ကျွန်ုပ်သည် ကောင်းစား၍ ကျန်းမာပြီး ကျွန်ုပ်၏ စိတ်နှလုံးသည်လည်း ကောင်းစားပါသည်။ ဤအရာအားလုံးသည် ယေရှုကြောင့်နှင့် ကိုယ်တော်နှင့် ကျွန်ုပ် ထပ်တူပြုသောကြောင့်ဖြစ်သည်။ ကိုယ်တော်၏ မေတ္တာသည် ကျွန်ုပ်စိတ်ကူးရဲသည်ထက် ကျော်လွန်သွားပါသည်။

မြေကြီးပေါ်တွင် ကိုယ်တော်လုပ်ဆောင်သမျှသည် ကျွန်ုပ်နှင့် ကျွန်ုပ်ကဲ့သို့သော လူများအတွက် ဖြစ်သောကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော်သည် အစေခံရန်နှင့် ကျွန်ုပ်အတွက် မိမိကိုယ်ကို အပ်ပေးရန် လာသောကြောင့် ကျေးဇူးတင်ပါသည်။ ကျန်းမာစေ၍ ကယ်တင်ရာတွင် ခမည်းတော်ကို ဖွင့်ပြလျက် ကျွန်ုပ်အတွက်လည်း ထို့အတူပြုသောကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော်ကို ချစ်ပါသည်။

ယေရှုနာမ၌ ဆုတောင်းပါသည်။ အာမင်။

## စစ်မှန်သော ပျော်ရွှင်ခြင်းသည် သင့်အထဲ၌ရှိသော ယေရှုဖြစ်သည်၊

## အခန်း (၄)

စစ်မှန်သောပျော်ရွှင်ခြင်းဆိုသည်မှာ သင့်အထဲ၌ရှိသောယေရှုဖြစ်သည်။ သင့်အထဲ၌ ရှိသောယေရှုသည် အမှန်တကယ်ပျော်ရွှင်ရန် လိုအပ်သည့် အရာခပ်သိမ်းနှင့် လူတိုင်းပင်ဖြစ်သည်။

သင်သည် ယေရှုကို ကယ်တင်ရှင်နှင့် အရှင်သခင်အဖြစ် ကိုးစားရန် လိုလားပါသည်။ ယခုတွင် သင့်အသက်တာ၏ ကဏ္ဍအားလုံး၌ ကိုယ်တော်အား မည်သို့ကိုးစားရမည်ကို သင်ယူရပါမည်။

ယေရှုကို ပြည့်ဝစွာတွေ့ရှိခြင်းမှာ အသက်တာလိုအပ်သော်လည်း အခန်း (၄) တွင် ယေရှုခရစ်၏ အခြေခံအရည်အချင်းများကို တွေ့ရှိပြီး ကိုယ်တော်အထဲ၌ သင်ပြည့်စုံကြောင်းကို တွေ့ရှိရလိမ့်မည်။

ဘုရားသခင်၏ ပြည့်စုံခြင်းအပေါင်းသည် ယေရှုအထဲ၌ ကိုယ်ထင်ရှားကျိန်းဝပ်၍ ကိုယ်တော်အထဲ၌ စုံလင်ကြောင်း တွေ့ရလိမ့်မည်။ တနည်းအားဖြင့် ပြောရလျှင် သင်သည် ဘာမျှ မချို့တဲ့ဘဲ သင်လိုအပ်သမျှကို ခရစ်တော်အထဲ၌ တွေ့ရလိမ့်မည်။ ဤအရာသည် နှုတ်ကပတ်တော်ထဲမှ အံ့သြဖွယ်သမ္မာတရားဖြစ်သည်။ သင်လိုအပ်သည့်အရာနှင့် လူမှန်သမျှသည် သင့်အထဲ၌ ရှိသည်ကို စိတ်ကူးကြည့်ပါ။

စစ်မှန်သောပျော်ရွှင်ခြင်းဆိုသည်မှာ သင့်အထဲ၌ရှိသော ယေရှုဖြစ်သည်။

ယေရှုခရစ်သင့်အထဲ၌ရှိပြီး သင်သည်လည်း ကိုယ်တော်အထဲ၌ ရှိသည်။ ကျမ်းစာက ဤသို့ပြောသည်။ **"အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်း အပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။ အထွဋ်အမြတ် အာဏာစက်ရှိသမျှကို အုပ်စိုးတော်မူသော ထိုသခင်၌ သင်တို့သည် စုံလင်ခြင်း ရှိကြ၏" (ကောလောသဲ ၂း၉-၁၀)** တနည်းအားဖြင့်ပြောရလျှင် သင်မှာ ဘာမျှ မချို့တဲ့ပါ။ ယခုတွင် သင်သည် နဂိုမူလက သင့်ကိုဖန်ဆင်းခဲ့သည့်အတိုင်း အရာရာ၌ ဖြစ်နေသည်။

ဤပြည့်စုံခြင်းသည် ယေရှုအထဲ၌ရှိသည်။ သင်သည် ကိုယ်တော်အထဲ၌ရှိပြီး ကိုယ်တော်သည် သင့်အထဲ၌ရှိသောကြောင့် သင့်မှာ ဘာမျှမချို့တဲ့ပါ။ သင်လိုအပ်သမျှသည် ခရစ်တော်ထဲ၌ ပြည့်ဝပြီ၊ ဘုန်းအသရေကို မြော်လင့်ခြင်းအကြောင်းဖြစ်သော ခရစ်တော်သည် သင်၏အထဲ၌ ရှိသည်။

အောက်ပါကျမ်းပိုဒ်ကိုဖတ်၍ ဆင်ခြင်အောက်မေ့ပါ။ သင်မည်မျှ ကောင်းကြီးခံစားသည်ကို သဘောပေါက်ပါလိမ့်မည်။

**"ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ။ စိမ်းလန်းသော ကျက်စားရာ အရပ်၌ ငါ့ကို အိပ်စေတော်မူ၏။ သာယာသော မြစ်နားသို့ လမ်းပြတော်မူ၏။ ငါ့ဝိညာဉ်ကို အားဖြည့်၍၊ နာမတော် အဘို့အလိုငှါ တရားလမ်းထဲ၌ သွေးဆောင်တော်မူ၏။ အကယ်၍ သေမင်း၏အရိပ် လွှမ်းမိုးသော ချိုင့်ထဲသို့ ရှောက်သွားရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ပါ။ အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူ ရှိတော်မူသည်ဖြစ်၍၊ လှံတံတော်နှင့် တောင်းဝေးတော်သည် အကျွန်ုပ်ကို ချမ်းသာစေပါ၏။ အကျွန်ုပ်၏ ရန်သူတို့ရှေ့မှာ အကျွန်ုပ်အဘို့ စားပွဲကို ခင်းတော်မူ၏။ အကျွန်ုပ် ခေါင်းကို ဆီနှင့် လိမ်းတော်မူ၏။ အကျွန်ုပ် ခွက်ဖလားသည် လျှံလျက်ရှိပါ၏။ အကယ်စင်စစ် အကျွန်ုပ်သည် ကျေးဇူးနှင့် ကရုဏာကို တသက်လုံး ခံစား၍၊ ထာဝရဘုရား၏ အိမ်တော်မှာ အစဉ်အမြဲ နေရပါလိမ့်မည်။**

**(ဆာလံ ၂၃း၁-၆)**

ဤနေရာတွင် ယေရှုကို သိုးထိန်းအဖြစ်၊ သင့်ကိုသိုးအဖြစ် ဖွင့်ပြထားသည်။ ယခင်အခန်း၌သင့်ကို ဘုရားသားသမီးအဖြစ် ဖော်ပြထားသည်။ ဤအခန်းတွင်မူ သင်နှင့်ခရစ်တော်ဆက်ဆံရေးကို အခြားနည်းလမ်းများဖြင့် ဖော်ပြပါမည်။

ဤကျမ်းပိုဒ်များကို ထပ်တလဲလဲဖတ်ရှုလျက် ဝိညာဉ်တော်ကသင့်အတွက် စစ်မှန်သောအရာဖြစ်စေရန် ခွင့်ပြုပါ။ ဘုရားသခင်သည် နှုတ်ကပတ်တော်အားဖြင့် သင်၏ အတွင်းဆုံးအပိုင်းကို တို့ထိလိုပါသည်။ သင်စိတ်ကူးနိုင်သည်ထက် သင့်အား ကောင်းကြီးပေးနိုင်ရန် ကိုယ်တော်သည် သင့်အတွက် စစ်မှန်ကြောင်း ဖော်ပြလိုပါသည်။

**"ဘုရားသခင်၏ နှုတ်ကပတ် တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်ပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ်ကိုဎင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုဎင်း ပိုင်းခြား၍ ထုတ်ချင်း ခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။ ငါတို့ကို စစ်ကြောစီရင်တော်မူသော သူရှေ့၌ မထင်ရှားသောအရာ တစုံတခုမျှမရှိ။ ခပ်သိမ်းသော အရာတို့သည် အကွယ်အကာမရှိဘဲ၊ မျက်မှောက်တော်၌ လှန်ထားလျက်ရှိကြ၏။"** (ဟေဗြဲ ၄း၁၂-၁၃)

နှုတ်ကပတ်တော်ကို သင်ဆင်ခြင်၍ ကိုယ်တော်၏ကောင်းမြတ်ခြင်းနှင့် မေတ္တာကိုဖွင့်ပြခြင်း ခံရသောအခါ ဝိညာဉ်တော်က သင့်အားနက်ရှိုင်းစွာတို့ထိလျက် ပြောင်းလဲပေးပြီး သင်စိတ်နှလုံးကို ကျယ်ပြန့်စေသဖြင့် ခရစ်တော်၏မေတ္တာကို သင်ပို၍ ခံစားလာလိမ့်မည်။

ယေရှုသည် သင်၏သိုးထိန်းဖြစ်သည်။ ကိုယ်တော်သည် သင့်အားလမ်းပြ၍၊ ထောက်ပံ့ပြီး နှစ်သိမ့်၍ ကောင်းကြီးပေးလိမ့်မည်။ သင့်မှာ ချို့တဲ့မှု ရှိမည်မဟုတ်ပါ။ ကောင်းသောသိုးထိန်းသည် သင့်ကို အသက်လမ်းသို့ပို့ဆောင်၍ ဘေးဥပဒ်အားလုံးမှ ကွယ်ကာလိမ့်မည်။ သင့်မှာကြောက်ရွံ့စိုးရိမ်စရာအကြောင်းမရှိပါ။ သင်၏ သိုးထိန်းသည် သင်လိုအပ်သမျှကို ပြည့်ဝစေလျှက် ကွယ်ကာပြီး ငြိမ်သက်ဝမ်းမြောက်ခြင်းကို ပေးလိမ့်မည်။

**"ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင်၊ သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။" (သုတ္တံ ၃း၅-၆) "လူထင်သည်အတိုင်း မှန်သော လက္ခဏာရှိသော်လည်း၊ အဆုံး၌ သေခြင်းသို့ ပို့သောလမ်းတမျိုးရှိ၏။" (သုတ္တံ ၁၄း၁၂) "ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။" (ယောဟန် ၁၄း၆)** ကိုယ်တော်သည် သင့်ကို လမ်းမလွှဲစေပါ။

**"အားယူ၍ ရဲရင့်ခြင်း ရှိကြလော့။ မစိုးရိမ်ကြနှင့်။ သူတို့ကို မကြောက်ကြနှင့်။ ထာဝရဘုရားသည် သင်တို့ဘုရားသခင်ဖြစ်၍ သင်တို့နှင့်အတူ ကိုယ်တိုင် ကြွတော်မူမည်။ သင်တို့ကို စွန့်တော်မမူ၊ ပစ်ထားတော်မမူဟု ဟောပြော၏။" (တရားဟောရာကျမ်း ၃၁း၆) "ထိုသိုးတို့ကို ငါ၌အပ်ပေးတော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်းသော သူတို့ထက် ကြီးမြတ်တော်မူသည်ဖြစ်၍၊ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့ခမည်းတော်၏လက်မှ မနှုတ်မယူနိုင်ရာ။" (ယောဟန် ၁၀း၂၉) "အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည်၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ခံရသော ဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့ကို မကွာစေနိုင်ဟု ငါသည် သဘောကျလျက်ရှိ၏။" (ရောမ ၈း၃၈-၃၉)**

သင်သည် ယေရှု၌ လုံခြုံမှု ရှိပါသည်။ အောက်ပါကျမ်းပိုဒ်ကို ဖတ်ရှုလျက် ဆင်ခြင် အောက်မေ့ပါ။

**"အမြင့်ဆုံးသော ဘုရား၏ ကွယ်ကာရာ ဌာနတော်၌ နေသောသူသည် အနန္တတန်ခိုးရှင်၏ အရိပ်ကို ခိုရလိမ့်မည်။ ထာဝရဘုရားသည် ငါခိုလှုံရာ၊ ငါ၏ရဲတိုက်၊ ငါကိုးစားသော ဘုရားသခင် ဖြစ်တော်မူသည်ဟု ငါပြောဆို၏။**

**အကယ်စင်စစ် မုဆိုး၏ ကျော့ကွင်းနှင့်၎င်း၊ သေတတ်သော အနာနှင့်၎င်း၊ သင့်ကို ကင်းလွတ်စေတော်မူမည်။ အတောင်တော် အမွေးနှင့် ဖုံးအုပ်တော်မူ၍၊ အတောင်တော်အောက်၌ သင်သည် လုံခြုံစွာနေရလိမ့်မည်။ သစ္စာတော်သည် သင်၏ဒိုင်းလွှားဖြစ်လိမ့်မည်။ ညဉ့်အခါ ဖြစ်တတ်သော ဘေးကို၎င်း၊ နေ့အချိန်၌ ပစ်သောမြှားကို၎င်း၊ မှောင်မိုက်ထဲမှာ လည်တတ်သော ကာလနာကို၎င်း၊ မွန်းတည့် အချိန်၌ ဖျက်ဆီးတတ်သော ဥပဒ်ကို၎င်း၊ သင်သည် မကြောက်ရ။ သင်၏အနားမှာ လူတထောင်၊ သင်၏ လက်ျာဘက်မှာ လူတသောင်း လဲသော်လည်း၊ သင့်ကို မထိမခိုက်ရ။ သင်သည် ကိုယ်မျက်စိနှင့် ကြည့်၍၊ မတရားသော သူတို့၌ ရောက်ရသော အပြစ်ကို မြင်ရုံမျှသာ ရှိလိမ့်မည်။ ထာဝရဘုရားသည် ငါခိုလှုံရာဖြစ်တော်မူ၏ဟု သင်သည်ဆို၍၊ အမြင့်ဆုံးသောဘုရား၌ နေရာကျသောကြောင့်၊ သင်၌ မကောင်းသော အနိဋ္ဌရုပ် မကပ်မရောက်။ သင့်နေရာသို့ ဘေးဥပဒ် မချဉ်းရ။ သွားလေရာရာ၌ သင့်ကို စောင့်ရှောက်စေခြင်းငှါ၊ ကောင်းကင်တမန်တို့အား သင့်အဘို့ မှာထားတော် မူသည်ဖြစ်၍၊ သင်၏ခြေကို ကျောက်နှင့် မထိမခိုက်စေခြင်းငှါ၊ သူတို့သည် သင့်ကို လက်နှင့် မစချီပင့် ကြလိမ့်မည်။ သင်သည် ခြင်္သေ့နှင့် မြွေဆိုးအပေါ်မှာ ကျော်သွား၍၊ ခြင်္သေ့ပျိုနှင့် နဂါးတို့ကို ခြေဖြင့် နင်းလိမ့်မည်။**

**သူသည် ငါ့ကိုချစ်သောကြောင့်၊ သူ့ကိုငါကယ်နှုတ်မည်။ ငါ၏နာမကို သိသောကြောင့်၊ သူ့ကိုငါချီးမြှောက်မည်။ သူသည် ငါ့ကိုခေါ်သောအခါ ငါထူးမည်။ ဒုက္ခခံရသောအခါ သူ့ဘက်မှာ ငါနေ၍ ချမ်းသာပေးမည်။ သူ၏ဘုန်းကိုလည်း ထင်ရှားစေမည်။ ရှည်သောအသက်နှင့် သူ့ကို ရောင့်ရဲစေ၍၊ ငါ၏ ကယ်တင်ခြင်း ကျေးဇူးကို သူ့အားပြမည်။" (ဆာလံ ၉၁း၁-၁၆)**

ဤအရာသည် သားတော်ယေရှုခရစ်အားဖြင့် ဖန်ဆင်းရှင်နှင့် သင်၏ ဆက်ဆံရေး ဖြစ်သည်။ ဘုရားသခင်သည် သင့်ကိုအလွန်ဂရုစိုက်ပါသည်။ အဆိုပါကျမ်းစာကို ပြန်ဖတ်လျက် စဉ်းစားဆင်ခြင်ပါ။ ကျမ်းစာသည် ယုံကြည်သူများအတွက် ဘုရားသခင်ရေးသော မေတ္တာစာဖြစ်သည်။

ယေရှုကဲ့သို့ သင့်ကို ချစ်သောသူမရှိပါ။

**"အထက်ဆိုခဲ့ပြီးသောအကြောင်းကြောင့်၊ ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသော တအိမ်ထောင်လုံးတည်းဟူသော သားတော်အပေါင်းတို့၏ အချုပ်အခြာ ဖြစ်တော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ရှေ့မှာ ငါသည် ဒူးထောက်၍ ဆုတောင်းလေ့ရှိ၏။ ဆုတောင်းသောအချက်ဟူမူကား၊ ဝိညာဉ်တော်အားဖြင့် သင်တို့၏ အတွင်းလူကို ခွန်အားနှင့် မြဲမြံခိုင်ခံ့စေ၍၊ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏ စိတ်နှလုံးအထဲ၌ ကျိန်းဝပ်တော်မူမည်အကြောင်း၊ ဘုန်းတော် ကြွယ်ဝပြည့်စုံခြင်းနှင့် ညီလျော်စွာ သင်တို့အားပေးသနားတော်မူ၍၊ မေတ္တာ၌ စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်း ကျတည်ခြင်းရှိသဖြင့်၊ သင်တို့သည် သန့်ရှင်းသူ အပေါင်းတို့၏နည်းတူ၊ အနံအလျား အနက်အမြင့်တို့ကို ပိုင်းခြား၍ သိခြင်းငှါရင်း၊ ကိုယ်ဉာဏ်နှင့် မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကို သိနားလည်ခြင်းငှါရင်း၊ သင်တို့သည် တတ်စွမ်း နိုင်သဖြင့် ဘုရားသခင်၏ ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်အကြောင်း၊ ငါသည် ဆုတောင်းလေ့ရှိ၏။ ငါတို့၌ ပြုပြင်သော တန်ခိုးတော်အတိုင်း၊ ငါတို့ တောင်းပန် ကြံစည်သမျှထက် အလွန်ထူးခြားစွာ ပြုခြင်းငှါ တတ်နိုင်တော်မူသော ဘုရားသခင်သည်၊ ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော် မူစေသတည်း" (ဧဖက် ၃း၁၄-၂၁)**

သင်သည် ဘုရားသခင်၏ မေတ္တာတော်၊ ကြွယ်ဝခြင်း၊ သနားခြင်း၊ ကောင်းမြတ်ခြင်း၊ ကျေးဇူးတော်၊ ခွင့်လွှတ်ခြင်းတန်ခိုးတော်၊ ငြိမ်သက်ခြင်းတို့ကို မကုန်ခမ်းစေနိုင်ပါ။ ဘုရားပိုင်သမျှသည် သင့်အတွက် ဖြစ်သည်။

ဘုရားသခင်ပိုင်သမျှနှင့် ဘုရားသခင်အားဖြင့်ရှိသမျှတို့သည် သင့်အထဲ၌ ကျိန်းဝပ်သော ခရစ်တော်အထဲတွင်ရှိသည့် **ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းမလဲပါ။** (ဟေဗြဲ ၁၃း၈) ကိုယ်တော်သည် အသက်ရှင်နေပြီး ယုံကြည်သောသူများအတွက် ယခင် နှစ်၂၀၀၀က နည်းတူပင် လုပ်ဆောင်ပေးနေပါသည်။

ယေရှုသည် အပြစ်သားကို ကယ်တင်ရန် လောကသို့ ကြွလာသည်။ ပျောက်သောသူကို ရှာ၍ ကယ်တင်ရန် ကြွလာသည်။ **"ထိုအကြောင်းအရာဟူမူကား၊ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ငှင်း၊ တန်ခိုးတော်နှင့်ငှင်း၊ နာဇရက်မြို့သားယေရှုကို ဘိသိက်ပေးတော်မူသဖြင့်၊ ထိုသူသည် ဘုရားသခင်၏ အခွင့်တော်နှင့် ကျေးဇူးပြုလျက်၊ မာရ်နတ် ညှဉ်းဆဲသော သူအပေါင်း တို့အား ချမ်းသာကိုပေးလျက် လှည့်လည်တော်မူ၏" (တမန်တော် ၁၀း၃၈)** အပြစ်ကြောင့် လူသားတို့ ခံရသော ကျိန်းခြင်းကို ပြောင်းပြန်လှဲ၍ ပြန်လည်ထူထောင်ခြင်းနှင့် ရန်ငြိမ်းခြင်းကို ယူဆောင်ပေးသည်။ ထာဝရအသက်ကို ပေးသည်။

ထာဝရအသက်ဆိုသည်မှာ ယခုနှင့် ဤနေရာတွင်လည်း ခံစားရမည့်အရာ ဖြစ်သည်။ ဘုရားသခင်သည် အပြစ်၏ဒဏ်နှင့် စာတန်၏ ပရိယာယ်များကြောင့် ချုပ်နှောင်ခြင်း မခံစားစေလိုပါ။ ယေရှုခရစ်သည် နာသူကို ကျန်းမာစေလျက်၊ အပြစ်သားကို ခွင့်လွှတ်ပြီး နတ်ဆိုးကို နှင်ထုတ်၍ မွတ်သိပ်သူကို ကျွေးမွေးသောအခါ ထိုဘက်ကို ရှင်းလင်းစေခဲ့ပါသည်။ ယနေ့တွင်လည်း သင်နှင့်ကျွန်ုပ်အတွက် ကိုယ်တော်လုပ်ပေးပါလိမ့်မည်။

**"ထိုနောက်မှ ယေရှုသည် ပေတရုအိမ်သို့ကြွ၍ ပေတရု၏ ယောက္ခမသည် ဖျားနာစွဲလျက် တုံးလုံးနေသည်ကို တွေ့မြင်တော်မူ၏။ ထိုမိန်းမ၏လက်ကို တို့တော်မူလျှင် သူသည် အဖျားပျောက်သဖြင့်ထ၍ ဧည့်သည်ဝတ်ကိုပြုလေ၏။**

**ညဦးယံ၌ နတ်ဆိုးစွဲသောသူအများတို့ကို အထံတော်သို့ဆောင်ခဲ့၍ နှုတ်တော်မြွက်ကာမျှနှင့် ထိုနတ်တို့ကို နှင်ထုတ်မူ၏။ နာသောသူရှိသမျှတို့ကို သက်သာ စေတော်မူ၏။ ထိုအကြောင်းအရာမူကား၊ သူသည် အကျွန်ုပ်တို့ အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေသည်ဟု ပရောဖက်ဟေရှာယ ဟောဘူးသောစကား ပြည့်စုံမည် အကြောင်း ဖြစ်သတည်း။" (မဿဲ ၈း၁၄-၁၇)**

ယေရှုမမွေးမီ ရာစုနှစ်များစွာအရင်က ထိုသို့ရေးသားထားသည်။ **"သို့သော်လည်း၊ ထိုသူသည် ငါတို့အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုငှင်း၊ ဘုရားသခင် ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုငှင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့ လွန်ကျူးခြင်း အပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက် ရှိကြ၏။ ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏ အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏" (ဟေရှာယ ၅၃း၄-၆)**

ယေရှု အသေခံပြီးနောက်ပိုင်း နှစ်များတွင် ဤသို့ ရေးသားထားသည်။ **"ငါတို့သည် အပြစ်နှင့်ဆိုင်သော အရာ၌အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည် အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက် ရှိကြ၏။။ သင်တို့သည် အထက်က လမ်းလွဲ၍ ပျောက်သော သိုးကဲ့သို့ ဖြစ်ကြ၏။ ယခုမူကား၊ သိုးထိန်းတည်းဟူသော သင်တို့၏ ဝိညာဉ်တို့ကို အုပ်စိုးကြည့်ရှုတော်မူသော အရှင်ထံသို့ ပြန်ရောက်ကြပြီ။"**

**(၁ပေ ၂း၂၄-၂၅) "အချင်းချစ်သူ၊ သင်၏စိတ်နှလုံးသည် ကောင်းစားသကဲ့သို့၊ သင်သည် အရာရာ၌ ကောင်းစားခြင်းနှင့် ကျန်းမာခြင်းရှိမည်အကြောင်း ငါဆုတောင်း၏။"**

**(၃ယော ၁း၂)**

ဘုရားသခင်သည် သင့်အပြစ်ကို ခွင့်လွှတ်၍ ကိုယ်ခန္ဓာအတွက် အနာငြိမ်းခြင်းကို ယေရှုခရစ်အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်းနှင့် ထမြောက်ခြင်းအားဖြင့် ပေးပါသည်။ ကျန်းမာ၍ အပြစ်နှင့် မာရ်နတ်၏ ချုပ်နှောင်ခြင်းမှ လွတ်မြောက်စေရန် ခရစ်တော် ရွေးဝယ်ပေးပြီး ဖြစ်သည်။

ယေရှုသည် သင့်အသက်ကိုရ၍ အသက်နှင့် ပြည့်စုံစေရန် လာပါသည်။ ခမည်းတော်ဘုရားသည် သင့်အား ပြည့်ဝစုံလင်သော အသက်တာဖြင့် အသက်ရှင်စေလိုပါသည်။ ဘုရားသခင် သင့်အတွက် တောင့်တသောအရာကို သင်လည်း တောင့်တနိုင်ပြီး ထိုအရာကို ဘုရားသခင်က ပြည့်စုံစေနိုင်ရန်အတွက် ဝိညာဉ်တော်နှင့် ပူးပေါင်းလုပ်ဆောင်ပါ။

စာတန်နှင့်သူ၏ ပရိယာယ်များကို ဆီးတားရန် ဆုံးဖြတ်လျက် နှုတ်ကပတ်တော်ကို အသုံးပြုပြီး သူကို အနိုင်ယူရမည်။ သင့်အသက်တာအတွက် သူ၏အလိုနှင့် ဘုရားသခင်၏ အလိုတော်ကို ပိုင်းခြားတတ်ရမည်။

**"ထိုကြောင့်၊ ဘုရားသခင်၏ အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင်၊ သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်။ ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ အပြစ်ရှိသောသူတို့၊ သင်တို့လက်ကို စင်ကြယ်စေကြလော့။ စိတ်နှစ်ခွရှိသောသူတို့၊ သင်တို့စိတ်နှလုံးကို သန့်ရှင်းစေကြလော့။" (ယာကုပ် ၄း၇-၈)**

သင့်အသက်တာ၏ ကဏ္ဍတိုင်း၌ ဘုရားသခင်ပေးလိုသောအရာကို ရရှိလိုပါက ဘုရားသခင်သည် ပြောသည့်အတိုင်းလုပ်ပေးလိမ့်မည်ဟု ယုံကြည်ရမည်။ သင့်ခန္ဓာနှင့် ဝိညာဉ်ကို အဘိုးနှင့် ဝယ်ထားသည်။ ထိုကြောင့် ခန္ဓာနှင့် ဝိညာဉ်တွင် ကျန်းမာခြင်းရှိရန် မြော်လင့်ရမည်။

**"အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင် ပေးသနားတော်မူသော ဝိညာဉ်တော် တည်းဟူသော၊ သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုၔင်း၊ မိမိတို့ကို မိမိတို့ မပိုင်ကြောင်းကိုၔင်း၊ မသိကြသလော။ သင်တို့သည် အဘိုးနှင့် ဝယ်တော်မူသောသူ ဖြစ်သောကြောင့်၊ ဘုရားသခင် ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြလော့။" (၁ကော ၆း၁၉-၂၀)**

သင့်ခန္ဓာနှင့် ဝိညာဉ်တွင် ဘုရားသခင်၏ခွင့်လွှတ်ခြင်းနှင့် အနာငြိမ်းခြင်း ထင်ရှားသောအခါ ဘုန်းတော်ထင်ရှားပါသည်။ ယေရှုက အပြစ်သားကို ခွင့်လွှတ်၍ နာသူကို ကျန်းမာစေသောအခါ ဘုန်းတော်ထင်ရှားသည်။ စာတန်သည် ဘုန်းတော်ကို လုယူလျက် လူတို့အား အပြစ်၊ ဖျားနာခြင်းတို့နှင့် ချုပ်နှောင်ထားလိုသည်။ သို့သော်စာတန်သည် ရှုံးနိမ့်ပြီး ကိုယ်တော်၏ ခွင့်လွှတ်ခြင်းနှင့် အနာငြိမ်းခြင်းသည် ယုံကြည်မည့်သူအားလုံးအတွက် ဖြစ်နေပါသည်။

ကျန်းမာရန်အတွက် ဘုရားသခင်က ကျန်းမာစေလိုကြောင်း သိရမည်။ ဘုရားသခင်သည် သူဖန်ဆင်းသော လူတစ်ယောက်လုံးကို စိတ်ဝင်စားပါသည်။ သင်လိုအပ်သမျှကို ပြည့်ဝစေလိုသည်။ ယေရှုသည် ယုံကြည်၍ တောင်းလျှောက်သူကို လျစ်လျူမရှုပါ။ ယုံကြည်သောသူကို အမြဲပင် ကျန်းမာစေ၍ ခွင့်လွှတ်ပါသည်။

ယေရှု၏ အမှုတော်လုပ်ငန်းအကြောင်းအချို့ကို ဖတ်ရှုကြပါစို့။

**"ကိုယ်တော်သည် တောင်ပေါ်က ဆင်းကြွတော်မူလျှင်၊ များစွာ လူအပေါင်းတို့သည် နောက်တော်သို့လိုက်ကြ၏။ ထိုအခါ နူနာစွဲသောသူတစ်ယောက်သည် ညွတ်ပြပ်လျက်၊ သခင်အလိုတော်ရှိလျှင် ကျွန်တော်ကို သန့်ရှင်းစေနိုင်တော်မူသည်ဟု လျှောက်လေ၏။ ယေရှုကလည်း ငါအလိုရှိ၏။ သန့်ရှင်းခြင်းသို့ ရောက်စေဟု မိန့်တော်မူလျက် လက်တော်ကိုဆန့်၍ ထိုသူကို တို့တော်မူ၏။ ထိုခဏခြင်းတွင် နူနာပျောက်၍ သန့်ရှင်းခြင်းသို့ ရောက်လေ၏။" (မဿဲ ၈း၁-၃)**

ဤသူကသာ ကျန်းမာခြင်းရရန် ဘုရားသခင် အလိုတော်ရှိ၊ မရှိ မေးခဲ့သည်။ ယေရှုက "ငါအလိုရှိသည်" ဟု ရှင်းလင်းစွာ ဖြေကြားခဲ့သည်။ ယနေ့တွင်လည်း ယေရှုသည် ထိုအဖြေမျိုးကို ပေးလိမ့်မည်။ ကျန်းမာစေရန် ကိုယ်တော်အမြဲအလိုရှိပါသည်။

**"နက်ဖြန်နေ့၌ နာဣနမြို့သို့ ကြွတော်မူ၍၊ တပည့်တော်များနှင့် လူအစုအဝေး အပေါင်းတို့သည် နောက်တော်သို့ လိုက်ကြ၏။ မြို့တံခါးအနီးသို့ရောက်သောအခါ၊ မုတ်ဆိုးမ၌ တစ်ယောက်တည်းသောသား အသေကောင်ကို သင်္ဂြိုဟ်ခြင်းငှါ ထုတ်သွား၍၊ မြို့သူမြို့သားများတို့သည် လိုက်ကြ၏။ သခင်ဘုရားသည် ထိုမိန်းမကို မြင်လျှင် သနားခြင်း စိတ်တော်ရှိ၍၊ မငိုနှင့်ဟု မိန့်တော်မူလျက် အနီးသို့ကြွ၍ တလားကို လက်နှင့် တို့တော်မူသဖြင့်၊ ထမ်းသောသူတို့သည် ရပ်၍ နေကြ၏။ ကိုယ်တော်ကလည်း၊ အချင်း လုလင်၊ ထလော့၊ သင့်အား ငါအမိန့်ရှိသည်ဟု မိန့်တော်မူလျှင်၊ သေသောသူသည် ထိုင်၍**

**စကားပြော၏၊ ကိုယ်တော်သည်လည်း ထိုသူကို မိခင်အား အပ်ပေးတော်မူ၏။”**

**(လုကာ ၇း၁၁-၁၅)**

ယေရှုသည် ချစ်သနားခြင်းရှိသဖြင့် လူသေကိုပင် ရှင်စေခဲ့သည်။

**“ထိုနေ့ညအချိန်၌ ကိုယ်တော်က၊ ကမ်းတဘက်သို့ ကူးကြကုန်အံ့ဟု မိန့်တော်မူလျှင်၊ တပည့်တော်တို့သည် လူစုဝေးရာမှထွက်၍ လှေပေါ်၌ရှိနှင့်သော ကိုယ်တော်ပါလျက် သွားကြ၏။ အခြားလှေတို့လည်း ပါသေး၏။ ထိုအခါ ပြင်းစွာသော မိုယ်းသက်မုန်တိုင်းဖြစ်၍ လှိုင်းတံပိုးခတ်သောကြောင့် လှေသည်ရေနှင့် ပြည့်လေ၏။ ကိုယ်တော်သည် ပဲ့၌ ခေါင်းအုံးပေါ်မှာ ကျိန်းစက်၍ နေတော်မူ၏။ တပည့်တော်တို့သည် ကိုယ်တော်ကို နှိုးပြီးမှ၊ အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ ရောက်သည်ကို လျစ်လျူသော စိတ်ရှိတော်မူသလောဟု လျှောက်ကြသော်၊ ကိုယ်တော်သည်ထ၍ တိတ်ဆိတ် ငြိမ်ဝပ်စွာ နေဟု လေနှင့် ပင်လယ်ကို ဆုံးမတော်မူသဖြင့် လေသည် ငြိမ်၍ အလွန်သာယာလေ၏။”**

**(မာကု ၄း၃၅-၃၉)**

ယေရှုသည် လေနှင့်ပင်လယ်ကို နာခံစေသည်။

**“ယေရိခေါမြို့သို့ ရောက်ကြလျှင်၊ တပည့်တော်တို့မှစ၍ များစွာသော လူအပေါင်းတို့နှင့်တကွ ထိုမြို့မှ ထွက်ကြွတော်မူစဉ်တွင်၊ တိမဲ၏သား ဗာတိမဲ အမည်ရှိသော လူကန်းသည် လမ်းနားမှာထိုင်၍ တောင်းစားလေ၏။ နာဇရက်မြို့သား ယေရှုရှိကြောင်းကို ကြားရလျှင်၊ ဒါဝိဒ်၏ သားတော်ယေရှု၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါဟု ဟစ်ကြော်လေ၏။ ထိုသူကို တိတ်ဆိတ်စွာ နေစေခြင်းငှါ လူများတို့သည် ငေါက်၍ ဆိုကြသော်လည်း၊ ဒါဝိဒ်၏သားတော်၊ အကျွန်ုပ်ကို ကယ်မ သနားတော်မူပါဟု သာ၍ ဟစ်ကြော်လေသော်၊ ယေရှုသည် ရပ်တော်မူလျက်၊ ထိုသူကို ခေါ်ခဲ့ဟု အမိန့်တော်ရှိ၏။ သူတပါးတို့သည် လူကန်းကို ခေါ်၍ မစိုးရိမ်နှင့်၊ ထလော့။ သင့်ကိုခေါ်တော်မူသည်ဟု ဆိုကြ၏။ ထိုသူသည် မိမိအဝတ်ကို ခြုံပြီးလျှင်၊ ထ၍ ယေရှုထံတော်သို့ သွား၏။ ယေရှုကလည်း၊ သင်၌ အဘယ်သို့ပြုစေလိုသနည်းဟု မေးတော်မူလျှင်၊ အရှင်ဘုရား၊ အကျွန်ုပ် မျက်စိမြင်စေခြင်းငှါ ပြုတော်မူပါဟု လူကန်း လျှောက်လေသော်၊ ယေရှုက၊ သွားလော့။ သင်၏ ယုံကြည်ခြင်းသည် သင့်ကို ကယ်မပြီဟု မိန့်တော်မူ၏။ ထိုခဏခြင်းတွင် ထိုသူသည် မျက်စိမြင်၍ လမ်း၌ နောက်တော်သို့ လိုက်လေ၏။”**

**(မာကု ၁၀း၄၆-၅၂)**

ယေရှုသည် ထိုသူ၏ ယုံကြည်ခြင်းကို အသိအမှတ်ပြုသည်။ သူသည်ယုံကြည်၍ ကျန်းမာသည်။ ထို့ကြောင့် နှုတ်ကပတ်တော်ကို ယုံကြည်ရန် အရေးကြီးသည်။ ယုံကြည်ခြင်း မရှိလျှင် စိတ်တော်နှင့်မတွေ့နိုင်။ **“ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့် အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင် ရှိတော်မူသည်ကို၎င်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကို၎င်း၊ ယုံကြည်ရမည်” (ဟေဗြဲ ၁၁း၆)** ယုံကြည်ခြင်းဆိုသည်မှာ ဘုရားသခင်သည် ကတိထားသည့်အတိုင်း ပြုလိမ့်မည်ဟု ကိုးစားခြင်းဖြစ်သည်။ ဤအရာကို ကိုယ်တော် နှစ်သက်ပါသည်။

**“ထိုအခါ တဆယ်နှစ်နှစ်ပတ်လုံး သွေးသွန် အနာစွဲသော မိန်းမတစ်ယောက်က၊ ငါသည် အဝတ်တော်ကိုသာ တို့လျှင် ချမ်းသာရမည်ဟု စိတ်ထင်နှင့်၊ နောက်တော်သို့ ချဉ်းကပ်၍ အဝတ်တော်၏ ပန်းပွားကို တို့လေ၏။ ယေရှုသည် လှည့်၍ ထိုမိန်းမကို မြင်တော်မူလျှင်၊ ငါ့သမီး၊ မစိုးရိမ်နှင့်။ သင်၏ ယုံကြည်ခြင်းသည် သင့်အနာကို ငြိမ်းစေပြီဟု မိန့်တော်မူ၏။ ထိုခဏမှစ၍ ထိုမိန်းမသည် အနာကင်းပျောက်လေ၏။”**

**(မဿဲ ၉း၂၀-၂၂)**

ဤနေရာတွင် ယေရှုသည် ထိုမိန်းမ၏ ယုံကြည်ခြင်းကို တုန့်ပြန်လျက် ဆရာဝန်များ မလုပ်နိုင်သောအရာကို လုပ်ပေးခဲ့သည်။ သင်လည်းယုံကြည်လျှင် ကျန်းမာနိုင်ပါသည်။

**“သူ၏ သက်သေခံချက်မှန်သည်ကို ငါတို့သိကြ၏။ ယေရှု ပြုတော်မူသော အခြားအမှုအရာ အများရှိသေး၏။ ထိုအမှုအရာရှိသမျှတို့ကို အသီးအခြား ရေးထားလျှင်၊ မြေကြီး မဆံ့နိုင်အောင် ကျမ်းစာများပြားလိမ့်မည်ဟု ထင်မှတ်ခြင်း ရှိ၏။”**

**(ယောဟန် ၂၁း၂၅)**

ဘုရားသခင်၏ အမြင်တွင် ကယ်တင်ခြင်းသည် အပြစ်၏ အကျိုးဆက်များမှ လွတ်မြောက်ပြီး နဂိုမူလအကြံတော်သို့ ပြန်လည်ရောက်ရှိခြင်းဖြစ်သည်။

ကိုယ်တော်ကို မကန့်သတ်ပါနှင့်။ နှုတ်ကပတ်တော် ကျမ်းစာနှင့် အသက်ရှင်သော နှုတ်ကပတ်တော် ယေရှုကို ယုံကြည်ပါ။ ဘုရားသခင်ကို သိကျွမ်းခြင်းမှ အကျိုးခံစားလျက် လုပ်ဆောင်ပေးသမျှအတွက် ဘုန်းကြီးခြင်းကို ကိုယ်တော်အားပေးပါ။ မာရ်နတ်သည် လိမ်ညာသူ ဖြစ်သဖြင့် သင့်ထံမှ ခိုးမယူပါစေနှင့်။

နောက်အခန်းတွင် ယေရှုအားဖြင့် ဘုရားသခင် အခမဲ့ပေးထားသော အရာအား မည်သို့ ရယူရမည်ကို သွန်သင်ထားပါသည်။ ကတိတော်များကို အသုံးပြုတတ်လျှက် အကျိုး

ကျေးဇူးများကို ခံစားရလိမ့်မည်။ ဤနေရာတွင် အခန်းလေးကို အဆုံးသတ်ပါမည်။

ကောင်းကင်ဘုံရှင်အဖ

ကိုယ်တော်၏ ပြည့်စုံခြင်းအလင်းသည် ယေရှု၌ ကျိန်းဝပ်သောကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော်အထဲ၌ အကျွန်ုပ်သည် စုံလင်ပါသည်။ ယေရှုကို ရသောကြောင့် စစ်မှန်သော ပျော်ရွှင်မှု ရှိပါသည်။ မည်သည့်လူ၊ အရာကိုမျှ ကျွန်ုပ်မလိုတော့ပါ။ ကျွန်ုပ်သည် ယေရှုအထဲ၌ရှိလျက် ကိုယ်တော်သည် ကျွန်ုပ်အထဲ၌ ရှိပါသည်။ ယခုတွင် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တလုံးတဝ ဖြစ်ပါသည်။

ကိုယ်တော်သည် ကျွန်ုပ်၏ သိုးထိန်းဖြစ်ပြီး ဘာမျှမလိုရသောကြောင့် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်နှင့်အတူ အမြဲရှိလျက် မစွန့်ပစ်သောကြောင့် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်ကို လမ်းပြလျက်၊ ကွယ်ကာလျက်၊ ဂရုစိုက်သောကြောင့် ကျေးဇူးတင်ပါသည်။

ဖြောင့်မတ်ခြင်းလမ်းသို့ ပို့ဆောင်လျက် မစိုးရိမ်ရတော့သောကြောင့် ကျေးဇူးတင်ပါသည်။

အဘယ်သတ္တဝါကမျှ ကိုယ်တော်၏မေတ္တာနှင့် မကွာစေနိုင်ပါ။ ယခုကိုယ်တော်၏ အရိပ်အောက်တွင် နေထိုင်လျက် အဘယ်ဘေးမျှ မချဉ်းကပ်ဘဲ ရှည်သောအသက်နှင့် ရောင့်ရဲစေမည်ဖြစ်သောကြောင့် ကျေးဇူးတင်ပါသည်။

ရောဂါများ ကျွန်ုပ်အပေါ် မစွဲကပ်ရပါ။ မာရ်နတ်ကို ဆီးတားသကဲ့သို့ ရောဂါကို ကျွန်ုပ် ဆီးတားပါသည်။ အနာငြိမ်းခြင်းနှင့် ခွင့်လွှတ်ခြင်းအတွက် အထံတော်သို့ ချဉ်းကပ်ပါသည်။

ယေရှုကို မြင်ခြင်းသည် ကိုယ်တော်ကိုမြင်ခြင်းဖြစ်သောကြောင့် ကျေးဇူးတင်ပါသည်။ ယေရှုအားဖြင့် ကိုယ်တော်လုပ်ဆောင်ပေးမည် ဖြစ်သောကြောင့် ကျေးဇူးတင်ပါသည်။

ကိုယ်တော်ကို ကျွန်ုပ်မကန့်သတ်ပါ။ ကိုယ်တော်ကိုအမှန်အတိုင်း သိကျွမ်းလိုပါသည်။ နှုတ်ကပတ်တော်အတိုင်း စွဲကိုင်လျက် မြင်ရ၊ ကြားရသောအရာ မည်သို့ ရှိစေကာမူ စကားတော်ကို ယုံကြည်ပါမည်။ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်လျက် မုသာ မပြောသောကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော် ကျွန်ုပ်ကို ချစ်သလို ကိုယ်တော်ကို ကျွန်ုပ် ချစ်ပါသည်။

ယေရှုနာမ၌ ဆုတောင်းပါ၏။

အာမင်။

## စစ်မှန်သောပျော်ရွှင်ခြင်းဆိုသည်မှာ
## အောင်မြင်ခြင်းနှင့် ဆုတောင်းခြင်းဖြစ်သည်။

## အခန်း (၅)

စစ်မှန်သောပျော်ရွှင်ခြင်းဆိုသည်မှာ အောင်မြင်စွာ ဆုတောင်းခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် လူသန်းပေါင်းများစွာတို့ နေ့စဉ်ဆုတောင်းကြသော်လည်း အဖြေရရှိသူ နည်းပါးလှသည်။

စစ်မှန်သောဆုတောင်းခြင်းသည် ဘုရားများ ကျေနပ်စေရန် လုပ်ရသော ဘာသာရေးကျင့်ထုံး (သို့) ဓလေ့ (သို့) အခမ်းအနားမဟုတ်ဘဲ သားတော်ယေရှုခရစ်အားဖြင့် ဖန်ဆင်းရှင်နှင့် တိုက်ရိုက်ဆက်သွယ်ခြင်းဖြစ်သည်။

နှုတ်ကပတ်တော်နှင့်အညီ ဆုတောင်းတတ်ခြင်းသည် ခရစ်ယာန်တစ်ဦး အောင်မြင်ခြင်းအတွက် မရှိမဖြစ်လိုအပ်သည်။ ဤအရာသည် ကျွန်ုပ်တို့ ရရှိသော အဖိုးတန်ဆုံး အခွင့်ထူးတစ်ရပ်ဖြစ်သည်။ အချိန်မရွေး၊ နေရာမရွေး၊ အခြေအနေတိုင်းတွင် ကျွန်ုပ်တို့သည် ဆုတောင်းလျက် ခမည်းတော်က နားညောင်းအဖြေပေးရန် မျှော်လင့်နိုင်ပါသည်။ ဤအခန်းက ခမည်းတော်နှင့် မည်သို့ဆက်သွယ်ရမည်၊ လိုအပ်သမျှကို အထံတော်မှ မည်သို့ရရှိမည်ကို သွန်သင်လိမ့်မည်။

စစ်မှန်သော ပျော်ရွှင်ခြင်းဆိုသည်မှာ အောင်မြင်စွာ ဆုတောင်းခြင်းဖြစ်သည်။

စစ်မှန်သော ဆုတောင်းခြင်းသည် သားတော်ယေရှုခရစ်အားဖြင့် ဖန်ဆင်းရှင်နှင့် တိုက်ရိုက် ဆက်သွယ်ခြင်းဖြစ်သည်။ အခန်းတစ်၌ သင်၏ဆုတောင်းခြင်းက သင့်ကို ဘုရားသားနှင့် ပြန်လည်ဆက်ဆံစေပါသည်။ သင်သည် ဘုရားသားသမီး ဖြစ်လာသည်။ ထိုဆုတောင်းချက်သည် အရေးကြီးဆုံးဖြစ်သည်။

ဆုတောင်းခြင်းသည် ဘုရားသားသမီး သင်၏အောင်မြင်ခြင်းအတွက် အရေးပါသည်။ ကိုယ်တော်ကိုပို၍ သိကျွမ်းလာရန် ကိုယ်တော်နှင့် ဆက်သွယ်ရမည်။ ကိုယ်တော်နှင့် ဆက်ဆံရေး၌ ပြောဆိုဆက်သွယ်ခြင်းသည် အရေးပါလှသည်။

ဘုရားသခင်သည် သားသမီးများနှင့် စကားပြောလိုပြီး မည်သည့်ဖခင်များနှင့်မတူဘဲ နားမထောင်နိုင်လောက်အောင် အလုပ်မများပါ။ ဆုတောင်းခြင်းသည် ကလေးငယ်

က ဖခင်နှင့် စကားပြောသကဲ့သို့ ရိုးစင်ပြီး မည်သည့်အကြောင်းအရာကိုမဆို ပြောနိုင်ကာ ချီးမွမ်းခြင်း၊ ကျေးဇူးတင်ခြင်းနှင့် တောင်းလျှောက်ခြင်းများ ပါဝင်နိုင်သည်။

အခန်းတစ်ခုစီ၏ အဆုံး၌ပါသော ဆုတောင်းခြင်းများသည် ကျေးဇူးတော် ချီးမွမ်းခြင်းများဖြစ်သည်။ ကိုယ်တော်မည်သူဖြစ်ကြောင်းနှင့် လုပ်ဆောင်ပေးသောအရာအတွက် ကျေးဇူးတင်ကြောင်းကို ဖော်ပြရမည်။ ဆုတောင်းခြင်းဆိုသည်မှာ ကိုယ်တော်ဖွင့်ပြသော အရာကို အထံတော်၌ ပြန်ပြောပြပြီး ကျေးဇူးတင်ခြင်းဖြစ်သည်။

ချီးမွမ်းခြင်းနှင့် ကျေးဇူးတော် ချီးမွမ်းခြင်းသည် ဘုရားသခင်အပေါ် တန်ဖိုးထားကြောင်းကို နှုတ်ဖြင့်၊ အသံဖြင့် ဖော်ပြခြင်းဖြစ်သည်။ သီချင်းဆို၍လည်း ချီးမွမ်းနိုင်ပါသည်။ ချီးမွမ်းခြင်းနှင့် ကျေးဇူးတော် ချီးမွမ်းခြင်းတွင် သင့်ဝိညာဉ်ခံစားမှုနှင့် ခန္ဓာကိုယ်တို့ ပါဝင်နိုင်သည်။ အော်ဟစ်၍လည်း ချီးမွမ်းနိုင်သည်။ ရှေ့တော်၌ ကခုန်နိုင်သည်။ တုရိယာနှင့် ချီးမွမ်းနိုင်သလို လက်မြှောက်လျက်ဖြစ်စေ၊ တိတ်ဆိတ်စွာဖြစ်စေ ချီးမွမ်းနိုင်ပါသည်။

ချီးမွမ်းခြင်းသည် သင့်နှလုံးသားမှလာပြီး မေတ္တာနှင့် ကျေးဇူးတင်ကြောင်း ဖော်ပြရန် ကိုယ်တော်ထံသို့ စီးဆင်းသွားပါသည်။ ကိုယ်တော်ကိုချီးမွမ်းရန် တိကျသောစကားနှင့် နည်းလမ်းမရှိပါ။ ကိုယ်တော်သည် သင်၏ ကျေးဇူးတင်ကြောင်း ဖော်ပြချက်ကို ကြားနာလိုပါသည်။

**“ထိုကြောင့်၊ ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ဝန်ခံလျက်၊ နှုတ်ခမ်းအသီးတည်းဟူသော ချီးမွမ်းခြင်းယဇ်ကို သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့် ရှေ့တော်၌ အစဉ်ပူဇော်ကြကုန်အံ့။” (ဟေဗြဲ ၁၃:၁၅)**

**“သင်တို့မူကား၊ မှောင်မိုက်ထဲမှ အံ့ဘွယ်သော အလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကို ဘော်ပြစေခြင်းငှါ၊ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏။” (၁ပေ ၂:၉)**

**“အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ အကြောင်းမူကား၊ သင်တို့သည် ထိုသို့ ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ ဘုရားသခင် အလိုတော်ရှိ၏။” (၁သက် ၅:၁၈)**

သင့်မှာ ဘုရားသခင်ကို ကျေးဇူးတင် ချီးမွမ်းစရာ များစွာ ရှိပါသည်။ ချီးမွမ်းတတ်သော စိတ်သဘောရှိပါ။ ကျေးဇူးတင်တတ်ပါ။ ကိုယ်တော်နှင့် ထိုက်တန်သော ဘုန်းကြီးခြင်းကို ပေးရုံသာမက ပျော်ရွှင်ခြင်းနှင့် သင့်စိတ်ထဲတွင် ပြည့်လျှံလာလိမ့်မည်။ ကိုယ်တော်သည် သင့်အသက်တာ၌ ထူးခြားသောအမှုကို ပြုလိမ့်မည်။

စစ်မှန်သော ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံမှ ခံယူရရှိသည်။ ကိုယ်တော်ကတိပေးထားသော ကောင်းကြီးများစွာအကြောင်းကို လေ့လာခဲ့ပါသည်။ သို့သော် အပြစ်ခွင့်လွှတ်ခြင်းကဲ့သို့ပင် ကောင်းကြီးများကို ယုံကြည်သော ဆုတောင်းချက်ဖြင့် ရယူရမည်။

ဥပမာ ယေရှုသည် လူတိုင်း၏အပြစ်အတွက် အသေခံသော်လည်း လူတိုင်းကယ်တင်ခြင်း မရပါ။ အဘယ်ကြောင့်နည်း။ သူတို့သည် ယုံကြည်ခြင်းဖြင့် နာမတော်ကို မခေါ်သောကြောင့် ဖြစ်သည်။ ထာဝရအသက်သည် အခမဲ့လက်ဆောင်ဖြစ်သော်လည်း လူတိုင်းသည် ယုံကြည်ခြင်းဖြင့် လက်ခံရပေမည်။

ထိုနည်းတူပင် ယေရှုသည် လူများ၏ ဝေဒနာကို ဆောင်လျက် ခံသွားသော်လည်း လူများစွာတို့သည် ယုံကြည်ခြင်းဖြင့် အနာငြိမ်းစေသူ ယေရှုကို မတောင်းလျှောက်သောကြောင့် ဖြစ်သည်။

ခမည်းတော်ဘုရားသည် ကျွန်ုပ်တို့ကို ကောင်းကြီးပေး၍ ခွင့်လွှတ်ပြီး ကျန်းမာစေလိုသည်။ ထောက်ပံ့၍ လိုအပ်သမျှ ပြည့်စုံစေကာ အသက်တာများကို လမ်းပြလိုသည်ဟု ဆိုသော်လည်း ဤအရာများသည် အလိုလို ဖြစ်မလာပါ။ တောင်းလျှောက်ခြင်း လိုအပ်ပါသည်။ ယုံကြည်သောဆုတောင်းခြင်းဖြင့် ကိုယ်တော်ကတိထားသော ကောင်းကြီးများ ရရှိပါသည်။

**“ငါတို့သည် ဘုရားသခင့် အထံတော်၌ ရဲရင့်ခြင်းအကြောင်း ဟူမူကား၊ ငါတို့သည် အလိုတော်နှင့်အညီ တစုံတခုသောဆုကိုတောင်းလျှင်၊ ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်းသမျှသော စကားတို့ကို နားထောင်တော်မူသည်ကို ငါတို့သိလျှင်၊ အထံတော်၌ တောင်းသောဆုကို ရမည်ဟု သိရကြ၏။”**

**(၁ယော ၅:၁၄-၁၅)**

အလိုတော်နှင့်အညီ ဆုတောင်းခြင်းဆိုသည်မှာ နှုတ်ကပတ်တော်နှင့်အညီ၊ ကတိတော်နှင့်အညီ ဆုတောင်းခြင်းဖြစ်သည်။

အလိုတော်အတိုင်း၊ နှုတ်ကပတ်တော်အတိုင်း ဆုတောင်းသောအခါ ဘုရားသခင်သည် နှုတ်ကပတ်တော်နှင့်အညီ အဖြေပေးမည်ကို စိတ်ချနိုင်ပါသည်။ ထို့ကြောင့် ဆုတောင်း

ချက်များ အဖြေရ၍ ကောင်းသောအရာကို ရမည်ဟု စိတ်ချရပါသည်။ ဘုရားသခင်သည် သားသမီးတိုင်း ဆုတောင်းခြင်းကို အဖြေပေးလိုပါသည်။

**"တောင်းကြလော့။ တောင်းလျှင်ရမည်။ ရှာကြလော့။ ရှာလျှင်တွေ့မည်။ တံခါးကို ခေါက်ကြလော့။ ခေါက်လျှင်ဖွင့်မည်။ တောင်းသောသူမည်သည်ကား ရ၏။ ရှာသောသူလည်း တွေ့၏။ ခေါက်သောသူအားလည်း တံခါးကိုဖွင့်၏။ သားသည် မုန့်ကိုတောင်းလျှင် မိမိသားအား ကျောက်ကိုပေးမည့်သူ၊ ငါးကိုတောင်းလျှင် မြွေကို ပေးမည်သူ တစုံတစ်ယောက်မျှ သင်တို့တွင် ရှိသလော။ သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသော သူတို့အား၊ ကောင်းသောအရာကို သာ၍ ပေးတော်မူမည် မဟုတ်လော။" (မဿဲ ၇း၇-၁၁)**

သင်သည် သားသမီးတစ်ဦးအနေဖြင့် ခမည်းတော်ကို ရဲရင့်စွာ ချဉ်းကပ်နိုင်ပါသည်။ ကိုယ်တော်သည် သင့်ကိုချစ်၍ သင့်အတွက် ကောင်းသောအရာကိုသာ လိုလားပါသည်။ သားတော်ယေရှုကို သင့်နေရာတွင် အသေခံစေရခြင်းမှာ သင်နှင့်ဆက်ဆံလိုသောကြောင့် ဖြစ်သည်။ သင်လိုအပ်သမျှ အရာအားလုံးနှင့် အပြစ်များ ဘုရားသခင်ထံ၌ရှိကြောင်း သိရပါမည်။ ကိုယ်တော်အတွက် ခက်ခဲသောအရာ မရှိသောကြောင့် ကိုးစားခြင်းဖြင့်ဆုတောင်း ပါလေ။

ယေရှု၏ တပည့်တော်များက ဆုတောင်းခြင်း သင်ပေးရန် ပြောသောအခါ ယေရှုက ဤသို့ ဖြေကြားပါသည်။ **"ထိုကြောင့် သင်တို့ ဆုတောင်းရမည်မှာ ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော။ နိုင်ငံတော် တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော။ အသက်မွေးလောက်သော အစာကို အကျွန်ုပ်တို့အား ယနေ့ ပေးသနားတော်မူပါ။ သူတပါးသည် အကျွန်ုပ်တို့ကို ပြစ်မှားသော အပြစ်များကို အကျွန်ုပ်တို့သည် လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏ အပြစ်များကို လွှတ်တော်မူပါ။ အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ မကောင်းသော အမှုအရာမှလည်း ကယ်နှုတ်တော်မူပါ။ အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုး အာနုဘော်သည် ကမ္ဘာ အဆက်ဆက် ကိုယ်တော်၌ ရှိပါ၏။ အာမင်ဟု ဆုတောင်းကြလော့။" (မဿဲ ၆း၉-၁၃)**

ဘုရားသခင်သည် ကျွန်ုပ်တို့ လိုအပ်သောအရာကို မတောင်းလျှောက်မည်ကပင် သိရှိသဖြင့် ပြောပြရုံသာဖြစ်သည်။ နာမတော်ကို ရိုသေလေးမြတ်ရမည်။ ကိုယ်တော်သည် ဖခင်နှင့် မိတ်ဆွေဖြစ်သော်လည်း ကိုယ်တော်နှင့် ထိုက်တန်သည့် ရိုသေလေးစားမှုကို ပြသရပါမည်။

နိုင်ငံတော်တည်ထောင်ရန်နှင့် အလိုတော် မြေကြီးပေါ်၌ ပြည့်စုံစေရန်လည်း ယေရှုက ဆုတောင်းခိုင်းပါသည်။ ကိုယ်တော်၏နိုင်ငံတော်သည် ကျွန်ုပ်တို့အသက်တာ၌ ကိုယ်တော်၏ အုပ်စိုးခြင်းနှင့် အရှင်သခင်ဖြစ်ခြင်းကို ပြသသည်။ ခမည်းတော်ကို အုပ်စိုး ခြင်းနှင့် သခင်ဖြစ်ခြင်းသည် ကောင်းကင်ဘုံ၌ ရှိသကဲ့သို့ ကျွန်ုပ်တို့အသက်တာ၌ တည်ရှိရန် ဆုတောင်းရမည်။ ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့အတွက် ဖြစ်ပျက်နေသောအရာသည် ယခု မြေကြီးပေါ်၌ ကျွန်ုပ်တို့အတွက် ဖြစ်လာစေရန် ဆုတောင်းကြသည်။

ဤအရာသည် အလိုတော်နှင့်အညီ ဆုတောင်းတတ်ရန် မစပေးသော သမ္မာတရား ဖြစ်သည်။ မြေကြီးပေါ်တွင် ကောင်းကင်ဘုံမှာကဲ့သို့ ဘုရားသခင်၏ အုပ်စိုးခြင်းရှိဖို့ ဆုတောင်း သလို မြေကြီးပေါ်တွင် အလိုတော် ပြည့်စုံစေရန်လည်း ဆုတောင်းသည်။

ဥပမာ သင်သည်ယနေ့ဝမ်းနည်း၍ စိတ်အားငယ်နေပါက အလိုတော်အတိုင်း ဝမ်းမြောက်ခြင်းနှင့် ခွန်အားကိုပေးရန် ဆုတောင်းဖို့ သင်သိပါလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် ကောင်းကင်ဘုံတွင် ဝမ်းနည်းခြင်းနှင့် အားငယ်ခြင်းမရှိပါ။

ထိုနည်းတူပင် သင်သည် ဖျားနာ၍ နာကျင်နေပါက အလိုတော်သည် ယခုပင်လျှင် သင်ကျန်းမာ၍ နာကျင်မှုမှ လွတ်မြောက်ရန်ဖြစ်ကြောင်း သိပါလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် ကောင်းကင်ဘုံ၌ ဖျားနာခြင်းမရှိပါ။ ထိုအခါသင့်ကို ကျန်းမာစေရန် ရဲရင့်စွာ ဆုတောင်းနိုင်ပါသည်။ ယေရှုက လိုအပ်ချက်များကို နေ့စဉ်ပြည့်ဝစေရန် ဆုတောင်းလျက် ယုံကြည်ရန် သွန်သင်ထားသည်။ မည်သည့်လိုအပ်ချက် ရှိစေကာမူ လိုအပ်ချက်ကို နေ့စဉ် ဘုရားသခင် ထောက်ပံ့ပေးမည်ဟု ယုံကြည်နိုင်ပါသည်။ ထာဝရဘုရားသည် ကျွန်ုပ်တို့၏ သိုးထိန်းဖြစ်ပြီး ဘာကိုမျှ မလိုရပါ။

**"ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ။"**
**(ဆာလံ ၂၃း၁)**

အပြစ်လုပ်မိသောအခါ ခွင့်လွှတ်ခြင်းကို တောင်းခံရန် ယေရှုက သွန်သင်ထား သည်။ **"ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက် ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်ဖြောင့်မတ်ခြင်း**

**တရားနှင့်ရင်း ပြည့်စုံတော်မူ၏။" (၁ယော ၁း၉)** ကျွန်ုပ်တို့သည် ရွေးနှုတ်ခံရ၍ ဘုရားသားသမီးများ ဖြစ်ကြသော်လည်း တခါတရံ အပြစ်ကျူးလွန် တတ်သေးပါသည်။

သူတပါးက ပြစ်မှားသောအခါ ခွင့်လွှတ်၍ ဆုတောင်းပေးရန်လည်း သွန်သင်ထားသည်။ ထိုသို့ပြုရာတွင် ကျွန်ုပ်တို့အပြစ်များကို ကိုယ်တော်ခွင့်လွှတ်သောကြောင့် ပြုခြင်းဖြစ်သည်။

ယေရှုက ကျွန်ုပ်တို့အား မကောင်းမှုမှ လွတ်မြောက်၍ စုံစမ်းခြင်းထဲသို့ မရောက်ရန် ဆုတောင်းစေသည်။ စာတန်သည် စုံစမ်းနှောင့်ရှက်သူဖြစ်ပြီး ကျွန်ုပ်တို့သည် မိမိနှလုံးသား၏ တောင့်တချက်များကြောင့်လည်း စုံစမ်းခံရသည်။ စုံစမ်းခံရခြင်းသည် အပြစ်မဟုတ်ဘဲ စုံစမ်းခြင်းကို ဆန့်ကျင်ဆီးတား၍ မကောင်းမှုမှ လွတ်မြောက်ရန် ဆုတောင်းရမည်။

ယေရှုက တပည့်တော်များအား ဤသို့ မှာကြားခဲ့သည်။

**"စုံစမ်းနှောင့်ရှက်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက် စောင့်နေကြလော့။ စိတ်ဝိညာဉ်ကား စေတနာရှိငြားသော်လည်း၊ ကိုယ်မူကား အားနည်းသည်ဟု ပေတရုအား မိန့်တော်မူပြီးမှ" (မဿဲ ၂၆း၄၁)**

ယေရှုအကြောင်းကို ကျမ်းစာက ဤသို့ ရေးသားထားသည်။**"ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဘူးသောသူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။ ထိုကြောင့်၊ ငါတို့သည် သနားခြင်းကရုဏာကိုရင်း၊ တော်လျော်သော မစခြင်း ကျေးဇူးတော်ကိုရင်း ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင် ချဉ်းကပ်ကြကုန်အံ့။"**

**(ဟေဗြဲ ၄း၁၅-၁၆)**

ထို့ကြောင့် ကျွန်ုပ်တို့သည် စုံစမ်းခြင်းခံရသောအခါ စုံစမ်းခြင်းနှင့် စုံစမ်းသူအပေါ် အောင်နိုင်ခဲ့သော ယေရှုခရစ်နှင့် ကျွန်ုပ်တို့ ထပ်တူပြုရမည်။ လိုအပ်သောအချိန်တွင် ကျေးဇူးတော်နှင့် သနားခြင်းကိုပေးရန် ခမည်းတော်ဘုရားသခင် စောင့်နေကြောင်းကိုသိလျက် ကျေးဇူးတော် ပလ္လင်သို့ ရဲရင့်စွာ ချဉ်းကပ်ရမည်။

ကျွန်ုပ်တို့သည် ခမည်းတော်ဘုရား၏ နိုင်ငံတော်တန်ခိုးနှင့် ဘုန်းတော်ကို အမြဲကိုးစားနေကြောင်း ဖော်ပြလျက် ယေရှု၏ ဆုတောင်းခြင်း သွန်သင်ချက်ကို အဆုံးသတ်ခဲ့သည်။ ဘုရားသခင်၏ အုပ်စိုးခြင်း၊ တန်ခိုးနှင့် ဘုန်းတော်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို အဖြေပေးရန် အမြဲရှိနေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ယုံကြည်ခြင်းဖြင့် ဆုတောင်းသောအခါ မြေကြီးပေါ်ရှိ လိုအပ်ချက်များကို ပြည့်စုံစေရန် ကောင်းကင်ဘုံ၏ အရင်းအမြစ်ကို အသုံးပြုပါသည်။

ယေရှုက ပြောသည်မှာ **"ထိုကြောင့် ငါဆိုသည်ကား၊ သင်တို့သည် ဆုကျေးဇူးကို ရမည်ဟု ယုံကြည်သောစိတ်နှင့် ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။" (မာကု ၁၁း၂၄)** ဤအချက်ကို နားလည်ရန်နှင့် ကျင့်သုံးရန် အရေးကြီးလှသည် သင်ဆုတောင်းသောအခါ တောင်းသောအရာကို အဖြေရပြီဟု ယုံကြည်ပါ။ သင်တောင်းသောအရာကို မြင်ရသည် အထိမစောင့်ဘဲ ယုံကြည်ခြင်းဖြင့် အဖြေကို ရယူပါ။

မြင်ခြင်းသည် ယုံခြင်းမဟုတ်ဘဲ ယုံကြည်ခြင်းသည် အောင်မြင်ခြင်းဖြစ်သည်။ ယေရှုက သောမအား ဤသို့ပြောခဲ့သည်။

**"ယေရှုကလည်း၊ သင်သည် ငါ့ကိုမြင်သောကြောင့် ယုံခြင်းရှိ၏။ ငါ့ကို မမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏ဟု မိန့်တော်မူ၏။" (ယော ၂၀း၂၉)**

ဤအချက်ကို သတိရပါ။ **"ယုံကြည်ခြင်းသည် မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်း ဖြစ်၏။ မမြင်သေးသော အရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်း ဖြစ်၏။" (ဟေဗြဲ ၁၁း၁) "ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်း မူကား၊ ဘုရားသခင့် အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင် ရှိတော်မူသည် ကိုရင်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုရင်း၊ ယုံကြည်ရမည်" (ဟေဗြဲ ၁၁း၆)**

ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးသည် နှုတ်ကပတ်တော်၏ မှန်ကန်မှုအား ယုံကြည်ခြင်းအပေါ်တွင် မူတည်ပါသည်။ ဘုရားသခင်သည် နှုတ်ကပတ်တော်ထဲ၌ တစ်ခုခုကို ပြောဆို ဖွင့်ပြသောအခါ ကျွန်ုပ်တို့သည် ယုံကြည်လျက် အခြေအနေ မည်သို့ရှိစေကာမူ၊ မည်သို့ ခံစားစေကာမူ ကိုယ်တော်ပြောသည့်အတိုင်း ပြုလုပ်ကြရသည်။ ဆုတောင်းသောအခါ ကိုယ်တော်ပြောသည့်အတိုင်း ပြည့်စုံလာမည်ဟု ယုံကြည်ကြသည်။

**"ငါအမှန်အကန်ဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့ ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက် ရှိလိမ့်မည်။ မြေကြီးပေါ်မှာ ဖြည်လွှတ်သမျှသည် ကောင်းကင်ဘုံ၌ ဖြည်လွှတ်လျက် ရှိလိမ့်မည်။ တဖန်ငါဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့တွင် နှစ်ယောက်တို့သည် သဘောချင်းတူ၍ ဆုတောင်းလျှင်၊ တောင်းသမျှသော ဆုတို့ကို ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏ ခမည်းတော်သည် ပေးတော်မူလတံ့။**

**အကြောင်းမူကား၊ အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမကိုထောက်၍ စည်းဝေးကြ၏၊ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်ဟု မိန့်တော်မူ၏။"**

**(မဿဲ ၁၈း၁၈-၂၀)**

**"ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကို ယုံကြည်သောသူသည် ငါပြုသော အမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုတို့ထက် သာ၍ ကြီးသောအမှုတို့ကိုလည်း ပြုလိမ့်မည်။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံသို့သွား၍၊ သင်တို့သည် ငါ၏နာမကို အမှီပြုလျက် ဆုတောင်းသမျှအတိုင်း ငါပြုမည်။ အကြောင်းမူကား၊ ခမည်းတော်သည် သားတော်အားဖြင့် ဘုန်းထင်ရှားတော်မူခြင်း ရှိမည်အကြောင်းတည်း။ သင်တို့သည် ငါ၏ နာမကို အမှီပြု၍ တစုံတစ်ခုသောဆုကိုတောင်းလျှင်၊ တောင်းသည်အတိုင်း ငါပြုမည်"**

**(ယော ၁၄း၁၂-၁၄)**

**"သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်။" (ယော ၁၅း၇)**

**"သင်တို့သည် ငါ့ကို ရွေးကောက်ကြသည်မဟုတ်။ ငါသည် သင်တို့ကို ရွေးကောက်သဖြင့်၊ သင်တို့သည်သွား၍ တည်ကြည်သောအသီးကို သီးမည်အကြောင်းနှင့် ငါ့နာမကို အမှီပြု၍ ခမည်းတော်မှာ တောင်းသမျှတို့ကို ရမည်အကြောင်း သင်တို့ကို ငါခန့်ထား၏။" (ယော ၁၅း၁၆)**

**"ထိုနေ့၌ သင်တို့သည် ငါ့ကို အလျှင်းမမေးမြန်းရကြ။ ငါအမှန်အကန် ဆိုသည်ကား၊ သင်တို့သည် ငါ၏နာမကို အမှီပြု၍ ခမည်းတော်မှာ ဆုတောင်း သမျှတို့ကို ခမည်းတော်သည် ပေးတော်မူမည်။ ယခုတိုင်အောင် ငါ၏နာမကို အမှီပြု၍ သင်တို့သည် အဘယ်ဆုကိုမျှ မတောင်းကြသေး။ သင်တို့သည် ဝမ်းမြောက်စရာအကြောင်း စုံလင် စေခြင်းငှါ တောင်းကြလော့။ ထိုသို့တောင်းလျှင် ရကြလိမ့်မည်။" (ယော ၁၆း၂၃-၂၄)**

ကျွန်ုပ်တို့သည် ယေရှုကြောင့် ခမည်းတော်ဘုရားသခင်နှင့် ဆက်ဆံရပြီး ဘုရားသခင်သည် ယေရှုကြောင့် ဆုတောင်းချက်များကို အဖြေပေးသည်။ ယေရှုခရစ်သည် ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းဖြစ်သည်။ ကိုယ်တော်မပါလျှင် ကျွန်ုပ်တို့သည် ဘာမှမဟုတ်ကြပါ။ ထို့ကြောင့် ခမည်းတော်ထံဆုတောင်းသောအခါ ယေရှုနာမဖြင့် ချဉ်းကပ်ရခြင်းဖြစ်သည်။ ယေရှုနာမဖြင့် ဆုတောင်းသောအခါ ယေရှုကိုယ်တော်တိုင်က ကျွန်ုပ်တို့အတွက် ခမည်းတော်ထံ တောင်းပေးနေသကဲ့သို့ဖြစ်သည်။

ယေရှုနာမဖြင့် ဆုတောင်းသောအခါ သင့်တောင်းသောအရာထက် ပို၍ရရန် မျှော်လင့်ပါ။ သင်တောင်းလျှောက်သောအရှင်သည် စကားပြောကာမျှဖြင့် ဘာမှမရှိသော အရာထဲမှ စကြဝဠာကြီးကို ဖန်ဆင်းခဲ့သူဖြစ်သည်။

**"ငါတို့၌ ပြုပြင်သော တန်ခိုးတော်အတိုင်း၊ ငါတို့ တောင်းပန် ကြံစည်သမျှထက် အလွန်ထူးခြားစွာ ပြုခြင်းငှါ တတ်နိုင်တော်မူသော ဘုရားသခင်သည်။" (ဧဖက် ၃း၂၀)**

သင်ဘာကိုမျှ စိတ်ပူစရာ မလိုတော့ပါ။ **"အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်း နှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှ ကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။" (ဖိလိပ္ပိ ၄း၆-၇)** ငြိမ်သက်ခြင်း လိုအပ်သည့်အခါတိုင်း ဆုတောင်းလျက် စိုးရိမ်စရာများကို အထံတော်၌ အပ်နှံပြီး အဖြေအတွက် ကျေးဇူးတော်ချီးမွမ်းပါက ငြိမ်သက်ခြင်းကို ရရှိလိမ့်မည်။

ဉာဏ်ပညာကို လိုသောအခါများလည်း ရှိပါလိမ့်မည်။

**"သင်တို့တွင် တစုံတစ်ယောက်သောသူသည် ပညာကိုလိုလျှင်၊ ကဲ့ရဲ့ ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ၊ ခပ်သိမ်းသော သူတို့အား စေတနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ။ တောင်းလျှင် ရလိမ့်မည်။ သို့ရာတွင် တွေးတောခြင်းမရှိဘဲ ယုံကြည်သောစိတ်နှင့် တောင်းရမည်။ တွေးတောခြင်းရှိသောသူသည်ကား၊ လေခတ်၍ လှုပ်ရှားတတ်သော လှိုင်းတံပိုးနှင့်တူ၏။ ထိုသို့သောသူသည် စိတ်နှစ်ခွရှိသောသူ၊ ပြုလေသမျှတို့၌ မတည်ကြည်သောသူဖြစ်၍၊ ထာဝရဘုရား၏ လက်တော်မှ တစုံတစ်ခုကို ရမည်ဟု မထင်မမှတ်စေနှင့်။" (ယာကုပ် ၁း၅-၈)** ဘုရားသခင်ထံ ဉာဏ်ပညာကို တောင်းခံနိုင်သောလည်း ကိုယ်တော်က ပေးမည်ဟု မျှော်လင့် ရပါမည်။

ဆုတောင်းခြင်းသည် သင်နှင့် ဘုရားသခင်၏ ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည်။ **"ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြု၍၊ ကျေးဇူးတော်ကို ချီးမွမ်းလျက် စောင့်ရှောက်ကြလော့။" (ကောလောသဲ ၄း၂) "အကြောင်းမူကား၊ ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့ဆုတောင်းခြင်းကိုလည်း နားထောင်တော်မူ၏။ ဒုစရိုက်ပြုသော သူတို့ကိုကား၊ ထာဝရဘုရားသည် မျက်နှာလွှဲတော်မူ၏" (၁ပေ ၃း၁၂)**

အောက်ပါကျမ်းပိုဒ်များက ယေရှုဆုတောင်းကြောင်းကို ဖော်ပြသည်။

**"စည်းဝေးသောသူတို့ကို လွှတ်ပြီးမှ ဆုတောင်းပဌနာပြုအံ့သောငှါ တောင်ပေါ်၌ ဆိတ်ကွယ်ရာအရပ်သို့ တက်ကြွသဖြင့်၊ ညအချိန်ရောက်သောအခါ၊ တစ်ယောက်တည်း ရှိနေတော်မူ၏။" (မဿဲ ၁၄း၂၃)**

**"နံနက်အချိန်၊ မိုယ်းမလင်းမှီ ကိုယ်တော်သည် ထပြီးလျှင် တောအရပ်သို့ ထွက်ကြွ၍ ဆုတောင်းတော်မူ၏။" (မာကု ၁း၃၅)**

**"ထိုနေ့ရက်ကာလ၌ ကိုယ်တော်သည် ဆုတောင်းပဌနာပြုခြင်းငှါ တောင်ပေါ်သို့ ကြွ၍ ဘုရားသခင်အား ဆုတောင်းပဌနာပြုလျက် တညဥ့်လုံး နေတော်မူ၏။"**

**(လုကာ ၆း၁၂)**

**"ကိုယ်တော်သည် တောအရပ်သို့ကြွ၍ ဆုတောင်းလေ့ရှိတော်မူ၏။"**

**(လုကာ ၅း၁၆)**

ခရစ်တော်သည် ဆုတောင်းခြင်းကို အဓိက ဦးစားပေးသလို ကျွန်ုပ်တို့လည်း ပြုသင့်ပါသည်။

ယခုပင်ဆုတောင်းလျက် ကျေးဇူးတော် ချီးမွမ်းကြပါစို့။

ခမည်းတော်ဘုရား

ကိုယ်တော်ကို ချီးမွမ်းလျက် ကျေးဇူးတင်ပါသည်။ ကိုယ်တော်သည် အံ့သြဖွယ်ကောင်းလှပါသည်။ ကိုယ်တော်၏ ကောင်းမြတ်ခြင်းနှင့် ဘုန်းတော်ကို ကျွန်ုပ် အံ့သြပါသည်။ အထံတော်သို့ ချဉ်းကပ်ဆုတောင်းခွင့် ပေးသောကြောင့် ကျေးဇူးတင်ပါသည်။ မေတ္တာတော်ကို ဖွင့်ပြသောကြောင့် ကျေးဇူးတင်ပါသည်။

နှုတ်ကပတ်တော်အထဲ၌ ကျေးဇူးတော် ပလ္လင်တော်သို့ ရဲရင့်စွာ တိုးဝင်ခွင့်ပေးလျက်မစခြင်းကို ပေးသောကြောင့် ကျေးဇူးတင်ပါသည်။ ဆုတောင်းခြင်းများကို ကြားနား၍ အဖြေပေးသောကြောင့် ကျေးဇူးတင်ပါသည်။ ယေရှုနာမဖြင့် လာသောအခါတွင် ရဲရင့်စွာ ချဉ်းကပ်ရသောကြောင့် ကျေးဇူးတင်ပါသည်။

ကိုယ်တော်သည် သားသမီးတို့အား တောင်းသောအရာကို ပေးတတ်ပြီး လိုအပ်ချက်များကို မတောင်းမီကပင် သိသောကြောင့် ကျေးဇူးတင်ပါသည်။ အလိုတော်နှင့်အညီ ဆုတောင်းပြီး အဖြေကို မြော်လင့်နိုင်ရန်အတွက် နှုတ်ကပတ်တော်ထဲ၌ အလိုတော်ကို သိခွင့်ပေးသောကြောင့် ကျေးဇူးတင်ပါသည်။

အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ ကျွန်ုပ်တို့အသက်တာ၌လည်း ပြည့်စုံရန် ဖြစ်ပါသည်။ နိုင်ငံတော်နှင့် အုပ်စိုးခြင်းသည် ယခုပင် ကျွန်ုပ်အသက်တာ၌ တည်စေ တော်မူပါ။ အပြစ်များကို ခွင့်လွှတ်သောကြောင့် ကျေးဇူးတင်သလို သူတပါးအပြစ်များကို လည်း ကျွန်ုပ် ခွင့်လွှတ်ပါသည်။

ဘုန်းတော်၌ စံပယ်သော စည်းစိမ်ရှိသည့်အတိုင်း ယေရှုခရစ်အားဖြင့် ကျွန်ုပ်လိုအပ်သည်များကို ပြည့်စုံစေတော်မူပါ။ နှုတ်ကပတ်တော်နှင့်အညီ ကျန်းမာခြင်းနှင့်ကောင်းစားခြင်း ရရှိဖို့ တောင်းလျှောက်ပါသည်။ ကိုယ်တော်သည် ကြွယ်ဝစွာ ထောက်ပံ့ပြီးဘာအတွက်မှ စိတ်ပူစရာ မလိုသောကြောင့် ကျေးဇူးတင်ပါသည်။

လူတို့ ကြံစည်၍ မမှီနိုင်သော ငြိမ်သက်ခြင်းကို ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ အပြစ်၊ ဖျားနာခြင်းနှင့် ချို့တဲ့ခြင်းသည် ကျွန်ုပ်အပေါ်တွင် တန်ခိုးမရှိတော့သောကြောင့် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်သခင် ကယ်တင်ရှင် ယေရှုအားဖြင့် ကျွန်ုပ်သည် အောင်မြင်သောသူထက် အောင်မြင်သောသူ ဖြစ်ပါသည်။

ယနေ့ ကျွန်ုပ်လိုအပ်သော ဉာဏ်ပညာ၊ ယုံကြည်ခြင်းနှင့် မေတ္တာကို ပေးသနားတော်မူပါ။ ယနေ့ သမ္မာတရားကို သွန်သင်ပြသမည့် ဝိညာဉ်တော်အတွက် ကျေးဇူးတင်ပါသည်။ ကိုယ်တော် ဖြစ်စေချင်သည့်အတိုင်းဖြစ်၍ ကိုယ်တော်၏ အလိုတော်ကို အမြဲဆောင်နိုင်ရန်အတွက် မည်ကဲ့သို့ အသက်ရှင်ရမည်ကို သွန်သင်တော်မူပါ။ ဆုတောင်းခြင်းကို နားညောင်းသည့်အတွက် ကျေးဇူးတင်ပါသည်။

ယေရှုနာမ၌ ဆုတောင်းပါသည်။

အာမင်။

## စစ်မှန်သော ပျော်ရွှင်ခြင်းဆိုသည်မှာ
## ဝိညာဉ်တော် အထဲ၌ အသက်ရှင်ခြင်းဖြစ်သည်၊

## အခန်း (၆)

စစ်မှန်သောပျော်ရွှင်ခြင်းဆိုသည်မှာ ဝိညာဉ်တော်အထဲ၌ အသက်ရှင်ခြင်း ဖြစ်သည်။ ယေရှုခရစ်ကို ကယ်တင်ရှင်နှင့် သခင်အဖြစ် လက်ခံသည့်အချိန်၌ ဝိညာဉ်တော်သည် သင့်အသက်တာထဲ၌ ကြီးမားစွာ အကျိုးသက်ရောက်မှု ပြုနေပြီဖြစ်သည်။

သင်သည် ဝိညာဉ်တော်အားဖြင့် အလင်းဖွင့်ပြခြင်းခံရပြီ ဒုတိယမွေးခြင်းကို ခံရသည်။ ယခုကိုယ်တော်သည် သင့်အထဲ၌ အသက်ရှင်ပြီး သင့်အသက်တာ၏ ကဏ္ဍတိုင်းကို လမ်းပြသွန်သင်နေသည်။

သင့်အထဲ၌ ဝိညာဉ်တော် ယခုအသက်ရှင်သောကြောင့် သင်သည် သဘာဝ အသိတရားကို ကျော်လွန်နိုင်ပါသည်။ သင့်ကို ခရစ်တော်အထဲ၌ အသက်ပြန်ရှင်စေသောကြောင့် သင်၏ ဖြစ်နိုင်စွမ်းရည်သည် အဆုံးမရှိတော့ပါ။

သန့်ရှင်းသောဝိညာဉ်တော်သည် သင့်တခါမှ စိတ်မကူးဘူးသော နည်းလမ်းဖြင့် သင့်ကို လမ်းပြပို့ဆောင်နိုင်ပါသည်။ သင်သည် ဘုရားသခင်၏ သားသမီးဖြစ်ကြောင်း ဝိညာဉ်တော်က သက်သေခံပါသည်။ ကိုယ်တော်နှင့်အတူ သင်ပူးပေါင်း၍ လမ်းပြမှုနောက်သို့ လိုက်သောအခါ သင်သည် အရာရာ၌ ဝိညာဉ်တော်၏ ဦးဆောင်မှုကို ခံရပါလိမ့်မည်။

စစ်မှန်သော ပျော်ရွှင်ခြင်းသည် ဝိညာဉ်တော်ထဲ၌ အသက်ရှင်ခြင်းဖြစ်သည်။

ယေရှုခရစ်သည် လူသားများအတွက် အသက်ကိုစွန့်၍ ခမည်းတော်ထံသို့ ပြန်သွားရတော့မည်ကို သိသောအခါ မိမိကို ယုံကြည်သောသူတို့အား ဤသို့ မိန့်တော်မူပါသည်။

**“ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တပါးသော ဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ် တည်နေစေခြင်းငှါ သင်တို့အား ပေးတော်မူမည်။ ထိုဝိညာဉ်တော်ကို လောကီသားတို့သည် မသိမမြင်သောကြောင့် မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေ၍၊ သင်တို့၌ ရှိတော်မူသောကြောင့် သင်တို့ သိရကြ၏။ ငါသည် သင်တို့ကို မိဘမဲ့ ဖြစ်စေခြင်းငှါ စွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့ လာဦးမည်။” (ယော ၁၄း၁၆-၁၈)**

**“ငါသည် သင်တို့နှင့်အတူရှိစဉ်တွင် ဤစကားကို ပြောခဲ့ပြီ။ ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဇ္ဈာယ် ဆရာတည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသော အရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်။ ငြိမ်သက်ခြင်းကို သင်တို့၌ ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။ လောကီသားတို့ ပေးသကဲ့သို့ ငါပေးသည်မဟုတ်။ သင်တို့စိတ်နှလုံး ပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်။” (ယော ၁၄း၂၅-၂၇)**

**“ခမည်းတော်ထံမှ ထွက်လာ၍ သမ္မာတရားနှင့် ပြည့်စုံသော ဝိညာဉ်တော်တည်းဟူသော ခမည်းတော်ထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတံ့သော ဥပဇ္ဈာယ် ဆရာသည် ရောက်လာသောအခါ၊ ငါ၏အကြောင်းကို သက်သေခံလိမ့်မည်။ သင်တို့သည်လည်း ရှေ့ဦးစွာမှစ၍ ငါနှင့်အတူ ရှိနေသောကြောင့် သက်သေခံရကြ လိမ့်မည်။”**
**(ယော ၁၅း၂၆-၂၇)**

**“သင်တို့သည် စိတ်မပျက်စေခြင်းငှါ ဤစကားကို ငါဟောပြော၏။”**
**(ယော ၁၆း၁)**

**“ငါအမှန်အကန်ဆိုသည်ကား၊ ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွားလျှင် ဥပဇ္ဈာယ်ဆရာသည် သင်တို့ဆီသို့ မလာ။ ငါသွားလျှင် ထိုသူကို သင်တို့ဆီသို့ ငါစေလွှတ်မည်။” (ယော ၁၆း၇)**

**“သမ္မာတရားနှင့် ပြည့်စုံသော ဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလတံ့သောအရာတို့ကိုလည်း သင်တို့အား ဘော်ပြလိမ့်မည်။” (ယော ၁၆း၁၃)**

**“ထိုသူသည် ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။ အကြောင်းမူကား၊ ငါနှင့် စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အား ဘော်ပြလိမ့်မည်။ ခမည်းတော်နှင့် စပ်ဆိုင်သမျှသည် ငါနှင့်စပ်ဆိုင်၏။ ထိုကြောင့် ငါနှင့် စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အား ဘော်ပြလိမ့်မည်ဟု ငါပြော၏။” (ယော ၁၆း၁၄-၁၅)**

ယေရှုသည် တပည့်တော်များနှင့် သုံးနှစ်လုံးလုံး ကိုယ်ခန္ဓာဖြင့် နေ့စဉ် အတူနေခဲ့

သည်။ ကိုယ်တော်ထံမှ တိုက်ရိုက် ခံယူရပြီး သူတို့လိုအပ်သမျှကို ကိုယ်တော်ပြည့်ဝစေသည်။ ထို့ကြောင့် ကိုယ်တော်သည် သူကောင်းကင်ဘုံသို့ တတ်ကြွသွားသော်လည်း ဘုရားသခင် အတူပါရှိမည့် အကြောင်းကို ပြောပြလျက် နှစ်သိမ့် ခွန်အားပေးလိုသည်။

နှုတ်ကပတ်တော်က တဆူတည်းသောဘုရားသည် ပုဂ္ဂိုလ်သုံးပါးအဖြစ် ဖော်ပြသည်ဟု သွန်သင်ထားသည်။ သုံးပါးတဆူ၏ ပုဂ္ဂိုလ်သုံးပါးကို အသိအမှတ် ပြုမှသာလျှင် မှန်ကန်စွာ ဆက်ဆံနိုင်ပါလိမ့်မည်။

ဖန်ဆင်းရှင်နှင့် ဆက်ဆံရန် လိုအပ်ကြောင်း ဝိညာဉ်တော်က စတင်ဖော်ပြသောအခါ ဝိညာဉ်တော်နှင့်သင် ပထမဆုံးအကြိမ် ထိတွေ့ရသည်။ အပြစ်ထဲ၌ သေနေစဉ် အသက်ရှင်စေလျက် ဝိညာဉ်အရာများကို မြင်စေရန် မျက်စိကို ဖွင့်ပေးသည်။ ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် ဖွင့်ပြပေးသည်။

ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံသောအခါ သင်သည် ဒုတိယမွေးခြင်းကို ခံရသည်။ ဘုရားဇီဇကိုရရှိပြီး ဝိညာဉ်ရေး သမ္မာတရားများအတွက် အသက်ရှင်လာသည်။ မမြင်ရသော ဤနယ်ပယ်သည် ဝိညာဉ်ပိုင်းနှင့် ကောင်းကင်ဘုံနှင့် ဆိုင်သည်။ လောကနှင့် မဆိုင်သောကြောင့် ဒုတိယမွေးခြင်းခံသောသူကိုသာလျှင် ဝိညာဉ်တော်က ဖွင့်ပြသည်။ ယေရှုသည် ဘာသာရေးသမားတစ်ဦးထံ ဤသို့ပြောကြားခဲ့သည်။

**“ယေရှုက၊ ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟုပြန်၍ မိန့်တော်မူ၏။ နိကောဒင်ကလည်း အသက်ကြီးသောသူသည် မွေးခြင်းကို အဘယ်သို့ ခံနိုင်ပါမည်နည်း။ အမိဝမ်းထဲသို့ တဖန်ဝင်၍ မွေးခြင်းကို ခံနိုင်ပါမည်လောဟု လျှောက်၏။ ယေရှုကလည်း၊ ရေနှင့် ဝိညာဉ်တော် မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန်အကန်ဆို၏။ ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ်တော်မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။ ဒုတိယမွေးခြင်းကို ခံရမည်ဟု ငါဟောပြောသည်ကို အံ့ဩခြင်းမရှိနှင့်။ လေသည် အလိုရှိတိုင်း သွားလာ၏။ လေ၏အသံကို သင်သည် ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့ သွားသည်ကို မသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော် မွေးသောသူ ဖြစ်သည်ဟု မိန့်တော်မူ၏။” (ယော ၃း၃-၈)**

ယနေ့တွင်လည်း ဝိညာဉ်ရေးသမ္မာတရားကို နားမလည်သော ဘာသာရေးသမားများစွာ ရှိပါသည်။ သူတို့သည် ဘုရားသခင်၏နိုင်ငံကို မမြင်နိုင်၊ မဝင်နိုင်ကြပါ။ သူတို့၏ ဘာသာရေး ဆန်သောလုပ်ရပ် ရိုးရာဓလေ့ ကောင်းသောအကျင့်များသည် အချည်းနှီးသာဖြစ်သည်။ ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံပါက ဒုတယမွေးခြင်းခံဖို့ လိုပါသည်။

ယေရှုက ဤသို့ပြောခဲ့သည်ကို သတိရပါ။

**“ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။” (ယော ၁၄း၆)**

ဘာသာရေးသမားများသည် သင်၏အသစ်သောအသက်တာကို နားမလည်နိုင်ကြပါ။ ကျမ်းစာကပြောထားသည်မှာ -

**“ဇာတိပကတိလူသည် ဘုရားသခင်၏ ဝိညာဉ်တော်အရာတို့ကို မခံမယူ။ ထိုအရာတို့သည် မိုက်မဲသော အရာဖြစ်သည်ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍ နားလည်နိုင်သောကြောင့်၊ ဇာတိပကတိလူသည် နားမလည်နိုင်။ ဝိညာဉ်လူမူကား၊ ထိုအရာအလုံးစုံတို့ကို ပိုင်းခြား၍ နားလည်တတ်၏။ သို့သော်လည်း ထိုလူကို အဘယ်သူမျှ ပိုင်းခြား၍ မသိနိုင်။ ထိုလူကို သွန်သင်နိုင်မည်အကြောင်း အဘယ်သူသည် ထာဝရဘုရား၏ စိတ်တော်ကို သိသနည်း။ ငါတို့မူကား ခရစ်တော်၏ စိတ်ကို ခံရကြ၏။” (၁ကော ၂း၁၄-၁၆)**

ထို့ကြောင့် ဒုတိယမွေးခြင်းမခံသောသူက သင်စဉ်းစားသလို စဉ်းစားရန်၊ သင်ပြုမူသလို ပြုမူရန် မမျှော်လင့်ပါနှင့်။ သင့်အသက်တာနှင့် စဉ်းစားပုံသည် သူတို့အတွက် မိုက်မဲခြင်း ဖြစ်ပါလိမ့်မည်။

သူတို့၏ စဉ်းစားပုံ အသက်ရှင်ပုံနှင့် ဆုံးဖြတ်ပုံတို့ကို အတုမယူပါနှင့်။ ယခု သင့်မှာ ခရစ်တော်၏ စိတ်သဘောရှိပြီး ဝိညာဉ်တော်သည် နိုင်ငံတော်၏ ထုံးတမ်းနှင့်အညီ သင်အသက်ရှင်တတ်စေရန် သွန်သင်ပါလိမ့်မည်။

**“သမ္မာတရားနှင့် ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလတံ့သော အရာတို့ကိုလည်း သင်တို့အား ဘော်ပြလိမ့်မည်။”(ယော ၁၆း၁၃)**

**“လူ၏ နက်နဲသောအရာကို လူ၌ရှိသော မိမိစိတ်ဝိညာဉ်မှတပါး အဘယ်သူ သိသနည်း။ ထိုနည်းတူ ဘုရားသခင်၏ နက်နဲသောအရာကို ဘုရားသခင်၏**

**ဝိညာဉ်တော်မှတပါး အဘယ်သူမျှ မသိ။ ငါတို့သည် လောကီ ဝိညာဉ်ကို မခံရကြ။ ဘုရားသခင်ပေးတော်မူသော အရာတို့ကို သိခြင်းအလို့ငှါ ဘုရားသခင့်ထံမှ ကြွလာသော ဝိညာဉ်ကို ခံရကြပြီ။" (၁ကော ၂း၁၁-၁၂)**

ယုံကြည်သူတို့အား လူတို့ကို အားမကိုးဘဲ ဝိညာဉ်တော်၏ သွန်သင်မှုကို အားကိုးရန် သွန်သင်ထားသည်။ **"သင်တို့ကို လှည့်ဖြားသောသူတို့၏ အကြောင်းကို ဤသို့ သင်တို့အား ငါရေး၍ ပေးလိုက်၏။ သို့သော်လည်း သန့်ရှင်းတော်မူသော ဘုရား၏လက်မှ သင်တို့ခံရသော ဘိသိက် ကျေးဇူးတော်သည် သင်တို့၌ ရှိသည်ဖြစ်၍၊ အဘယ်သူမျှ သင်တို့ကို ဆုံးမဩဝါဒပေးစရာအကြောင်းမရှိ။ ထိုဘိသိက်ကျေးဇူးတော်သည် ဖြစ်ယောင် ဆောင်သည်မဟုတ်၊ အမှန်ဖြစ်လျက် ခပ်သိမ်းသော အရာတို့ကို သင်တို့အား သွန်သင် တော်မူသည်အတိုင်း၊ သင်တို့သည် သားတော်၌ တည်နေကြလော့။"**

**(၁ယော ၂း၂၆-၂၇)**

ဝိညာဉ်တော်သည် သမ္မာတရားကို သွန်သင်ပြီး သမ္မာတရားနှင့် ရန်သူ စာတန်၏ လိမ်ညာမှုကို ပိုင်ခြားတတ်စေလိမ့်မည်။ သင်သည် မိမိဉာဏ်နှင့် ဝိညာဉ်တော်ကို မရသော လူများကို အားမကိုးဘဲ ဝိညာဉ်တော်ကိုသာ အားကိုးရမည်။

ဝိညာဉ်တော်သည် နှုတ်ကပတ်တော် ရေးသားခြင်းကို ညွှန်ကြားပြီး ဘုရားသခင်၏ စိတ်ကူးကို သိသည်။ ကိုယ်တော်ကို ကိုးစားပါက အသက်တာ၏ ကဏ္ဍတိုင်း၌ သမ္မာတရား ကို ဖော်ပြလိမ့်မည်။

ဝိညာဉ်တော်နှင့်နေ့စဉ် ဆက်ဆံရာတွင် အသိဉာဏ်အားဖြင့် စိတ်ခံစားမှုနှင့် အာရုံ အားဖြင့် မဟုတ်ဘဲ နှုတ်ကပတ်တော် ဖတ်ရှုလေ့လာစဉ်တွင် မိမိဝိညာဉ်နှင့် ဝိညာဉ်တော်ကို ဆက်သွယ်ပြောဆိုရမည်။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် ဝိညာဉ်တော်နှင့် ဆက်ဆံ ရေး၏ အရေးကြီးသောအပိုင်းတွင် နေရာယူရမည်။

ရန်သူသည် စာတန်သည် လှည့်စားသူဖြစ်ပြီး အမြဲအတုလုပ်တတ်သည်။ မုသာကို အမှန်ဟု ထင်ရစေပြီး သမ္မာတရားကို သိမှသာ ၎င်းကို ခွဲခြားတတ်လိမ့်မည်။ နှုတ်ကပတ်တော် ဆိုသော ဝိညာဉ်တော် မှုတ်သွင်းသည့် သမ္မာတရားကို သိပါက မာရ်နတ်၏ လိမ်ညာမှုကို ပိုင်းခြားသိတတ်မည်။

ထို့ကြောင့် နှုတ်ကပတ်တော်သည် ဝိညာဉ်တော် စကားပြောသည်ကို သိစေရန် အရေးကြီးသည်။ ဝိညာဉ်တော်သည် ခရစ်တော်နှင့် ဆိုင်သောအရာကိုယူ၍ ကျွန်ုပ်တို့ကို သိစေသည်။ ခရစ်တော်နှင့် ဆိုင်သမျှသည် ယေရှုနှင့် ဆိုင်သည်။ ထို့ကြောင့် ဝိညာဉ်တော် သည် ဘုရားသခင်၏ စိတ်သဘောတော်ကို နှုတ်ကပတ်တော်နှင့်အညီ ပြောဆိုလိမ့်မည်။

ဝိညာဉ်တော်သည် ကျမ်းစာနှင့် ဆန့်ကျင်စွာ လမ်းပြနေသည်ဟု ထင်ပါက ဤအရာ သည် ဘုရားသခင်ထံမှ မလာပါ။ မာရ်နတ်က လမ်းလွဲစေခြင်း (သို့) ကျွန်ုပ်တို့၏ သဘာဝ အသိဉာဏ် ခံစားချက်တို့က ပြောဆိုနေခြင်း ဖြစ်လိမ့်မည်။

**"ဘုရားသခင်၏ နှုတ်ကပတ် တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့် ပြည့်စုံခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ်ကိုငင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုငင်း ပိုင်းခြား၍ ထုတ်ချင်း ခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။" (ဟေဗြဲ ၄း၁၂)**

**"နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ် လမ်းခရီးကို လင်းစေပါ၏။" (ဆာလံ ၁၁၉း၁၀၅)**

နှုတ်ကပတော်သည် အလိုတော်နှင့် စိတ်သဘောတော်ကိုသာ ဖော်ပြလိမ့်မည်။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ နှလုံးသား၊ စိတ်သဘော၊ ခံစားမှုနှင့် ဆန္ဒများထဲတွင် ဝိညာဉ်အရာနှင့် သဘာဝအရာကို ပိုင်းခြားပေးသည်။

သို့ရာတွင် ဘုရားသခင်၏ လမ်းပြမှုနှင့် ဝိညာဉ်တော်၏ ဦးဆောင်မှုကို နေ့စဉ် ရရှိရန် မိမိဆန္ဒကို လက်နက်ချ အပ်နှံရမည်။ ကိုယ်တော်အလိုရှိသောအရာကိုသာ လိုချင် ရမည်။ ထိုအခါမှသာ ဝိညာဉ်တော်သည် ဘုရားသခင်၏ ကောင်းမြတ်စုံလင်ပြည့်ဝသော အလိုတော်ကို ကျွန်ုပ်တို့အထဲ၌ အကောင်အထည်ဖော်ပေးနိုင်လိမ့်မည်။

ဘုရားသခင် ပြင်ဆင်ပေးသော အသက်တာကို ပြည့်စုံစေခြင်းထက် ပို၍ ပျော်ရွှင် စရာ ကောင်းသောအရာ မရှိတော့ပါ။ ဖန်ဆင်းရှင်၊ ရွေးနှုတ်ရှင်နှင့် ညီညွတ်စွာ အသက်ရှင် ခြင်းသည် ငြိမ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေသည်။ ဝိညာဉ်တော်၏ လမ်းပြမှုနောက်သို့ လိုက်သောအခါ ဘုရားသခင်၏ မျက်မှောက်တော်နှင့် ငြိမ်သက်ခြင်းကို ခံစားရလိမ့်မည်။

**"ဇာတိပကတိ ရှိသောသူတို့သည် ဇာတိပကတိနှင့် စပ်ဆိုင်သော အရာတို့ကို စွဲလမ်းသော စိတ်သဘောရှိကြ၏။ ဝိညာဉ်ပကတိရှိသော သူတို့မူကား၊ ဝိညာဉ် ပကတိနှင့် စပ်ဆိုင်သော အရာတို့ကို စွဲလမ်းသော စိတ်သဘော ရှိကြ၏။ ဇာတိပကတိ စိတ်သဘောသည် သေခြင်းအကြောင်းဖြစ်၏။ ဝိညာဉ်ပကတိစိတ်သဘောသည် အသက်ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်း ဖြစ်၏။" (ရောမ ၈း၅-၆)**

( ၂၉ )

**“ဘုရားသခင်၏ ဝိညာဉ်တော် ဆုံးမပဲ့ပြင်တော် မူသမျှသော သူတို့သည် ဘုရားသခင်၏ သားဖြစ်ကြ၏။” (ရောမ ၈း၁၄)**

ကျွန်ုပ်တို့သည် ဝိညာဉ်တော် အလိုရှိသောအရာကို အာရုံစိုက်လျက် သူကိုသာ စိတ်နှလုံးကို ကြီးစိုးစေရမည်။ ထိုအခါမှသာ အရာရာ၌ ဝိညာဉ်တော်၏ လမ်းပြမှုကို ခံရလိမ့်မည်။ ကျွန်ုပ်တို့အသက်တာအတွက် မည်သည့်အလိုတော်ကို ထားသင့်သည်ဟု ဘုရားသခင်ကို မပြောရပါ။ ကြိုတင်ထားရှိသော အကြံအစည်များနှင့် စိတ်ကူးများကို စွန့်လွှတ်ရမည်။

ထို့နောက် နားခံရန် အသင့်ရှိရမည်။ ကျွန်ုပ်တို့က လိုက်နာရန် စိတ်မကူးပါက ကိုယ်တော်က လမ်းပြမည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် နာခံလိုသော ရည်ရွယ်ချက်ဖြင့် အလိုတော်ကို သိချင်စိတ်ရှိရမည်။

ကျွန်ုပ်တို့သည် ကိုယ်တော်ဖော်ပြသော အလိုတော်ကို နာခံရန် ရွေးချယ်နေပါက အသံတော်ကို ကြား၍ ဝိညာဉ်တော်၏ လမ်းပြမှုကို သိနိုင်စွမ်းနည်းပါးသွားလိမ့်မည်။ ကျွန်ုပ်တို့ ကောင်းကျိုးနှင့် ဘုရားသခင်၏ ဘုန်းတော်အတွက် ကျွန်ုပ်တို့သည် အခြေအနေတိုင်း၌ ဝိညာဉ်တော်၏ လမ်းပြမှုကို နာခံရန် အသင့်ရှိရမည်။ ထိုသို့ ပြုပါက မေးခွန်းမထုတ်ဘဲ ခမည်းတော်ဘုရားအပေါ် ယုံကြည်ကိုးစားကြောင်းကို ပြောနေခြင်းဖြစ်သည်။

ယင်းအပြင် ဝိညာဉ်တော်၏ လမ်းပြမှုကို စိတ်ချရမည်။ နှလုံးသားအကြွင်းမဲ့ ကိုယ်တော်အပေါ် မှီခို၍ မျက်နှာတော်ကို ကြည့်ရမည်။

**“ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင်၊ သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။” (သုတ္တံ ၃း၅-၆)**

**“ထာဝရဘုရားကို ကိုးစားသောသူ၊ ထာဝရဘုရားကို မိမိ ကိုးစားရာအကြောင်း ဖြစ်စေသောသူသည် ကောင်းကြီးမင်္ဂလာကို ခံအပ်သောသူဖြစ်၏။ ထိုသူသည်ကား၊ ရေရှိသောအရပ်၌စိုက်၍ မြစ်နားမှာ အမြစ်ဖြာသဖြင့်၊ ပူသောအရှိန် ရောက်ကြောင်းကို မသိ၊ အရွက်မညှိုးနွမ်း၊ မိုဃ်းခေါင်သောကာလ၌ စိုးရိမ်စရာမရှိဘဲ၊ အစဉ်အမြဲ အသီးကို သီးတတ်သောအပင်နှင့် တူ၏။” (ယေရမိ ၁၇း၇-၈)**

ဝိညာဉ်တော်က ကျွန်ုပ်တို့အတွက် မကောင်းသောလမ်းသို့ ပို့မှာကို ကြောက်စရာ မလိုပါ။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ ကောင်းကျိုးကိုသာ စိတ်ဝင်စားပါသည်။ ဘုရားသခင်၏ စိတ်တော်ကိုသိသလို အဆုံးမှ အစကိုသိပြီး ဘယ်တော့မှ အမှားမလုပ်ပါ။ ကိုယ်တော်ကို အပြည့်အဝကိုးစားကာ ဤကိုးစားခြင်းကို ချက်ခြင်း မရရှိနိုင်ပါ။ အကြိမ်ကြိမ်ပြုလုပ်၍ သင်ယူရမည်။ ကိုယ်တော်သည် ဤအရာကို နားလည်ပြီး စိတ်ရှည်ပါသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် လျှောက်လှမ်းရာတွင် အကြိမ်ကြိမ် လဲမည်ဖြစ်သော်လည်း ကိုယ်တော်ကလည်း လဲကျခွင့်ပြုမည်မဟုတ်ပါ။ ကိုယ်တော်သည် အမှားများမှ သင်ယူခွင့်ပေးပြီး အနာဂတ်တွင် ကိုယ်တော်၏ အသံတော်နှင့် လမ်းပြမှုကို သိစေသည်။

ကျွန်ုပ်တို့ အသက်တာတွင်လည်း ကလေးငယ်ကဲ့သို့ စတင်ကြသည်။ တွားသွားတတ်ပြီးမှ မတ်တပ်ရပ်၍ လမ်းလျှောက်သလို ဝိညာဉ်ရေး၌ ပုံမှန် သင်ယူ၍ လျှောက်လှမ်းရသည်။

ဝိညာဉ်တော်၌ လျှောက်လှမ်းခြင်းသည် ဘုရားသခင် နှစ်သက်သော အသက်တာဖြစ်သည်။ သားသမီးများအနေဖြင့် ခမည်းတော်၏ ဘုန်းတော်ကို ထင်ရှားစေရန် အသက်ရှင်ကြရမည်။

**“ငါပြဆိုသည်ကား၊ ဝိညာဉ်ပကတိအတိုင်း ကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏ အလိုသို့ မလိုက်ဘဲ နေကြလိမ့်မည်။” (ဂလာတိ ၅း၁၆)**

**“ထိုသို့ သင်တို့သည် ဘုရားသခင်၏ ချစ်သားဖြစ်ကြသည်နှင့်အညီ၊ ဘုရားသခင် ကျင့်တော်မူသည်နည်းတူ ကျင့်ကြလော့။ ခရစ်တော်သည် ငါတို့ကို ချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌ မွှေးကြိုင်သော အနံ့ ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ် ဆက်ကပ်၍ ယဇ်ပူဇော်လျက်၊ ငါတို့အတွက် စွန့်တော်မူသည်နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြလော့။” (ဧဖက် ၅း၁-၂)**

**“ထိုကြောင့် ခရစ်တော်သည် ငါတို့ကို လွှတ်တော်မူသော လွတ်ခြင်းအခွင့်၌ တည်နေသဖြင့်၊ ကျွန်ခံရာ ထမ်းဘိုးကိုထမ်း၍ ချည်နှောင်ခြင်းကို တဖန်မခံကြနှင့်။” (ဂလာတိ ၅း၁)**

ကျွန်ုပ်တို့သည် အပြစ်ကျွန်ဘဝမှ လွတ်မြောက်လျက် ဘုရားသခင် အလိုတော်အတိုင်း အသက်ရှင်ရသည်။ ယခုတွင် ကျွန်ုပ်တို့သည် ယေရှုအသက်ရှင်သလို ရှင်ရပြီး ဝိညာဉ်တော်က တန်ခိုးပေးပါသည်။

**“ခရစ်တော်နှင့် စပ်ဆိုင်သော သူတို့သည် ဇာတိပကတိကိုဒင်း၊ ဇာတိပကတိ**

**စိတ်များနှင့် အလိုဆန္ဒများကိုငင်း၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ။ သို့ဖြစ်၍ ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်လျှင်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်ကြ ကုန်အံ့။" (ဂလာတိ ၅း၂၄-၂၅)**

ကျွန်ုပ်တို့သည် ဇာတိသဘောဖြင့် အသက်မရှင်ကြတော့ပါ။ ယေရှု၏အသက်တာသည် မေတ္တာအသက်တာဖြစ်သည်။

ယေရှုသည် သူတပါးကို စေခိုင်းရန် မဟုတ်ဘဲ၊ အစေခံ၍ မိမိအသက်ကိုစွန့်ရန် ကြွလာသည်။ **"သူတပါးအစေကို ခံခြင်းငှါငင်း၊ မိမိအသက်ကိုစွန့်၍ လူများကို ရွေးခြင်းငှါ ငင်း၊ ကြွလာသည်ဖြစ်၍၊ ထိုနည်းတူ သင်တို့တွင် အကဲအမှူးပြုလိုသောသူကို သင်တို့ အစေခံဖြစ်စေ။ သင်တို့တွင် အထွဋ်အမြတ်လုပ်ချင်သော သူကိုလည်း သင်တို့ကျွန်ဖြစ်စေ ဟု မိန့်တော်မူ၏။" (မဿဲ ၂၀း၂၈)** ထိုနည်းတူပင် ဘုရားသခင်၏ မေတ္တာ အသက်တာမျိုးကို ကျွန်ုပ်တို့သည် ဝိညာဉ်တော် ခွန်အားပေးသည့်အတိုင်း အသက်ရှင်ကြရမည်။

**"သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိ ရှိသမျှနှင့် ချစ်လော့။ ဤပညတ်သည် ပဌမ ပညတ်ဖြစ်၏။ ထိုမှတပါး ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယပညတ်သည် ပဌမပညတ်နှင့် သဘောတူ၏။ ဤပညတ်တို့ထက် သာ၍ ကြီးမြတ်သောပညတ် မရှိဟု ပြန်၍ မိန့်တော်မူ၏။" (မာကု ၁၂း၃၀-၃၁)**

**"သင်တို့သည် ကိုယ်၌ သူတပါးပြုစေလိုသည်အတိုင်း သူတပါး၌ ပြုကြလော့"**

**(လုကာ ၆း၃၁)**

**"ဝိညာဉ်ပတိ၏ အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့်ကို အဘယ်တရားမျှ မမြင်တား"**

**(ဂလာတိ ၅း၂၂-၂၃)**

**"မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။ မလျော်ကပတ်စွာ မကျင့်တတ်၊ ကိုယ်အကျိုးကို မရှာတတ်၊ ဒေါသအမျက် မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်၊ မတရားသော အမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသောအရာကို မြော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတတ်၏။ မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ် ကင်းလွတ်၏။ ပရောဖက်ဉာဏ်သော်ငင်း၊ အမျိုးမျိုးသော ဘာသာစကားကို ပြောနိုင်သော အခွင့်သော်ငင်း၊ သိပ္ပံအတတ်သော်ငင်း၊ ကွယ်ပျောက်လိမ့်မည်။" (၁ကော ၁၃း၄-၈)**

**"ထိုမြော်လင့်ခြင်းသည် ရှက်ကြောက်စရာအကြောင်းနှင့် ကင်းလွတ်၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့အား ပေးတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏ မေတ္တာတော်ကို ငါတို့ စိတ်နှလုံးထဲသို့ ညွန်းလောင်းတော်မူ၏။" (ရောမ ၅း၅)** ထို့ကြောင့် ယခုကျွန်ုပ်တို့သည် လူနှင့် ဘုရားသခင်ကို မိမိနည်းအရ ချစ်နိုင်ကြပါပြီ။ ဝိညာဉ်တော်ကို အရာရာ၌ နာခံပြီး၊ အခြေအနေတိုင်း၌ ယေရှုလုပ်မည့်အရာ စဉ်းစားပြီး ထိုအတူ ပြုမူကြပါသည်။

အခြေအနေတစ်ခုတွင် သူတပါးသင့်အတွက် လုပ်ပေးစေလိုသောအရာကို စဉ်းစားလျက် သူတပါးကို ထိုအတူပြုလုပ်ပါ။ မိမိကိုယ်ကို ဆက်ဆံသကဲ့သို့ သူတပါးအား ဆက်ဆံပါ။

ဘုရားသခင်သည် သင့်ဘဝ၏ ဟာနေသောအရာကို ဖြည့်စွက်ပေးခဲ့သောကြောင့် အရာရာ၌ သင့်ကိုယ်သင် ပထမနေရာတွင် ထားရန်မလိုတော့ပါ။ ဘုရားသခင်ကိုသာ ပထမနေရာတွင် ထားပြီး သူတပါးကို ကိုယ်ထက်ဦးစားပေးကာ အောက်ပါကျမ်းပိုဒ်ကို ဖတ်ရှုဆင်ခြင် အောက်မေ့၍ နာခံပါ။

**"ထို့ကြောင့် ခရစ်တော်၌ သက်သာခြင်း၊ မေတ္တာနှင့် စပ်ဆိုင်သော ချမ်းသာခြင်း၊ ဝိညာဉ်တော်နှင့် မိဿဟာယဖွဲ့ခြင်း၊ သနားစုံမက်ခြင်း တည်းဟူသောအရာ တစုံတစ်ခုရှိလျှင်၊ သင်တို့သည် အချင်းချင်းချစ်ကြ၍၊ စိတ်မကွဲပြားဘဲ တလုံးတဝတည်း ကြံစည်ခြင်းနှင့်တကွ၊ သဘောတညီတညွတ်တည်းရှိသောအားဖြင့်၊ ငါဝမ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့။ ရန်တွေ့လိုသောစိတ်၊ အချည်းနှီး ကျောစော ကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကိုမျှ မပြုကြနှင့်။ သူတပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသောစိတ်ရှိ၍ တစ်ယောက်ကိုတစ်ယောက် ထင်မှတ်ကြလော့။ ကိုယ်အမှုအရာကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်း ရှုမှတ်ကြလော့။ ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏ သဏ္ဍာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကိုစွန့်၍ အစေခံကျွန်၏**

သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့ လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏။ ထိုကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသောသတ္တဝါ တည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ ဘွဲ့နာမတော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့် ဝန်ခံသဖြင့်၊ ခမည်းတော် ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည် အကြောင်းတည်း။" (ဖိလိပ္ပိ ၂း၁-၁၁)

"ငါ့စကားကိုကြားရသော သင်တို့အား ငါဆိုသည်ကား၊ သင်တို့၏ ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို ကျိန်ဆဲသော သူတို့အား မေတ္တာ ပို့ကြလော့။ သင်တို့ကို နှောင့်ရှက်သော သူတို့အဘို့ ဘုရားသခင်ကို ဆုတောင်းကြလော့။ သင်၏ ပါးတဘက်ကို ပုတ်သောသူအား ပါးတဘက်ကို ပေးဦးလော့။ သင့်ဝတ်လုံကို သိမ်းယူသောသူအား သင့်အကျႌကိုလည်း ယူစေခြင်းငှါ အခွင့်ပေးဦးလော့။ အကြင်သူသည် သင့်ကို တောင်း၏၊ ထိုသူအား ပေးလော့။ သင့်ဉစ္စာကို သိမ်းယူသောသူအား ပြန်၍မတောင်းနှင့်။ သင်တို့သည် ကိုယ်၌ သူတပါး ပြုစေလိုသည် အတိုင်း သူတပါး၌ ပြုကြလော့။ သင်တို့ကို ချစ်သောသူတို့အားသာ ချစ်တုံ့ပြုလျှင် အဘယ်ကျေးဇူး တင်သနည်း။ ဆိုးသော သူတို့သည် ကိုယ်ကို ချစ်သောသူတို့အား ချစ်တုံ့ပြုကြသည်မဟုတ်လော။ သင်တို့ကို ကျေးဇူးပြုသော သူတို့အားသာ ကျေးဇူးပြုလျှင် အဘယ်ကျေးဇူး တင်သနည်း။ ဆိုးသောသူတို့သည် ဤမျှလောက် ပြုကြသည် မဟုတ်လော့။ သူတပါးအား ဉစ္စာချေးငှါးသောအခါ ဆပ်ပေးလိမ့်မည်ဟု မြော်လင့်လျက် ချေးငှါးလျှင် အဘယ်ကျေးဇူးတင်သနည်း။ ဆိုးသောသူတို့သည် ကျေးဇူးဆပ်ခြင်းကို ခံလို၍ ဆိုးသောသူချင်းတို့အား ချေးငှါးတတ်သည် မဟုတ်လော။ သင်တို့မူကား ရန်သူတို့ကို ချစ်ကြလော့။ ကျေးဇူးပြုကြလော့။ တစုံတခုကို ရမည်ဟု မြော်လင့်ခြင်း မရှိဘဲ ချေးငှါးကြလော့။ ထိုသို့ပြုလျှင် သင်တို့အကျိုးကြီးလိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏ သားဖြစ်ကြလိမ့်မည်။ ထိုဘုရားသည် ကျေးဇူးမသိသောသူ၊ ဆိုးညစ်သော သဘောရှိသောသူတို့အား ကျေးဇူးပြုတော်မူ၏။ ထိုကြောင့် သင်တို့အဘသည် သနားခြင်းစိတ်ရှိတော်မူသည်နည်းတူ သင်တို့သည်လည်း သနားခြင်းစိတ် ရှိကြလော့။

သူတပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကို မပြုကြနှင့်။ မပြုလျှင် သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့် ကင်းလွတ်ကြလိမ့်မည်။ သူတပါးကို အပြစ်မစီရင်ကြနှင့်။ မစီရင်လျှင် သင်တို့သည် အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်ကြလိမ့်မည်။ သူ့အပြစ်ကို လွှတ်ကြလော့။ လွှတ်လျှင် ကိုယ်အပြစ် လွတ်လိမ့်မည်။ သူတပါးအား ပေးကြလော့။ ပေးလျှင် သူတပါးသည် သင်တို့အား ပေးကြလိမ့်မည်။ အမှန် ခြင်ရုံမျှမက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက် ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည်။ အကြောင်းမူကား၊ အကြင်ချိန်၊ တင်းပမာဏနှင့် သင်တို့သည် သူတပါးအားပေး၏၊ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။" (လုကာ ၆း၂၇-၃၈)

ဝိညာဉ်တော်သည် နေ့စဉ် ယေရှုကို အတုယူရန် နှိုးဆော်လိမ့်မည်။ ဝိညာဉ်တော်ကို နာခံပါက မျက်မှောက်တော်နှင့် လမ်းပြမှုကို ပို၍ပို၍ ခံရပြီး ခမည်းတော်၊ ယေရှုနှင့် ဝိညာဉ်တော်ကို သင်ရင်နှီးစွာ ဆက်ဆံလာနိုင်လိမ့်မည်။ ဝိညာဉ်တော်သည် သင်မမြင်ရသော ပုဂ္ဂိုလ်ဖြစ်ပြီး သူသည် အနိုင်အထက် မပြုပါ။ သူ၏မျက်မှောက်တော်ကို သင်က အကင်းပါးစွာသိ၍ လိုက်နာရမည်။ ဝိညာဉ်တော်ကို စိတ်မနာစေရန် အောက်ပါကျမ်းပိုဒ်က လမ်းညွှန်မှု ပေးပါသည်။

"ညစ်ညူးသော စကားတခွန်းကိုမျှ သင်တို့နှုတ်ထဲကမထွက်စေနှင့်။ ကြားနာသောသူတို့၏ အကျိုးကို ပြုစုစေခြင်းငှါ၊ တည်ဆောက်စရာဘို့ ကောင်းသော စကားကိုသာ သုံးဆောင်ကြလော့။ ရွေးနှုတ်ခြင်း နေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်ကို စိတ်မနာစေ ကြနှင့်။ ခပ်သိမ်းသော စိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငေါ ခြင်း၊ သူ့အသေရေပျက်အောင် ပြောဆိုခြင်းတို့ကိုငင်း၊ ခပ်သိမ်းသော မနာလိုခြင်းကိုငင်း၊ သင်တို့မှ ပယ်ရှားကြလော့။ အချင်းချင်း ကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏ အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်း အပြစ်လွှတ်ခြင်း ရှိကြလော့။" (ဧဖက် ၄း၂၉-၃၂)

"ထိုသို့ သင်တို့သည် ဘုရားသခင်၏ ချစ်သားဖြစ်ကြသည်နှင့်အညီ၊ ဘုရားသခင်ကျင့်တော်မူသည်နည်းတူ ကျင့်ကြလော့။ ခရစ်တော်သည် ငါတို့ကို ချစ်တော်မူသောအားဖြင့် ဘုရားသခင့်ရှေ့တော်၌ မွှေးကြိုင်သော အနံ့ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ်ဆက်ကပ်၍ ယဇ်ပူဇော်လျက်၊ ငါတို့အတွက် စွန့်တော်မူသည်နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြလော့။

**မတရားသော မေထုန်၌ မှီဝဲခြင်း၊ အမျိုးမျိုးသော ကိလေသာညစ်ညူးခြင်း၊ လောဘလွန်ကျူးခြင်းအမှုတို့ကို သန့်ရှင်းသူတို့သည် ရှောင်သင့်သည်အတိုင်း၊ စကားဖြင့်မျှ မဆက်ဆံကြနှင့်။ မတော်မလျော်သော ညစ်ညူး ပြက်ပြယ် ပြက်ယယ်သော စကားများကို လည်းပယ်၍ ကျေးဇူးတော် ချီးမွမ်းခြင်းစကားကို သုံးကြလော့။ မတရားသော မေထုန်၌ မှီဝဲသောသူ၊ ညစ်ညူးစွာ ပြုသောသူ၊ ရုပ်တုကို ကိုးကွယ်သောသူဖြစ်သော လောဘလွန်ကျူးသောသူ တစုံတစ်ယောက်မျှ ခရစ်တော်နှင့် ဘုရားသခင်၏ နိုင်ငံ၌ အမွေမခံရသည်ကို သင်တို့သိကြ၏။ လျှပ်ပေါ်သောစကားဖြင့် အဘယ်သူမျှ သင်တို့ကို မလှည့်ဖြားစေနှင့်။ ထိုအမှုကြောင့် ဘုရားသခင်၏ အမျက်တော်သည် ငြင်းဆန်တတ်သော သူတို့အပေါ်သို့ သင့်ရောက်ပေ၏။ ထိုကြောင့် သူတို့နှင့် ဆက်ဆံ၍ မကျင့်ကြနှင့်။ အထက်ကာလ၌ သင်တို့သည် မှောင်မိုက်အတိ ဖြစ်ကြ၏။ ယခုမူကား၊ သခင်ဘုရား၌ အလင်းဖြစ်ကြ၏။ သို့ဖြစ်၍ အလင်း၏သားကဲ့သို့ ကျင့်နေကြလော့။ အလင်းတော်၏ အကျိုးမူကား၊ အလုံးစုံသော ကောင်းမွန်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သစ္စာစောင့်ခြင်း ဖြစ်သတည်း။ သခင်ဘုရား နှစ်သက်တော်မူသော အရာသည် အဘယ်အရာ ဖြစ်သည်ကို သင်ကြလော့။ အကျိုးမဲ့သော မှောင်မိုက်အမှုတို့နှင့် မဆက်ဆံသည်သာမက၊ ထိုအမှုတို့၏ အပြစ်ကို ပြကြလော့။" (ဧဖက် ၅း၁-၁၁)**

ဤအခန်း၌ သင်သည် ဝိညာဉ်တော်ကို သိကျွမ်း၍ မိဿဟာယ ဖွဲ့တတ်ခြင်းဖြင့် စစ်မှန်သော ပျော်ရွှင်မှုကို ရရှိလိမ့်မည်။ နောက်အခန်းတွင် ဝိညာဉ်တော်၏ လုပ်ရပ်တစ်ခု ကို သင်ယူရမည်။ အောက်ပါကျမ်းပိုဒ်ကို ဖတ်ရှုပါ။

**"တဖန် ငါဆိုသည်ကား၊ တောင်းကြလော့။ တောင်းလျှင် ရမည်။ ရှာကြလော့။ ရှာလျှင် တွေ့မည်။ တံခါးကို ခေါက်ကြလော့၊ ခေါက်လျှင် ဖွင့်မည်။ တောင်းသောသူ မည်သည်ကား ရ၏။ ရှာသောသူလည်း တွေ့၏။ ခေါက်သောသူအားလည်း တံခါးကို ဖွင့်၏။ သင်တို့တွင် အဘဖြစ်သောသူ၌ သားသည် မုန့်ကို တောင်းလျှင် အဘသည် ကျောက်ကို ပေးမည်လော။ ငါးကိုတောင်းလျှင် ငါးအစား၌ မြွေကိုပေးမည်လော။ ဥကိုတောင်းလျှင် ကင်းမြီးကောက်ကို ပေးမည်လော။ သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသော သူတို့အား သန့်ရှင်းသော ဝိညာဉ် တော်ကို သာ၍ ပေးတော်မူမည် မဟုတ်လောဟု မိန့်တော်မူ၏။" (လုကာ ၁၁း၉-၁၃)**

ကောင်းကင်ဘုံရှင်အဖ

ဝိညာဉ်တော်အားဖြင့် အထံတော်သို့ ဆွဲခေါ်လျက် ထာဝရအသက်ကို ပေးသောကြောင့် ကျေးဇူးတင်ပါသည်။ တောင်းလျှောက်သူတိုင်းအား ဝိညာဉ်တော်ကို ပေးသောကြောင့် ကျေးဇူးတင်ပါသည်။ ယခုပင် ဝိညာဉ်တော်ကြွလာလျက် ကျွန်ုပ်ကို လမ်းပြဦးဆောင် ပြည့်ဝစေလျက် ထိန်းချုပ်ပြီး ယေရှုခရစ်အား ဖွင့်ပြရန် ဆုတောင်းပါသည်။

ကတိတော်ကို အမြဲတည်စေပြီး ဝိညာဉ်တော်သည် ကျွန်ုပ်အထဲ၌ ယေရှုကို ပို၍ ပို၍ စစ်မှန်စေသောကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော်ကို အကင်းပါးစွာသိ၍ စိတ်မနာ စေရန် မစတော်မူပါ။ ယခုကျွန်ုပ်အသက်တာ၌ မျက်မှောက်တော်ရှိကြောင်းကို အသိအမှတ် ပြုပါသည်။ သမ္မာတရားကို အကြွင်းမဲ့ သွန်သင်ပြသလျက် ယေရှုကိုနေ့စဉ် ဖွင့်ပြတော်မူပါ။

သမ္မာတရား ဝိညာဉ်တော်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်မှာ ခရစ်တော်၏ စိတ်သဘောရှိသောကြောင့် အမှန်နှင့်မှုသာကို ပိုင်းခြားတတ်ပါသည်။ နှုတ်ကပတ်တော်အား ဖြင့် ဝိညာဉ်တော်ကို စစ်ဆေးနိုင်၍ ကိုယ်တော်၏ လမ်းပြခြင်းနှင့် အခြားဝိညာဉ်၏ လမ်းလွဲ စေခြင်းကို ပိုင်းခြားနိုင်သောကြောင့် ကျေးဇူးတင်ပါသည်။ အလိုတော်ကိုသိ၍ ဆောင်လိုပါ သည်။ ဝိညာဉ်တော်အားဖြင့် မေတ္တာတော်ကို သွန်းလောင်းလျက် ကိုယ်တော်နှင့် လူများကို ချစ်စေသောကြောင့် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်သည် ယေရှုအထဲ၌ ပြည့်စုံလျက် ကိုယ်တော် နှင့် အခြားသူများကို ဦးစားပေးနိုင်သောကြောင့် ကျေးဇူးတင်ပါသည်။

ဝိညာဉ်တော်ကို လက်နက်ချအပ်နှံလျက် ဝိညာဉ်အသီးများ သီးခြင်းအားဖြင့် ဘုန်း တော် ထင်ရှားစေလိုပါသည်။ အသက်တာကိုအသုံးပြု၍ တန်ခိုးပေးပြီး အသုံးဝင်စေရန် ပြောင်းလဲပေးတော်မူပါ။ ကိုယ်တော်ကို ချစ်ပါသည်။ ကိုယ်တော်နှင့်ဆိုင်သောကြောင့် ကျေးဇူး တင်ပါသည်။

ယေရှုနာမ၌ ဆုတောင်းပါသည်။

အာမင်။

( ၃၃ )

## စစ်မှန်သောပျော်ရွှင်ခြင်းဆိုသည်မှာ ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်သည်။

## အခန်း (၇)

စစ်မှန်သောပျော်ရွှင်မှု ဆိုသည်မှာ ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်း ဖြစ်သည်။ ဖန်ဆင်းရှင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းသည် အကျိုးအရှိဆုံးဖြစ်သည်။ ဤသို့အားဖြင့် မိမိ၏ဖြစ်နိုင်ခြေ အပြည့်အဝသို့ ရောက်ရှိနိုင်ပြီး ဘုရားသားသမီးအဖြစ် အမြင့်ဆုံးသော ရည်ရွယ်ချက်သို့ ရောက်ရှိစေသည်။

ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းကို မည်သည့်အတွေ့အကြုံနှင့်မျှ နှိုင်း၍မရပါ။ ဘုရားသခင်၏ အလိုတော်နှင့်အကြံအစည်ကို မိမိနှင့် သူတပါး၏ အသက်တာ၌ ပြည့်စုံစေရန် နေ့စဉ် ပူးပေါင်းလုပ်ဆောင်ခြင်းသည် အနက်ရှိုင်းဆုံး ဝမ်းမြောက်မှုနှင့် စစ်မှန်သော ပျော်ရွှင်မှုကို ဖြစ်စေပါသည်။

ဘုရားသခင်နှင့် ဆက်ဆံခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်းမရှိပါက အသက်တာသည် ဟာ၍ အဓိပ္ပါယ်မရှိ ဖြစ်သော်လည်း ဒုတိယမွေးခြင်းခံသောအခါ သင်သည် ဘုရားသခင်၏ လုပ်ဖော်ဆောင်ဖက် ဖြစ်လာပါသည်။ သင်သည် သဘာဝထက် လွန်ကဲစွာ အသက်ရှင်ပြီး ဝိညာဉ်တော် တန်ခိုးဖြင့် ကိုယ်တော်နှင့် လက်တွဲရသည်။

တပည့်တော်တို့သည် ထွက်သွား၍ အရပ်ရပ်၌ တရားဟောပြီး သခင်ဘုရားသည် သူတို့နှင့်အတူ အလုပ်လုပ်လျက် နိမိတ်လက္ခဏာဖြင့် နှုတ်ကပတ်တော်ကို အတည်ပြုသလို သင်နှင့်အတူ အလုပ်လုပ်ချင်ပါသည်။

စစ်မှန်သောပျော်ရွှင်ခြင်းသည် ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်း ဖြစ်သည်။

ယခင်အခန်း၌ သင့်အသက်တာတွင် ဝိညာဉ်တော် လုပ်ဆောင်ချက်ကို လေ့လာခဲ့ပါပြီ။ ယခုတွင်မူ ဝိညာဉ်တော် တန်ခိုးအားဖြင့် ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းအကြောင်းကို ဝေငှလိုပါသည်။

ဘုရားသခင်နှင့် လူအကြားတွင် ဤသို့အသက်ရှင်ရန် ဖြစ်ပါသည်။ ကိုယ်တော်သည် မြေကြီးပေါ်တွင် ရည်ရွယ်ချက်များ ပြည့်ဝစေရန် လူတို့နှင့် အလုပ်လုပ်သည့် အခန်း (၁) ကို သတိရပါ။

"အာဒံနှင့် ဧဝသည် ဖန်ဆင်းရှင်နှင့်အတူ စိုးစံခွင့်ရသည်။ သူတို့သည် မြေကြီးပေါ်ရှိသတ္တဝါအားလုံးကို အုပ်စိုးခွင့်ရပြီး ပွားများ၍ မြေကြီးကိုပြည့်စေလျက် အနိုင်ယူရန်ဖြစ်သည်။ ဘုရားသခင်သည် တိရိစ္ဆာန်များကို နာမည်ပေးခြင်းမှစ၍ အရာခပ်သိမ်းအပေါ် သူတို့ကို အုပ်စိုးစေသည်။

ဘုရားသားသမီးအနေဖြင့် ကျွန်ုပ်တို့ ထမ်းဆောင်စရာ သာ၍ကြီးမားသော ခေါ်ခြင်းနှင့် ရည်ရွယ်ချက် ရှိပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့ကို ရွေးဝယ်ခဲ့သောကြောင့် ကျွန်ုပ်တို့သည် မိမိကိုယ်ကို မပိုင်တော့ဘဲ သူတပါး ခရစ်တော်ကို သိလာစေရန် သာ၍မြင့်သောခေါ်ခြင်းနှင့် ရည်ရွယ်ချက်အတွက် သီးသန့်ခွဲထားခြင်းခံရသည်။

ယေရှုမြေကြီးပေါ်တွင် အသက်ရှင်စဉ်ကလိုပင် ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်ကို အသက်ရှင်စေခြင်းအားဖြင့် ဤသို့ ပြုလုပ်နိုင်ပါသည်။ လူတို့အား ဘုရားသခင်ကို သိစေခြင်းအမှုကို ဝိညာဉ်တော်အားဖြင့်သာ ပြီးမြောက်စေနိုင်ပါသည်။ ယေရှုအထဲ၌ အလုပ်လုပ်သော ဝိညာဉ်တော်သည် ဘုရားသခင်ကို ဖွင့်ပြရန် ကျွန်ုပ်တို့အထဲ၌လည်း အလုပ်လုပ်လိုပါသည်။

ယေရှုသည် ခမည်းတော်ထံသို့ ပြန်ကြွသောအခါ နောက်လိုက်တို့အား တကမ္ဘာလုံးသို့ သွား၍ သတင်းကောင်း ဟောပြောရန် ပြောသည်။ ယုံကြည်သောသူများအားလုံး ကယ်တင်ခြင်း ရရှိစေရန် ဖြစ်သည်။

**"အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။**

**"သို့ရာတွင်၊ မယုံကြည်လျှင် အဘယ်သို့ ပဌနာပြုနိုင်မည်နည်း။ သိတင်းမကြားလျှင် အဘယ်သို့ ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူမရှိလျှင် အဘယ်သို့ ကြားနိုင်မည်နည်း။" (ရောမ ၁၀း၁၃-၁၄)**

ကျွန်ုပ်တို့သည် သူတပါးတို့ ယေရှုကိုသိလာစေရေးတွင် အရေးပါကြသည်။ သင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်သည် သတင်းကောင်းကို သင့်ပတ်လည်၌

ကြေညာစေလိုသည်။ သင်ကယ်တင်ခြင်းရပြီဖြစ်၍ ယခုသင့်ဘ၀၏ ရည်ရွယ်ချက်မှာ ကိုယ်တော်အကြောင်း ပြောပြလျက် အခြားသူများကို ယေရှုအား သိလာစေခြင်းဖြစ်သည်။

သင်သည် ဘုရားသခင် ကောင်းကြီးအားလုံးကို လက်ခံပြီး သူတပါးထံ မဝေငှပါက မမှန်ကန်ပါ။ ယေရှုသည် လူတိုင်း၏ အပြစ်အတွက် အသေခံသည်။ ထို့ကြောင့် လူတိုင်းတို့သည် သတင်းကောင်းကို သိသင့်ပါသည်။ သင့်နည်းတူ ယေရှုကို ကယ်တင်ရှင်အဖြင့် လက်ခံဖို့ အခွင့်အရေးမရဘဲ လူတစ်ယောက် ငရဲသို့သွားဖို့ သင့်ခွင့်မပြုသင့်ပါ။

လူတစ်ယောက်အပေါ် မေတ္တာဖြင့် အကြီးမားဆုံး လုပ်ဆောင်ပေးချက်မှာ ယေရှုအကြောင်း သတင်းကောင်းကို ပြောပြခြင်းဖြစ်သည်။ သူတို့၏ အပြစ်များအတွက် ကိုယ်တော်အသေခံခဲ့ကြောင်း မကြားဘူးပါက ယေရှုကို ပဌနာပြုကြမည် မဟုတ်ပါ။

ဘုရားသခင်သည် သင့်ကို ကောင်းကင်ဘုံသို့ မခေါ်သွားသေးဘဲ မြေကြီးပေါ်၌ ချန်ထားရခြင်း၏ အဓိက အကြောင်းရင်းမှာ ယေရှုအကြောင်းကို သူတပါးတို့အား သိစေရန် ဖြစ်သည်။ ဘုရားသခင်သည် လူတစ်ယောက်ကို အသုံးပြုလျက် ဧဝံဂေလိတရားကို ယူဆောင်လာသလို အခြားသူများကို သတင်းကောင်းနှင့် တို့ထိရန် သင့်ကို အသုံးပြုလိုပါသည်။

သင့်အားဖြင့် သူတပါးကို တို့ထိမည့် ဘုရားသခင်၏ အကြံတော်ကို သိရန်အတွက် အောက်ပါကျမ်းပိုဒ်ကို လေ့လာကြည့်ပါ။

**“လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါ ဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြပြီ။ ထိုသို့ဖြစ်သော် ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ဖြစ်ကြ၏။ ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယ ဖွဲ့စေတော်မူ၏။ ထိုမိဿဟာယတရားကို ဟောရသောအခွင့်အရာကို ငါတို့၌ အပ်ပေးတော်မူ၏။ ထိုတရားဟူမူကား၊ ဘုရားသခင်သည် ခရစ်တော်အထဲ၌ ရှိနေလျက်၊ လောကီသားတို့၏ အပြစ်များကို မှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိဿဟာယတရားကိုလည်း ငါတို့၌ အပ်ပေးတော်မူ၏။ ထိုကြောင့် ငါတို့သည် ခရစ်တော်၏ သံတမန် ဖြစ်ကြ၏။ သင်တို့သည် ရန်ငြိမ်း၍ ဘုရားသခင်နှင့် မိဿဟာယ ဖွဲ့ကြလော့ဟု ဘုရားသခင်သည် ငါတို့အားဖြင့် နှိုးဆော်သွေးဆောင်တော် မူသကဲ့သို့၊ ငါတို့သည် ခရစ်တော်၏ ကိုယ်စားဖြစ်၍ သင်တို့ကို တောင်းပန် သွေးဆောင်ကြ၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့် ရှေ့တော်၌ ဖြောင့်မတ်သောသူ ဖြစ်မည်အကြောင်းတည်း”**

**(၂ကော ၅း၁၇-၂၁)**

အဆိုပါစကားက သင်သည် သတ္တဝါဖြစ်ကြောင်း သတိရစေလျက် အစပြုသည်။ သင့်ဘဝဟောင်း မရှိတော့ပါ။ သင်မှာ ဘုရားထံမှလာသော ဘဝသစ်ရှိသည်။ ကိုယ်တော်သည် သင့်ကို သူနှင့် ရန်ငြိမ်းစေသည်။ ဘုရားသခင်သည် သင့်ကို သူထံသို့ ပြန်လာရုံသာမက သူနှင့် မိဿဟာယဖွဲ့လျက် လုပ်ဆောင်နိုင်စေရန် ပြောင်းလဲပေးခဲ့သည်။ ကိုယ်တော်သည် သင့်ကို ရန်ငြိမ်းခြင်း အမှုတော်လုပ်ငန်းပေးသည်။ ဤအမှုကိုသင်သည် ဘုန်းတော်အတွက်နှင့် သူတပါးကောင်းကျိုးအတွက် လုပ်ဆောင်ရသည်။

ယခုသင်သည် ဘုရားသခင်၏ ကိုယ်စားလှယ်နှင့် သံတမန် ဖြစ်သည်။ ဤအရာသည် ဘုရားသခင်ပေးသော ကြီးမားသည့် အခွင့်ထူးနှင့် တန်ခိုးဖြစ်သည်။ သင်သည် သွားလေရာရာ၌ ငြိမ်သက်ခြင်း မြော်လင့်ခြင်းနှင့် အသက်ရှင်ခြင်းကို ပြောပြသော တမန်ဖြစ်သည်။ ခရစ်တော်၏ သံတမန်အနေဖြင့် ရန်ငြိမ်းခြင်းအမှုတော်အတွက် သင်လိုသမျှ ရရှိပါသည်။ ယေရှုနာမဖြင့်သွားလျက် သင့်အားဖြင့်ဘုရားသခင် အလုပ်လုပ်ကာ ခရစ်တော်အား သိလာစေဖို့ မြော်လင့်နိုင်ပါသည်။

ကိုယ်တော်သည် ရန်ငြိမ်းခြင်း အမှုတော်ကို ပေးရုံသာမက ထိုတရားကိုလည်း အပ်နှင်းသည်။ **“ထိုတရားဟူမူကား၊ ဘုရားသခင်သည် ခရစ်တော်အထဲ၌ ရှိနေလျက်၊ လောကီသားတို့၏ အပြစ်များကို မှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိဿဟာယတရားကိုလည်း ငါတို့၌ အပ်ပေးတော်မူ၏” (၂ကော ၅း၁၉)** လူတို့သည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့် သားတော်ယေရှု၏ ဆုကျေးဇူးကို ကြားနားစေရန် ဟောပြောရသည်။ သတင်းကောင်းကို ကြားမှသာလျှင် ဖန်ဆင်းရှင်နှင့် ပြန်လည်သင့်မြတ်နိုင်ကြောင်းကို သူတို့သိကြလိမ့်မည်။

လူအများစုသည် မိမိတို့အပြစ်ကို သိသောကြောင့် ဘုရားသခင်ထံမှ ထွက်ပြေးကြသည်။ ဘုရားသခင်သည် ခရစ်တော်အားဖြင့် သူတို့ကို ရန်ငြိမ်းစေပြီး အပြစ်များကို မအောက်မေ့တော့ကြောင်း သူတို့မကြားသေးပါ။ လူတို့သည် ဤသတင်းကောင်းကို ကြားသောအခါ ဘုရားသခင်ထံသို့ ပြန်လာလို၍ သားသမီး ဖြစ်လိုကြလိမ့်မည်။

သို့သော် ဘုရားသခင်က သင့်အား သတင်းကောင်းဟောပြောရန် ခေါ်သကဲ့သို့ပင် သူတို့သည် ခရစ်တော် သူတို့ကိုယ်စား အသေခံကြောင်း ကြားနာရပါမည်။ သူတို့အပြစ်အတွက် ယေရှု၏ အသွေးတော်သွန်းကြောင်း၊ အပြစ်ကျွန်ဘေးကွက်မှ သူတို့ကို ရွေးဝယ်ကြောင်း သင့်ထံမှ သူတို့ကြားဖို့ လိုပါသည်။ သူတို့မကြားဘူးသောသူကို ယုံ၍မရပါ။

**"ထိုတရားဟူမူကား၊ ဘုရားသခင်သည် ခရစ်တော်အထဲ၌ ရှိနေလျက်၊ လောကီသားတို့၏ အပြစ်များကို မှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိဿဟာယတရားကိုလည်း ငါတို့၌ အပ်ပေးတော်မူ၏"** (၂ကော ၅း၁၉)

**"အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့် ရှေ့တော်၌ ဖြောင့်မတ်သောသူ ဖြစ်မည် အကြောင်းတည်း"** (၂ကော ၅း၂၁)

**"ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။"** (ယော ၃း၁၆-၁၇)

**"ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှု ခရစ်အားဖြင့် ထာဝရအသက်ပေတည်း။"** (ရောမ ၆း၂၃)

**"ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။"** (ဧဖက် ၂း၈-၉)

**"သားတော်ကို ရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကို မရသောသူမူကား အသက်ကို မရ။"** (၁ယော ၅း၁၂)

**"အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။"** (ရောမ ၁၀ း ၉)

**"ထိုအခါ ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။ အကြောင်းမူကား၊ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း ဇိအုန်တောင်၊ ယေရုရှလင်မြို့၌၊ ထာဝရဘုရား ခေါ်တော်မူသောသူ အကျန်အကြွင်းတို့အဘို့ ကယ်တင်ခြင်းအခွင့်ရှိရလတံ့။"** (ယောလ ၂း၃၂)

**" ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။ ထိုသားတို့မူကား၊ လူမျိုးနှင့် စပ်ဆိုင်၍ ဘွားသောသားမဟုတ်။ မေထုန်သံဝါသအားဖြင့် ဘွားသောသားမဟုတ်။ လူအလိုအလျောက် ဘွားသောသားမဟုတ်။ ဘုရားသခင် ဘွားတော်မူသော သား ဖြစ်သတည်း။"** (ယော ၁း၁၂-၁၃)

ယုံကြည်ခြင်းသည် နှုတ်ကပတ်တော်ကို ကြားနာခြင်းမှ လာကြောင်းကို သတိရပါ။ **"သို့ဖြစ်၍၊ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏ စကားတော်အားဖြင့် ဖြစ်၏။"** (ရောမ ၁၀း၁၇) ထို့ကြောင့် နေ့စဉ် ထိတွေ့ရသောသူများထံ နှုတ်ကပတ်တော်ကို ဟောကြားပါ။ ယေရှု သူတို့အတွက် လုပ်ဆောင်ပေးသောအရာကို ကြားရသောအခါ သူတို့သည် ဘုရားသခင်ထံသို့ ပြန်လာ၍ ထာဝရအသက်ကို လက်ခံနိုင်ပါလိမ့်မည်။

ဘုရားသခင်သည် လူမျက်နှာကိုမထောက်ပါ။ **"ထိုအခါ ပေတရုသည် နှုတ်ကို ဖွင့်၍၊ အကယ်စင်စစ် ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူ။"** (တ ၁၀း၃၄) သင်အတွက် လုပ်ပေးသောအရာကို သင့်အားဖြင့် သူတပါးအတွက် လုပ်ပေးလိုပါသည်။ သင့်အား မြေကြီးပေါ်တွင် ချန်ထားရခြင်းမှာ သင်နှင့် ထိတွေ့သော သူများထံ သတင်းကောင်းပြောပြလျက် မိမိနှင့် ပူးပေါင်းလုပ်ဆောင်စေရန် ဖြစ်သည်။ အခမဲ့ ရရှိသည့်အတိုင်း အခမဲ့ ပြန်လည်ပေးဝေပါ။ **"သို့မဟုတ် နူးညံ့သောအဝတ်ကို ဝတ်ဆင်သောသူကို ကြည့်ရှုခြင်းငှါ သွားသလော။ နူးညံ့သော အဝတ်ကို ဝတ်ဆင်သော သူတို့သည် မင်းအိမ်၌ နေတတ်ကြ၏။"** (မဿဲ ၁၀း၈)

**"သနားခြင်း ကရုဏာ၏အဘ၊ သက်သာခြင်း အမျိုးမျိုးတို့၏အရှင် တည်းဟူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာ ရှိတော်မူစေ**

**သတည်း။ ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကိုယ်တိုင် သက်သာခြင်း ရှိသကဲ့သို့၊ ဆင်းရဲခြင်း အမျိုးမျိုးကို ခံရသောသူတို့အား သက်သာ စေနိုင်မည်အကြောင်း၊ ဆင်းရဲခြင်းအမျိုးမျိုးတို့၌ ဘုရားသခင်သည် ငါတို့အား သက်သာစေတော်မူ၏။"**

**(၂ကော ၁း၃-၄)**

ဘုရားသခင်ထံမှ သင်ရရှိသော ကျေးဇူးတော်၊ သနားခြင်း၊ ငြိမ်သက်ခြင်း၊ နှစ်သိမ့်ခြင်း၊ ခွင့်လွှတ်ခြင်းတို့သည် သူတပါးထံ သင်ပြန်ဝေငှရမည့် အရာများဖြစ်သည်။ ဤအရာသည် သင့်အတွက် ဘုရားသခင်၏ အကြံအစည်ဖြစ်သည်။ သင်သည် သူတပါးအတွက် စစ်မှန်သော ပျော်ရွှင်မှုကို သယ်ဆောင်ပေးသည့်တန်ဆာပလာဖြစ်သောအခါ စစ်မှန်သော ပျော်ရွှင်မှုကို ရရှိလိမ့်မည်။

**"ဘုရားသခင်ကလည်း၊ များပြားစွာ မွေးဘွားကြလော့။ ပင်လယ်ရေများကို ပြည့်စေကြလော့။ ငှက်တို့လည်း မြေပေါ်၌ များပြားစေသတည်းဟု ထိုတိရစ္ဆာန်တို့ကို ကောင်းကြီးပေးတော်မူ၍။" (ကမ္ဘာ ၁း၂၂)**

**"သင်တို့သည် ငါ့ကိုရွေးကောက်ကြသည်မဟုတ်။ ငါသည် သင်တို့ကို ရွေးကောက်သဖြင့်၊ သင်တို့သည်သွား၍ တည်ကြည်သော အသီးကိုသီးမည် အကြောင်းနှင့် ငါ့နာမကို အမှီပြု၍ ခမည်းတော်မှာ တောင်းသမျှတို့ကို ရမည်အကြောင်း သင်တို့ကို ငါခန့်ထား၏။" (ယော ၁၅း၁၆)**

ဘုရားသခင်၏ အကြံအစည်မှာ မိမိသားသမီးများသည် ကောင်းကြီးခံစားပြီးနောက် သူတပါးထံ လက်ဆင့်ကမ်းရန် ဖြစ်သည်။ ဘုရားသခင်သည် သင့်အားဖြင့် အသက်ရှင်၍ အလုပ်လုပ်လိုပါသည်။ သင်ယုံကြည်သော သတင်းကောင်းကို သူတပါးထံ ကြေငြာသောအခါ သူတို့သည်လည်း ယုံကြည်၍ ယေရှုကို ကယ်တင်ရှင်အဖြင့် လက်ခံနိုင်ပါလိမ့်မည်။

**"ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကိုယုံကြည်သော သူသည် ငါပြုသော အမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုတို့ထက် သာ၍ ကြီးသော အမှုတို့ကိုလည်း ပြုလိမ့်မည်။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံသို့သွား၍။ သင်တို့သည် ငါ၏နာမကို အမှီပြုလျက် ဆုတောင်းသမျှအတိုင်း ငါပြုမည်။ အကြောင်းမူကား၊ ခမည်းတော်သည် သားတော်အားဖြင့် ဘုန်းထင်ရှားတော်မူခြင်း ရှိမည်အကြောင်းတည်း။ သင်တို့သည် ငါ၏ နာမကို အမှီပြု၍ တစုံတခုသောဆုကို တောင်းလျှင်၊ တောင်းသည်အတိုင်း ငါပြုမည်"**

**(ယော ၁၄း၁၂-၁၄)**

**"ငါ၌ တည်နေကြလော့။ ငါသည်လည်း သင်တို့၌ တည်နေမည်။ စပျစ်ခက်သည် အပင်၌ မတည်လျှင်၊ ကိုယ်အလိုအလျောက် အသီးမသီးနိုင်သကဲ့သို့၊ သင်တို့သည် ငါ၌ မတည်လျှင် အသီးမသီးနိုင်ကြ။ ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များ ဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏၊ ထိုသူသည် များစွာသော အသီးကို သီးတတ်၏။ ငါနှင့် ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။" (ယော ၁၅း၄-၅)**

ကျွန်ုပ်တို့သည် ခရစ်တော်၌တည်ပြီး ဝိညာဉ်တော်က တန်ခိုးပေးရန် ကိုးစားသောအခါ လိုအပ်သမျှတန်ခိုး၊ မေတ္တာနှင့် ရဲရင့်ခြင်းကို ရရှိပါသည်။ ကျွန်ုပ်တို့သည် ယေရှုပြုသော အမှုကို မိမိတန်ခိုးနှင့် မပြုလုပ်နိုင်ပါ။ ကိုယ်တော်မပါလျှင် အဘယ်အမှုကိုမျှ ကျွန်ုပ်တို့ မတတ်နိုင်ပါ။ **"ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များ ဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏၊ ထိုသူသည် များစွာသော အသီးကို သီးတတ်၏။ ငါနှင့် ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ" (ယော ၁၅း၅)** ကျွန်ုပ်တို့ ကိုယ်တော်၌ တည်ရပါမည်။

ယေရှု၏ နောက်ဆုံးမိန့်မှာချက်တစ်ခုမှာ -

**"သင်တို့သည် လောကီနိုင်ငံ အရပ်ရပ် ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါ အပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။ ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတံ့။ ယုံကြည်သောသူတို့၌ ဖြစ်အံ့သော နိမိတ်လက္ခဏာဟူမူကား၊ ငါ၏နာမကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်ကြလတံ့။ ထူးခြားသော ဘာသာစကားမျိုးတို့ကို ပြောကြလတံ့။ မြွေတို့ကို ဘမ်းကိုင်ကြလတံ့။ သေစေတတ်သော အဆိပ်အတောက်ကို သောက်စားလျှင် ဘေးဥပဒ်နှင့် ကင်းလွတ်ကြလတံ့။ မကျန်းမမာသော သူတို့အပေါ်မှာ လက်ကိုတင်၍ ချမ်းသာပေးကြလတံ့ဟု မိန့်တော်မူ၏။**

**ထိုသို့ သခင်ဘုရားသည် တပည့်တော်တို့အား မိန့်တော်မူပြီးမှ၊ ကောင်းကင်ဘုံသို့ ဆောင်ယူခြင်းကို ခံတော်မူ၍၊ ဘုရားသခင်၏ လက်ျာတော်ဘက်၌ ထိုင်နေတော်မူ၏။ တပည့်တော်တို့သည်လည်း ထွက်သွား၍၊ သခင်ဘုရားသည် မစတော်မူသည်နှင့်ငင်း၊ သူတို့၌ ဖြစ်သော နိမိတ်လက္ခဏာအားဖြင့် နှုတ်ကပတ်တရားတော်ကို တည်စေတော်မူသည်နှင့်ငင်း၊ ခပ်သိမ်းသော အရပ်တို့၌ တရားဟောကြ၏။"** (မာကု ၁၆း၁၅-၂၀)

ယေရှုသည် တပည့်တော်တို့အား နေရာတိုင်း၌ တရားဟောရန် မိန့်မှာလျက် ကောင်းကင်မှနေ၍ သူတို့နှင့်အတူ အလုပ်လုပ်ပြီး နိမိတ်လက္ခဏာများဖြင့် အတည်ပြုသည်ကို ဖတ်ရသည်။ အောက်ပါကျမ်းပိုဒ်တို့က ဝိညာဉ်တော်၏ ကဏ္ဍကို သိစေရန် ခရစ်တော်၏ သံတမန်အဖြစ် အောင်မြင်ရန် သူ၏အရေးပါပုံကို သိရှိစေသည်။

**"ထိုတမန်တော်တို့ကို စုဝေးစေတော်မူပြီးလျှင်၊ ယေရုရှလင်မြို့မှ မထွက်မသွားဘဲ ခမည်းတော်၏ ဂတိကို ငံ့နေမည်အကြောင်း မှာတော်မူ၍၊ ထိုဂတိတော်ကို ငါဟောပြောသဖြင့် သင်တို့သည် ကြားသိရကြပြီ။ ဂတိတော်အချက် ဟူမူကား၊ ယောဟန်သည် ရေ၌ ဗတ္တိဇံကိုပေး၏။ သင်တို့သည် မကြာမမြင့်မှီ သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံကို ခံရကြလိမ့်မည်ဟု မိန့်တော်မူ၏။" (တမန် ၁း၄-၅) "ထိုသို့ မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ၊ သင်တို့သည် တန်ခိုးကို ခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေ ဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။ တမန်တော်တို့သည် ကြည့်ရှုလျက်နေကြစဉ်၊ သခင်ဘုရားသည် အထက်သို့ ဆောင်ယူခြင်းကို ခံတော်မူ၍၊ မိုဃ်းတိမ်သည် ကိုယ်တော်ကို မျက်ကွယ်အောင်ခံယူလေ၏။" (တမန် ၁း၈-၉)**

**"ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ ထိုသူအပေါင်းတို့သည် တညီတညွတ်တည်း စည်းဝေး၍ နေကြ၏။ ထိုအခါ လေပြင်းမုန်တိုင်းကဲ့သို့သော အသံသည် တခဏခြင်းတွင် ကောင်းကင်မှလာ၍၊ ထိုသူတို့ နေထိုင်သော အိမ်ကို ဖြည့်လေ၏။ ထိုခဏခြင်းတွင် ကွဲပြားသော လျှာတို့သည် မီးလျှာကဲ့သို့ ထင်ရှား၍၊ ထိုသူ အသီးသီးတို့ အပေါ်၌ တည်နေကြ၏။ ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်၍၊ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည်အတိုင်း အမျိုးမျိုးသော ဘာသာစကားအားဖြင့် ဟောပြောကြ၏။"**

**ထိုကာလအခါ၊ ကောင်းကင်အောက်တွင် ရှိလေသမျှသော လူမျိုးထဲက ဘုရားကို ရိုသေသော ယုဒလူတို့သည် ယေရုရှလင်မြို့၌ တည်းနေကြသတည်း။ ထိုအသံကို ကြားရသောအခါ၊ လူများတို့သည် စုဝေးလာကြလျှင်၊ အသီးသီး အခြားခြားသော မိမိတို့ ဘာသာစကားဖြင့် တမန်တော်တို့ ဟောပြောသည်ကို ကြားရ၍ မိုင်တွေလျက် ရှိနေကြ၏။ ထိုလူအပေါင်းတို့သည် အံ့ဩမိန်းမောတွေဝေလျက် ရှိ၍၊ ယခု ဟောပြောသောသူအပေါင်းတို့သည် ဂါလိလဲလူဖြစ်ကြသည်မဟုတ်လော။ သို့ဟုတ်လျှင် ငါတို့သည် အသီးအသီး မွေးဘွားရာဌာန၏ ဘာသာစကားများကို ကြားရသည်ကား အဘယ်သို့နည်း။ ပါသိပြည်မှစ၍ မေဒိပြည်၊ ဧလံပြည်၊ မေသောပေါတာမိပြည်၊ ယုဒပြည်၊ ကပ္ပဒေါကိပြည်၊ ပွန္တုပြည်၊ အာရှိပြည်၊ ဖြုဂိပြည်၊ ပမ်ဖုလိပြည်၊ အဲဂုတ္တုပြည်၌နေသောသူ၊ ကုရေနေမြို့နှင့် စပ်သော လိဗုကျေးလက်၌ နေသောသူ၊ ရောမမြို့မှ လာသော ဧည့်သည်များ၊ ယုဒလူဖြစ်စေ၊ ဘာသာဝင် ဖြစ်စေ၊ ကရေတေပြည်သား၊ အာရပ်ပြည်သား၊ အသီးအသီးဖြစ်ကြသော ငါတို့အား ဤသူများသည် ဘုရားသခင်၏ အံ့ဘွယ်သော အမှုတို့ကို ငါတို့ အမျိုးဘာသာစကားဖြင့် ဟောပြောကြသည်ကို ကြားရပါသည်တကားဟု အချင်းချင်း ပြောဆိုကြ၏။" (တမန် ၂း၁-၁၁)**

ယေရှုအကြောင်း သတင်းကောင်းကို ဝိညာဉ်တော်၏ တန်ခိုးပေးခြင်းခံရသော သာမန်လူများက တကမ္ဘာလုံး၌ ဟောပြောကြသည်။ ဖြစ်လာသော ရလဒ်များကို ကြည့်ရှုကာ

**"ဣသရေလလူတို့၊ ငါ့စကားကို နားထောင်ကြလော့။ သင်တို့ သိကြသည်အတိုင်း နာဇရက်မြို့သားယေရှုသည် ထူးဆန်းသော တန်ခိုး၊ နိမိတ်လက္ခဏာ၊ အံ့ဘွယ်သော အမှုတို့ကို သင်တို့တွင် ပြုရသောအခွင့်နှင့် ဘုရားသခင် ပေးတော်မူသော သက်သေကို ရသောသူဖြစ်၍၊ ဘုရားသခင် ပြဋ္ဌာန်းတော်မူသော အလိုတော်အားဖြင့်၎င်း၊ အနာဂတံသဉာဏ်တော်အားဖြင့်၎င်း၊ အပ်နှံခြင်းကို ခံသော ထိုယေရှုကို သင်တို့သည် ဘမ်းဆီး၍ မတရားသော သူတို့လက်ဖြင့် လက်ဝါးကပ်တိုင်၌ ရိုက်၍ ကွပ်မျက် ကြပြီ။ ထိုသူကို သေခြင်းဝေဒနာသည် အစဉ်ချည်နှောင်ချုပ်ကိုင်၍ မဖြစ်နိုင်သည်နှင့်၊ ထိုဝေဒနာကို ဘုရားသခင်သည် ချွတ်ပယ်၍ ထမြောက်စေတော်မူပြီ။" (တမန် ၂း၂၂-၂၄)**

**"ထိုယေရှုကို ဘုရားသခင် ထမြောက်စေတော်မူသည်ကို ငါတို့ရှိသမျှသည် သက်သေခံဖြစ်ကြ၏။ ထိုသို့ ဘုရားသခင်သည် လက်ျာလက်တော်နှင့် ချီးမြှင့်တော်မူသဖြင့်၊ ထိုသခင်သည် ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသော ဝိညာဉ်တော်ကို ခမည်းတော်ထံ၌ ခံပြီးဖြစ်၍ သင်တို့ သိမြင်ကြားရသောအရာကို ညွန်းလောင်းတော်မူ၏။" (တမန် ၂း၃၂-၃၃) "ထိုကြောင့် သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်သော ယေရှုကို ဘုရားသခင်သည် ခရစ်တော်အရာ၌၎င်း၊ အစိုးရသော အရှင်အရာ၌၎င်း ခန့်ထားတော်မူသည့်အကြောင်းကို ဣသရေလ အမျိုးသားအပေါင်းတို့ အတပ် အမှန် သိမှတ်ကြလော့ဟု ပေတရု ဟောလေ၏။**

ထိုသူတို့သည် ကြားရလျှင် စိတ်နှလုံး ပူပန်ခြင်း ရှိ၍၊ ညီအစ်ကိုတို့၊ အဘယ်သို့ ပြုရပါမည်နည်းဟု ပေတရုမှစ၍ အခြားသော တမန်တော်တို့အား မေးမြန်းကြ၏။ ပေတရုကလည်း၊ သင်တို့၏ အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှ မကြွင်း၊ ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော် တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။ အကြောင်းမူကား၊ ဂတိတော်သည် သင်တို့နှင့်၎င်း၊ သင်တို့၏ သားသမီးတို့နှင့်၎င်း၊ ဝေးသော သူတို့တွင် ငါတို့၏ ဘုရားသခင် ထာဝရဘုရား ခေါ်တော်မူသမျှသော သူတို့နှင့်၎င်း ဆိုင်သည်ဟု ဟော၏။ ထိုမှတပါး သဘောမဖြောင့်သော ဤအမျိုးမှ ကယ်တင်ခြင်းသို့ ရောက်ကြလော့ဟူ၍ အထူးထူး အပြားပြားသော စကားနှင့် သက်သေခံ၍ တိုက်တွန်း သွေးဆောင်လေ၏။

ထိုစကားကို အသင့်နှလုံးသွင်းမိသော သူတို့သည် ဗတ္တိဇံကိုခံ၍၊ ထိုနေ့၌ အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သော သူတို့သည် ဝင်ကြ၏။ ထိုသူများသည် တမန်တော်တို့၏ ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကို ဖဲ့ခြင်း၊ ပဌနာ ပြုခြင်းတို့ကို အမြဲဆောင်ရွက်၍ နေကြ၏။ လူအပေါင်းတို့သည် ကြောက်လန့်ခြင်းရှိသည် ဖြစ်၍ တမန်တော်တို့သည် များစွာသော နိမိတ်လက္ခဏာ၊ အံ့ဘွယ်သော အမှုတို့ကို ပြုကြ၏။ ယုံကြည်သောသူအပေါင်းတို့သည် တစုတဝေးတည်း နေကြသဖြင့်၊ မိမိတို့၌ ရှိသမျှကို ဆက်ဆံ၍ သုံးဆောင်ကြ၏။ မိမိတို့ဥစ္စာပစ္စည်းများကို ရောင်းပြီးလျှင်၊ လူများ ဆင်းရဲသည်အတိုင်း အသီးအသီးတို့အား ဝေငှခြင်းကို ပြုကြ၏။ ထိုသူတို့သည်လည်း ဗိမာန်တော်၌ နေ့တိုင်းအစဉ် တညီတညွတ်တည်းနေ၍၊ ကိုယ်အိမ်၌ မုန့်ကို ဖဲ့လျက် ကြည်ဖြူရွှင်လန်း ဝမ်းမြောက်သောစိတ်နှင့် အစာအာဟာရကို သုံးဆောင်ကြ၏။ ဘုရားသခင်ကိုလည်း ချီးမွမ်း၍ လူအပေါင်းတို့ရှေ့မှာ မျက်နှာ ပွင့်လန်းခြင်း အခွင့်ကို ရကြ၏။ ကယ်တင်ခြင်းသို့ ရောက်သောသူတို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏။" (တမန် ၂း၃၆-၄၇)

ဤနေရာတွင် ခရစ်ယာန်ဘာသာ စတင်ခြင်းကို ဖတ်ရှုရသည်။ လူထောင်ပေါင်း များစွာ ယေရှုကို ယုံကြည်၍ ဗတ္တိဇံခံပြီး သင်းဝင်ကြသည်။ သူတို့၏ အသက်တာများ ထာဝရ ပြောင်းလဲသွားကြသည်။ နိမိတ်လက္ခဏာ၊ အံ့ဩဖွယ်များ ယေရှုနာမ၌ ဖြစ်ပျက်သဖြင့် လူတိုင်း အံ့ဩကြသည်။ ဝိညာဉ်တော်သည် ယေရှုအားဖြင့် မြေကြီးပေါ်တွင် လုပ်ဆောင်ခဲ့သလို ယုံကြည်သူများအားဖြင့် လုပ်ဆောင်နေတော့သည်။

"ထိုအခါ ပဌနာပြုရသော သုံးချက်တီးအချိန်၌ ပေတရုနှင့် ယောဟန်တို့သည် ဗိမာန်တော်သို့ တက်ကြွသည်ရှိသော်၊ အမိဝမ်းတွင်းကပင် ခြေမစွမ်းသော သူတစ်ယောက်ကို သူတပါးတို့သည် ထမ်းလျက် လာကြ၏။ ဗိမာန်တော်သို့ ဝင်သော သူတို့မှာ စွန့်ကြဲခြင်းကို ခံစေခြင်းငှါ၊ တင့်တယ်အမည်ရှိသော တံခါးနားမှာ ထိုသူကို ထားလေ့ရှိ၏။ ပေတရုနှင့် ယောဟန်တို့သည် ဗိမာန်တော်သို့ ဝင်မည် လာကြသည်ကို ထိုသူသည် မြင်လျှင် စွန့်ကြဲပါဟု တောင်းလေ၏။ ထိုအခါ ပေတရုနှင့် ယောဟန် တို့သည် ထိုသူကို စေ့စေ့ ကြည့်ရှု၍ ငါတို့အား မျှော်ကြည့်လော့ဟုဆိုလျှင်၊ ထိုသူသည် တစုံတခုကို ရမည်ဟု စိတ်ထင်နှင့် တမန်တော်တို့ကို မျှော်ကြည့်လျက်နေ၏။ ပေတရုကလည်း၊ ငါ၌ ရွှေငွေမရှိ။ ရှိသည်အရာကို သင့်အား ငါပေးမည်။ နာဇရက်မြို့သား ယေရှုခရစ်၏ နာမတော်အားဖြင့် ထ၍ လှမ်းသွားလော့ဟု ဆိုလျက်၊ သူ၏ လက်ျာလက်ကို ကိုင်ဆွဲ ချီကြွလေသော ခဏခြင်းတွင်၊ ခြေနှစ်ဘက်ဖမျက်စိတို့သည် စွမ်းအားကို ရသဖြင့်၊ ရုတ်တရက်ထ၍ မတ်တတ်ရပ်ပြီးလျှင် လှမ်းသွားလေ၏။ သွားလျက်၊ ခုန်လျက်၊ ဘုရားသခင်ကို ချီးမွမ်းလျက်၊ တမန်တော်တို့နှင့်အတူ ဗိမာန်တော်သို့ ဝင်လေ၏။ ထိုသို့ လှမ်းသွား၍ ဘုရားသခင်အား ချီးမွမ်းသည်ကို လူအပေါင်းတို့သည် မြင်သောအခါ၊ ထိုသူသည် ဗိမာန်တော်၏ တင့်တယ်တံခါးနားမှာ စွန့်ကြဲခြင်းကိုခံ၍ ထိုင်နေသောသူ ဖြစ်သည်ကို သိကြသောကြောင့်၊ သူ၌ဖြစ်သည် အမှုကို အံ့ဩမိန်းမော တွေဝေခြင်းရှိ၍၊ ထိုသူသည် ပေတရုနှင့် ယောဟန်ကို အမှီပြုလျက် ရှိရာအရပ်၊ ရှောလမုန် ကနားပြင် အမည်ရှိသော ကနားပြင်သို့ ပြေးဝင်၍ စုဝေးကြ၏။

ပေတရုသည် မြင်လျှင်၊ ဣသရေလ လူတို့အဘယ်ကြောင့် ဤအမှုကို အံ့ဩ ကြသနည်း။ ဤသူသည် လှမ်းသွားနိုင်သောအခွင့်ကို ငါတို့သည် ကိုယ်တန်ခိုး၊ ကိုယ်သီလအားဖြင့် ပေးဘိသကဲ့သို့ အဘယ်ကြောင့် ငါတို့ကို စေ့စေ့ ကြည့်ရှုကြသနည်း။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့၏ ဘုရားသခင်၊ ငါတို့ဘိုးဘေးများ၏ ဘုရားသခင်သည် မိမိသားတော်၏ ဘုန်းကို ထင်ရှားစေတော်မူပြီ။ ထိုသခင်ကို သင်တို့သည် ပိလတ်မင်း လက်သို့ အပ်နှံ၍၊ ထိုမင်းသည် လွှတ်မည် အကြံရှိသော်လည်း သင်တို့သည် ထိုသခင်ကို ငြင်းပယ်ကြ၏။ သန့်ရှင်း ဖြောင့်မတ်တော်မူသော သခင်ကို ငြင်းပယ်၍၊ လူအသက်ကို သတ်ခြင်း အပြစ်ရှိသော သူတစ်ယောက်ကို ရမည်အကြောင်း တောင်းပန်သဖြင့်၊ အသက်ရှင်ခြင်းသို့ ပို့ဆောင်တော်မူသော အရှင်ကို ကွပ်မျက်ကြပြီတကား၊ ထိုအရှင်ကို

**ဘုရားသခင်သည် သေခြင်းမှ ထမြောက်စေတော်မူသည်ကို ငါတို့သည် သက်သေခံဖြစ်ကြ၏။ ထိုသခင်ကို ယုံကြည်ခြင်းအားဖြင့် ထိုသခင်၏ နာမတော်သည် သင်တို့ သိမြင်သော ဤသူအား အစွမ်းကို ပေးတော်မူပြီ။ ထိုသခင်ကြောင့် ရသော ယုံကြည်ခြင်းသည် သင်တို့မျက်မှောက်တွင် ဤသူ၌ စေ့စုံခြင်းအခွင့်ကိုပေး၍ ရှိလေပြီ။**

**ယခုလည်း ညီအစ်ကိုတို့၊ သင်တို့မှစ၍ အစိုးရသောသူတို့သည် မသိဘဲလျက် ထိုသို့ ပြုကြသည်ကို ငါသိ၏။ ခရစ်တော်သည် အသေခံရမည်ဟု ပရောဖက်အပေါင်းတို့သည် ဟောပြော၍၊ ဘုရားသခင်ဘော်ပြတော်မူနှင့်သော အမှုကို ထိုသို့အားဖြင့် ပြီးစီးတော်မူပြီ။ ထိုကြောင့် ထာဝရဘုရားထံတော်မှ ချမ်းဧသော အချိန်ကာလသည် ရောက်လာ၍၊ သင်တို့အဘို့အလိုငှါ ခန့်ထားတော်မူနှင့်သော ယေရှုခရစ်ကို စေလွှတ်တော်မူမည်အကြောင်း၊ သင်တို့အပြစ်များကို ပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။" (တမန် ၃း၁-၂၀)**

ထို့နောက် ပေတရုနှင့် ယောဟန်သည် ထိုခေတ်ဘာသာရေး ခေါင်းဆောင်များ၏ ဖမ်းဆီးခြင်းကို ခံရသည်။ **"တရားနာသောသူ အများတို့သည် ယုံကြည်ခြင်းသို့ ရောက်၍ အရေအတွက်အားဖြင့် လူငါးထောင်မျှလောက် ရှိကြ၏။" (တမန် ၄း၄)** ညှဉ်းဆဲခြင်းနှင့် ဆန့်ကျင်ခြင်းကြားမှပင် ယုံကြည် သူဦးရေ တိုးတတ်လာသည်။

**"တမန်တော်တို့ကို အလယ်၌ထား၍၊ သင်တို့သည် အဘယ်သို့သောတန်ခိုး၊ အဘယ်သူ၏ နာမအားဖြင့် ဤအမှုကို ပြုသနည်းဟု မေးမြန်းကြ၏။**

**ထိုအခါ ပေတရုသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်လျက်၊ လူများကို အစိုးရသောမင်းတို့နှင့် ဣသရေလအမျိုး အကြီးအကဲတို့၊ အင်္ဂါချို့တဲ့သောသူကို ကျေးဇူးပြု၍၊ သူသည် အနာရောဂါနှင့် အဘယ်သို့ ကင်းလွတ်သနည်းဟု ငါတို့သည် ယနေ့ အစစ်ခံရလျှင်၊ သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်၍၊ ဘုရားသခင်သည် သေခြင်းမှ ထမြောက်စေတော်မူသော နာဇရက်မြို့သား ယေရှုခရစ်၏ နာမတော်အားဖြင့် ဤသူသည် သင်တို့မျက်မှောက်၌ ကျန်းမာလျက် ရှိသည်ကို သင်တို့မှစ၍ ဣသရေလ လူအပေါင်းတို့သိမှတ်ကြလော့" (တမန် ၄း၇-၁၀) "ထိုသခင်၏ နာမတော်မှ တပါး ငါတို့ကို ကယ်တင်နိုင်သော နာမတစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိဟု ပေတရုသည် ထိုသူအား မြွက်ဆို၏။**

**ထိုသူတို့သည် ပေတရုနှင့် ယောဟန်တို့၏ ရဲရင့်ခြင်း သတ္တိကိုမြင်၍၊ လူတတ်မဟုတ်၊ လူသာမညသာ ဖြစ်သည်ကို သိမှတ်သဖြင့် အံ့ဩ၍ နေကြ၏။ ထိုသူနှစ်ယောက်တို့သည် အထက်က ယေရှုနှင့်အတူ ရှိသည်ကို သတိရ၍ဧင်း၊ အနာကင်းလွတ်သောသူသည် ထိုသူတို့နှင့်အတူ ရှိနေသည်ကိုမြင်၍ဧင်း၊ ငြင်းခုံဆိုဘွယ်ရာ မရှိ မတွေ့ကြ။" (တမန် ၄း၁၂-၁၄)**

နောက်ဆုံးတွင် အာဏာပိုင်တို့သည် ယုံကြည်သူများကို လွှတ်ပေးလျက် ယေရှုနာမဖြင့် နောက်တဖန် မဟောပြောရန် တားမြစ်ကြသည်။ ပေတရုနှင့် ယောဟန်သည် တပည့်တော်များထံသွား၍ အတူ ဆုတောင်းကြသည်။

**"အိုထာဝရဘုရား၊ ယခုအခါ ထိုသူတို့၏ ခြိမ်းချောက်ခြင်းကို မှတ်တော်မူပါ။ အနာရောဂါ ငြိမ်းစေခြင်းငှါ လက်တော်ကို ဆန့်တော်မူ၍၊ သန့်ရှင်းသော သားတော် ယေရှု၏ နာမတော်အားဖြင့် နိမိတ်လက္ခဏာ၊ အံ့ဘွယ်သော အမှုတို့ကို ဖြစ်စေတော်မူစဉ်တွင်၊ ကိုယ်တော်၏ ကျွန်တို့သည် နှုတ်ကပတ်တရားတော်ကို ရဲရင့်စွာ ဟောပြောပါမည်အကြောင်း ကယ်မသနားတော်မူပါဟု ဆုတောင်းကြ၏။ ထိုသို့ ဆုတောင်းပဌနာပြုပြီးမှ၊ စုဝေးသော အရပ်သည် တုန်လှုပ်၍၊ ထိုသူအပေါင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်သဖြင့်၊ ဘုရားသခင်၏ နှုတ်ကပတ် တရားတော်ကို ရဲရင့်စွာ ဟောပြောကြ၏။**

**ယုံကြည်သောသူ အပေါင်းတို့သည် စိတ်နှလုံး တညီတညွတ်တည်း ရှိကြ၍၊ အဘယ်သူမျှ မိမိဥစ္စာ တစုံတခုကို ငါ့ဥစ္စာဟူ၍ မဆိုဘဲလျက်၊ ရှိသမျှသော ဥစ္စာတို့ကို ဆက်ဆံသဖြင့် သုံးဆောင်ကြ၏။ သခင်ယေရှု ထမြောက်တော်မူခြင်းအကြောင်းကို တမန်တော်တို့သည် ကြီးသော တန်ခိုးနှင့် သက်သေခံ၍၊ ထိုသူအပေါင်းတို့သည် ကြီးသော ကျေးဇူးတော်နှင့် ပြည့်စုံကြ၏။ ထိုသူတို့တွင် ဆင်းရဲသောသူ တစ်ယောက်မျှ ရှိ။ အကြောင်းမူကား၊ အိမ်၊ မြေကွက်ကို ပိုင်သောသူရှိသမျှတို့သည် ရောင်းပြီးလျှင်၊ ရသောအဘိုးကို ယူဆောင်ခဲ့၍၊ တမန်တော်တို့၏ ခြေရင်း၌ ထားကြသဖြင့်၊ လူများ ဆင်းရဲသည်အတိုင်း အသီးအသီးတို့အား ဝေငှပေးကမ်းကြ၏။" (တမန် ၄း၂၉-၃၅)**

ယေရှုမြေကြီးပေါ်တွင် ရှိခဲ့စဉ်က ဘုရားသခင်ကို ဖွင့်ပြခဲ့သော ဝိညာဉ်တော်သည် ယခုတွင် ယုံကြည်သူများအားဖြင့် လုပ်ဆောင်နေပါသည်။

**"ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏။" (ဟေဗြဲ ၁၃း၈) "ထိုမျှမက၊ ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူသော**

**ဘုရား၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရားသည် သင်တို့အထဲ၌ ကျိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့်၊ သေတတ်သော သင်တို့၏ ကိုယ်ကာယကိုပင် ရှင်စေတော်မူမည်။" (ရောမ ၈း၁၁)** သင့်အထဲ၌ ယခုကျိန်းဝပ်သော ဝိညာဉ်တော်သည် ယနေ့တွင် သင့်အားဖြင့် ယေရှုခရစ်ကို ထင်ရှားစေပါလိမ့်မည်။

ကနဦး ယုံကြည်သူများ၏ ရဲရင့်ခြင်း မေတ္တာနှင့် တန်ခိုးကို သန့်ရှင်းသော ဝိညာဉ်တော်က ပေးပြီး သင်နှင့် ကျွန်ုပ်သည်လည်း မိမိမျိုးဆက်၌ မိသားစုများ၊ မိတ်ဆွေများ၊ ထိတွေ့ရသူများထံ သက်သေခံသောအခါ ထိုတန်ခိုးကို ရရှိနိုင်ပါသည်။

"စစ်မှန်သော ပျော်ရွှင်ခြင်းသည် ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် ပူးပေါင်းလုပ်ဆောင်ပြီး ဝိညာဉ်တော်အားဖြင့် သွား၍ သတင်းကောင်းကို သူတပါးထံပြောပြသည်။ ထိုအခါ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ အလုပ်လုပ်ပြီး နိမိတ်လက္ခဏာများဖြင့် နှုတ်ကပတ်တော်ကို အတည်ပြုသည်။ သင့်အသက်တာအတွက် ရည်ရွယ်ချက်ကို ပြည့်စုံစေရန် ဘုရားသခင်ကို ခွင့်ပြုသောအခါ ပြောမပြနိုင်သော ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝပြီး စစ်မှန်သော ပျော်ရွှင်ခြင်းကို ရရှိလိမ့်မည်။ ထိုစစ်မှန်သော ပျော်ရွှင်မှုသည် ကောင်းကင်ဘုံသို့ ယေရှုနှင့်အတူ ရောက်ရှိသောအခါ ခံစားရမည့်ဘုန်းတော်နှင့် နှိုင်းယှဉ်လျှင် ဘာမှမဟုတ်ပါ။ ကိုယ်တော်နှင့် မျက်နှာချင်းဆိုင် တွေ့သောအခါ ကိုယ်တော်က ဤသို့ပြောပါလိမ့်မည်။

**"အရှင်က၊ သာဓုသစ္စာရှိသော ငယ်သားကောင်း။ သင်သည် အမှုငယ်၌ သစ္စာစောင့်လေပြီ။ များစွာသော အမှုအခွင့်ကို သင်၌ ငါအပ်ပေးမည်။ သင်၏သခင်နှင့် အတူ စည်းစိမ်ကို ဝင်စားလော့ဟု မိန့်တော်မူ၏။" (မဿဲ ၂၅း၂၃)**

သင်သည် ဤစာအုပ်ကိုဖတ်ရာတွင် အသက်တာ၏ ဟာကွက်ကို ဖြည့်စွက်ရန် ဖြစ်ကောင်းဖြစ်မည်။ သို့သော် ယခုတွင် ဘဝသည်။ သင်စဉ်းစားနိုင်တာထက် ပိုမိုကြောင်း သိလာရပါသည်။ ဤအရာအားလုံး ယေရှုကြောင့်သာ ဖြစ်သည်။ ဤအခွင့်အရေးကို လက်မလွှတ်စေပါနှင့် စာတန်သင်ကိုနောက်ထပ် လှည့်မစားစေပါနှင့်။

ဘုရားသခင်သင့်အား ကိုယ်ဘမ်းသည့်အရာကို ဆွဲကိုင်ပါ။ ဘုရားသခင် သင့်အား ယခုဖြစ်စေသည့်အရာမှ အများဆုံး အကျိုးရှိစေပါ။ ထာဝရအသက်ကို ပြည့်ဝစွာ အသက်ရှင်ပါ။ **"ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင်၊ သင်တို့၌ ချဉ်းကပ်တော် မူလိမ့်မည်။ အပြစ်ရှိသောသူတို့၊ သင်တို့လက်ကို စင်ကြယ်စေကြလော့။ စိတ်နှစ်ခွ ရှိသောသူတို့၊ သင်တို့ စိတ်နှလုံးကို သန့်ရှင်းစေကြလော့။" (ယာကုပ် ၄း၈)**

စာကြွင်းကို ဖတ်ရှုပြီးပါက နှုတ်ကပတ်တော်တစ်ခုကို တောင်းလျှောက်နိုင်ပါသည်။ ထိုကျမ်းစာကို ဖတ်ရှု၍ ပြောသည့်အတိုင်း လုပ်ဆောင်ပါ။ ယခုပင်လျှင် သင်ဖတ်ရှုခံယူခဲ့သမျှ လက်တွေ့လုပ်ဆောင်ပါ။ ဤစာအုပ်ကို ထပ်တလဲလဲ ဖတ်ရှု အခမဲ့ပေးသော ဤစာအုပ်ကို ထပ်တောင်းပြီး ယေရှု မသိသေးသူများကို လက်ဆင့်ကမ်းပေးပါ။ "အခမဲ့ ရရှိသည့်အတိုင်း၊ အဖိုးမယူဘဲ ဝေငှပါ။"

**"နာသောသူတို့အား ချမ်းသာပေးကြလော့။ သေသောသူတို့ကို ထမြောက်စေကြလော့။ နူသောသူတို့ကို သန့်ရှင်းစေကြလော့။ နတ်ဆိုးတို့ကိုလည်း နှင်ထုတ်ကြလော့။ သင်တို့သည် အဘိုးမပေးဘဲ ကျေးဇူးတော်ကို ခံရကြပြီ ဖြစ်၍ အဘိုးမခံဘဲ ပေးကမ်းကြလော့။" (မဿဲ ၁၀း၈)**

တသက်တာလုံး ဘုရားသခင်နှင့် ပူးတွဲလုပ်ဆောင်ရန်အတွက် အောက်ပါ ဆုတောင်းချက်ဖြင့် အသက်တာကို ဆက်ကပ်အပ်နှံပါ။

ကောင်းကင်ဘုံရှင်အဘ

ကျွန်ုပ် ကိုယ်တော်ထံသို့ ပြန်လာ၍ ကိုယ်တော်သားသမီး ဖြစ်လာစေရန် သားတော် ယေရှုကို အသေခံသောကြောင့် ကျေးဇူးတင်ပါသည်။ ကျွန်ုပ် အသက်တာ၌ နည်းလမ်းအမျိုးမျိုးဖြင့် ထောက်ပံ့ခြင်းနှင့် မေတ္တာတော်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်ကို ဂရုစိုက်၍ လိုအပ်သမျှကို ကြွယ်ဝစွာ ထောက်ပံ့ပေးသောကြောင့် ကျေးဇူးတင်ပါသည်။

သို့သော် ယခုတွင် ကျွန်ုပ်ကို ကျွန်ုပ်အတွက်သာ ကယ်တင်ခြင်းမဟုတ်ဘဲ ကျွန်ုပ်မှတဆင့် ဝိညာဉ်တော်အားဖြင့် အသက်ရှင်နိုင်ရန်နှင့် သူတပါးလည်း ကိုယ်တော် ကျွန်ုပ်အား ပေးသောအသက်ကို ရရှိနိုင်ရန် ဖြစ်ပါသည်။

ခရစ်တော်အတွက် သံတမန် ဖြစ်ခြင်းသည် ကြီးမားလှသော အခွင့်ထူးဖြစ်မှန်း သိ၍ ဤခေါ်ခြင်းကို ယနေ့ ကိုယ်တော်မှ နှိမ့်ချစွာ ခံယူပါသည်။ ကိုယ်တော် တန်ခိုးအားဖြင့်သာ ဤတာဝန်ကို ကျွန်ုပ် ထမ်းဆောင်နိုင်ကြောင်းကို သိပါသည်။

ထို့ကြောင့် ယခုတွင် ကျွန်ုပ်ကို သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝစေလျက်၊

ကျွန်ုပ်လိုအပ်သမျှကို ထည့်သွင်းပေးလျက် ကိုယ်တော်ခေါ်သည့်အတိုင်း ဖြစ်စေတော်မူပါ။ ဝိညာဉ်တော်ဘုရား ယခုပင်လျှင် ကျွန်ုပ်အသက်တာကို ကိုယ်တော်အတွက် ဖွင့်ဟပါသည်။ ကျွန်ုပ်အသက်တာထဲသို့ ဝင်ရောက်လျက် ပြည့်ဝစေပြီး၊ ထိန်းချုပ်လျက် တန်ခိုးပေးတော်မူပါ။ ကျွန်ုပ်သည် သူတပါးထံ ကိုယ်တော်အကြောင်း ကြားပြောရာတွင် ကျွန်ုပ်အသက်တာမှတဆင့် ကိုယ်တော်ဘုန်း ထင်ရှားစေတော်မူပါ။

ယေရှုဘုရား၊ ကတိထားသည့်အတိုင်း ဝိညာဉ်တော်နှင့် ပြည့်ဝစေသောကြောင့် ကျေးဇူးတင်ပါသည်။ နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဝိညာဉ်တော်ကို ယခု ကျွန်ုပ်ခံယူပါသည်။ ကျွန်ုပ်သည် ဘုရားသခင်၏ တန်ခိုးပေးခြင်းကို ခံရလျက် ယေရှုနာမ၌ သူတပါးကို အစေခံပြီး ယေရှုအကြောင်း သတင်းကောင်းပြောပြခြင်း၊ လူနာအပေါ် လက်တင်ခြင်းနှင့် နတ်ဆိုးနှင်ထုတ်ခြင်း ပြုလုပ်သောအခါ ကိုယ်တော်သည် ကျွန်ုပ်နှင့်အတူ အလုပ်လုပ်ပြီး နိမိတ်လက္ခဏာနှင့် အတည်ပြုမည်ဖြစ်သောကြောင့် ကျေးဇူးတင်ပါသည်။

ကျွန်ုပ်သည် ဝိညာဉ်တော်၌ လျှောက်လှမ်းသောအခါ ဝိညာဉ်တော်အသီးသည် ကျွန်ုပ်အသက်တာ၌ ထင်ရှားမည်ဟု ယုံကြည်ပါသည်။ ဘုရားသခင်ကိုချစ်လျက် ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှချစ်ရန် ဆက်ကပ်ပါသည်။

ဝိညာဉ်တော်ဘုရား ကျွန်ုပ်အသက်တာကို အချိန်မရွေး၊ နေရာမရွေး၊ ပုံစံမရွေး အသုံးပြုတော်မူပါ။ ကိုယ်တော်၏ ဆုကျေးဇူးနှင့် ယေရှု၏အသက်တာကို ကျွန်ုပ်အားဖြင့် ထင်ရှားပြတော်မူပါ။ ကိုယ်တော်၏ လမ်းပြမှုနောက်သို့လိုက်၍ ဘုရားသခင် ခေါ်ထားသည့်အတိုင်းဖြစ်ရန် လိုက်လျှောက်ပါမည်။

ယေရှုနာမ၌ ဆုတောင်းပါသည်။

အာမင်။

## စာကြွင်း

**ဤအပိုင်းတွင် အသီးသီးသော ခရစ်ယာန်ဖြစ်ရန်နှင့် ယေရှုကို မှန်ကန်စွာ တင်ဆက် သော သံတမန်ဖြစ်ရန် လိုအပ်သောအရာများ ဝေငှပါမည်။**

**ပထမအချက်မှာ ဗတ္တိဇံဖြစ်သည်။ ကျမ်းစာအရ လူတို့သည် ဗတ္တိဇံခံသောအခါ ခဏတာ ရေအောက်သို့ဆင်း၍ ရေပေါ်သို့ ပြန်ထလာသည်။ ယေရှု၏ မိန့်မှာချက်ကို နာခံ လျက် ပြုလုပ်ခြင်း ဖြစ်သည်။**

**“သင်တို့သည် လောကီနိုင်ငံ အရပ်ရပ် ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါ အပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။ ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတံ့။” (မာကု ၁၆း၁၅-၁၆)**

**“ယေရှုသည် အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုး ရှိသမျှတို့ကို ငါခံရပြီ။ သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗိတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမဩဝါဒ ပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။” (မဿဲ ၂၈း၁၈-၂၀)**

ဗတ္တိဇံခံခြင်းသည် ခရစ်ယာန်လူသစ်က ယေရှုခရစ်ကို ကယ်တင်ရှင်နှင့် သခင်အဖြစ်လက်ခံကြောင်း လူသိရှင်ကြားကြေငြာ၍ အတည်ပြုခြင်းဖြစ်သည်။ ယုံကြည်သူ လူသစ်အထဲ၌ ဝိညာဉ်ပိုင်း၌ ဖြစ်ပျက်သောအရာကို ဤအပြင်ပန်းလုပ်ရပ်က ကိုယ်စားပြုနေသည်။

ယုံကြည်သောသူတို့ ဗတ္တိဇံခံလေ့ရှိကြောင်းကို အောက်ပါကျမ်းပိုဒ်များက ဖော်ပြသည်။

**"ပေတရုကလည်း၊ သင်တို့၏ အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။ အကြောင်းမူကား၊ ဂတိတော်သည် သင်တို့နှင့်ငှင်း၊ သင်တို့၏ သားသမီးတို့နှင့်ငှင်း၊ ဝေးသောသူတို့တွင် ငါတို့၏ ဘုရားသခင် ထာဝရဘုရား ခေါ်တော်မူသမျှသော သူတို့နှင့်ငှင်း ဆိုင်သည်ဟု ဟော၏။ ထိုမှတပါး သဘောမဖြောင့်သော ဤအမျိုးမှ ကယ်တင်ခြင်းသို့ ရောက်ကြလော့ဟူ၍ အထူးထူးအပြားပြားသော စကားနှင့် သက်သေခံ၍ တိုက်တွန်းသွေးဆောင်လေ၏။**

**ထိုစကားကို အသင့်နှလုံးသွင်းမိသော သူတို့သည် ဗတ္တိဇံကိုခံ၍၊ ထိုနေ့၌ အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သော သူတို့သည် ဝင်ကြ၏။"**

**(တမန် ၂း၃၈-၄၁)**

**"ဖိလိပ္ပုသည် ဘုရားသခင်၏ နိုင်ငံတော်နှင့်ငှင်း၊ ယေရှုခရစ်၏ နာမတော်နှင့်ငှင်း၊ စပ်ဆိုင်သော ဧဝံဂေလိတရားကို ဟောပြော၍ ထိုသူတို့သည် ယုံကြည်သောအခါ၊ ယောကျာ်း၊ မိန်းမတို့သည် ဗတ္တိဇံကို ခံကြ၏။" (တမန် ၈း၁၂)**

**"ဖိလိပ္ပုအား မေးမြန်းလျှင်၊ ဖိလိပ္ပုသည် မိမိနှုတ်ကိုဖွင့်၍ ထိုကျမ်းစာချက်ကို အစွဲပြုလျက်၊ ယေရှု၏အကြောင်း တည်းဟူသော ဧဝံဂေလိတရားကို ဟောလေ၏။ ထိုသို့ လမ်း၌သွားကြစဉ် ရေရှိရာသို့ရောက်၍၊ အမတ်ကလည်း ဤအရပ်တွင် ရေရှိပါ၏။ အကျွန်ုပ်ကို ဗတ္တိဇံ မခံစေခြင်းငှါ မည်သည့်အကြောင်း ဆီးတားပါသနည်းဟု ပြောဆိုလျှင်၊ ဖိလိပ္ပုက၊ သင်သည် စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်လျှင် ခံရသည်ဟု ဆိုလေ၏။ အမတ်ကလည်း၊ ယေရှုခရစ်သည် ဘုရားသခင်၏ သားတော် ဖြစ်တော်မူကြောင်းကို အကျွန်ုပ် ယုံကြည်ပါသည်ဟု ဝန်ခံ၍၊ ရထားကိုရပ်စေခြင်းငှါ စီရင်ပြီးမှ၊ ဖိလိပ္ပုသည် ထိုအမတ်နှင့်တကွ ရေထဲသို့ဆင်း၍ ဗတ္တိဇံကို ပေး၏။" (တမန် ၈း၃၅-၃၈)**

**"ထိုအခါ ပေတရုက၊ ငါတို့ကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်ကို ခံရသော ဤသူတို့ကို ဗတ္တိဇံ မပေးစေခြင်းငှါ အဘယ်သူသည် ရေကို မြစ်တားနိုင်သနည်းဟု ဆိုလျက်၊ သခင်ဘုရား၏ နာမ၌ ဗတ္တိဇံကို ခံစေမည်အကြောင်း စီရင်လေ၏။ ထိုနောက်မှ ပေတရုသည် ကာလအတန်အရာနေပါမည်အကြောင်းကို ထိုသူတို့သည် တောင်းပန်ကြ၏။" (တမန် ၁၀း၄၇-၄၈)**

**"ကရိပ္ပုအမည်ရှိသော တရားစရပ်မှူးသည် မိမိအိမ်သူအိမ်သားအပေါင်းတို့နှင့်တကွ သခင်ဘုရားကို ယုံကြည်လေ၏။ ကောရိန္သုပြည်သားအများတို့သည်လည်း ယုံကြည်၍ ဗတ္တိဇံကို ခံကြ၏။" (တမန် ၁၈း၈)**

ဗတ္တိဇံခံခြင်းသည် ယုံကြည်သူက သူတို့ကိုယ်စား ယေရှုခရစ်၏ အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်းနှင့် ထမြောက်ခြင်းကို ထပ်တူပြုခြင်းဖြစ်သည်။

**"ယေရှုခရစ်၌ ဗတ္တိဇံကို ခံသောသူ ရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံကြသည်ဟု သင်တို့မသိသလော။ ထိုကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့်၊ ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သော အသက်၌ ကျင်လည်ရကြသတည်း။"**

**(ရောမ ၆း၃-၄)**

ထို့ကြောင့်သင်သည် ဗတ္တိဇံခံရန် ခရစ်တော်၏ မိန့်မှာချက်ကို နာခံလိုပါလိမ့်မည်။ ဤအရာသည် အခြားသူများအား ခရစ်တော်၌ အသက်တာသစ်ကို ကြေငြာရန် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ဘုရားသခင်သည် သင့်အား အခြားသူယုံကြည်သူ တစ်ယောက်နှင့် တွေ့စေရန် ဆုတောင်းပါ။ ထိုသူသည် ဤစာအုပ်ကို သင့်အား ပေးသူ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

သင်သည် အခြားယုံကြည်သူများနှင့် ပုံမှန်ဆုံတွေ့ရန် အရေးကြီးပါသည်။ ယေရှုနှင့် နှုတ်ကပတ်တော်ကို ချစ်မြတ်နိုးသော အခြားခရစ်ယာန်များနှင့် မိဿဟာယဖွဲ့ခြင်းက သင်နှင့် သူတို့ကို ခွန်အားရှိစေလိမ့်မည်။ ခရစ်တော်အထဲ၌ ဘုရားသခင် သင့်အတွက် လုပ်ဆောင်ပေးသောအရာသည် အခြားယုံကြည်သူများအတွက် ကြီးမားသော ခွန်အားဖြစ်နိုင်သလို အခြားယုံကြည်သူများ အသက်တာ၌ ကိုယ်တော်လုပ်ဆောင်သောအရာသည် သင့်အတွက် ခွန်အားနှင့် ကောင်းကြီး ဖြစ်နိုင်ပါသည်။

အခန်း (၇) တွင် ဖတ်ရှု့ရသကဲ့သို့ပင် ယုံကြည်သူ လူသစ်များသည် မိဿဟာယဖွဲ့ရန်၊ ဆုတောင်းရန်၊ အတူစားသောက်ရန်၊ နားထောင်ရန်၊ နှုတ်ကပတ်တော် ခံယူရန်၊ ဘုရားသခင်ကို ချီးမွမ်းသီဆိုရန်၊ အချင်းချင်း၏ ဝိညာဉ်ရေးနှင့် ကာယပိုင်းလိုအပ်ချက်ကို ပြည့်စုံစေကြရန်အတွက် သွား၍ မကြားသေးသူများထံ ဧဝံဂေလိတရား ဟောပြောရန် ဆုံတွေ့ကြသည်။

**"ဘုရားသခင်ကိုလည်း ချီးမွမ်း၍ လူအပေါင်းတို့ရှေ့မှာ မျက်နှာပွင့်လန်းခြင်း အခွင့်ကို ရကြ၏။ ကယ်တင်ခြင်းသို့ ရောက်သော သူတို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏။" (တမန် ၂း၄၇)**

**"ပေတရုသည် ထောင်ထဲ၌ အကျဉ်းနေရစဉ်၊ သင်းဝင်သူတို့သည် သူ့အဘို့ ကြိုးစား၍ ဘုရားသခင်ကို ဆုတောင်းပဌနာပြုကြ၏။" (တမန် ၁၂း၅)**

ယုံကြည်သူများသည် နေရာအမျိုးမျိုး၊ အချိန်အမျိုးမျိုး၌ တွေ့ဆုံကြသည်။ သူတို့ဆုံတွေ့သောနေရာသည် အရေးကြီးသောလည်း ပုံမှန်ဆုံတွေ့ကြသည်။ အားနည်းသောသူကို အားကြီးသူတို့က ကူမကြသည်။ ဘုရားသခင်အရင်းအမြစ်များ ပေးထားသော သူတို့သည် လိုအပ်သူကို ဝေငှကြသည်။

ယနေ့တွင် ယုံကြည်သူများ ဆုံတွေ့သောနေရာကို အသင်းတော်ဟု ခေါ်ပြီး ကျမ်းစာကမူ ယုံကြည်သူ လူစုကို အသင်းတော်ဟုခေါ်သည်။ အသင်းတော်ဆိုသည်မှာ အဆောက်အဦးမဟုတ်ဘဲ လူစုဖြစ်သည်။

**"လောကဓာတ်မှစ၍ လောကဓာတ်၌ ရှိလေသမျှသောအရာတို့ကို ဖန်ဆင်းတော် မူသော ဘုရားသခင်သည်၊ ကောင်းကင်နှင့် မြေကြီးကို အစိုးရတော် မူသော အရှင်ဖြစ်၍၊ လူတို့လက်ဖြင့်လုပ်သော ဗိမာန်၌ ကျိန်းဝပ်တော် မူသည်မဟုတ်" (တမန် ၁၇း၂၄)**

**"အကြောင်းမူကား၊ အကြင်အရပ်၌ လူနှစ်ဦး သုံးဦးတို့သည် ငါ၏ နာမကို ထောက်၍ စည်းဝေးကြ၏။ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်ဟု မိန့်တော်မူ၏။" (မဿဲ ၁၈း၂၀)**

ယေရှုနာမ၌ ဘုရားသခင်ကို ကိုးကွယ်ရန်၊ အချင်းချင်း တည်ဆောက်ရန်၊ အားပေးရန် စုဝေးကြသောအခါ ဝိညာဉ်တော်သည် ထူးခြားသော နည်းလမ်းဖြင့် အတူပါရှိလိမ့်မည်။

သင်သည် ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကို သတိရပါ။ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် သင့်အထဲ၌ ကျိန်းဝပ်ပါသည်။ ကိုယ်တော်သည် ချစ်တတ်သော ဘုရားဖြစ်သည်။ သင့်အထဲ၌ရှိသော ဝိညာဉ်တော်ကို အကင်းပါစွာသိပါ။ သင့်တစ်ဦးတည်း ရှိသောအခါ၌သာမက အခြားယုံကြည်သူများနှင့် ဆုံတွေ့သည့် အခါတွင်လည်း အကင်းပါးစွာ သိပါ။ သင့်ကိုယ်ခန္ဓာဖြင့် ဘုရားသခင်ကို ဂုဏ်ပြုပါ။

**"အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော၊ သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုဎင်း၊ မိမိတို့ကို မိမိတို့ မပိုင်ကြောင်းကိုဎင်း၊ မသိကြသလော။ သင်တို့သည် အဘိုးနှင့် ဝယ်တော်မူသောသူ ဖြစ်သောကြောင့်၊ ဘုရားသခင် ပိုင်တော်မူသော သင်တို့၏ ကိုခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြလော့။" (၁ကော ၆း၁၉-၂၀)**

အခန်း (၇) ၌ သန့်ရှင်းသော ဝိညာဉ်တော်သည် ယေရှုနောက်လိုက်များနှင့်အတူ အလုပ်လုပ်ပြီး သူတို့သွားလေရာရာတွင် မယုံကြည်သူများထံ ယေရှုကို ဖွင့်ပြကြောင်း တွေ့ရပါသည်။ ဤအရာ နေ့တိုင်း ဖြစ်ပျက်နေသည်။ သူတို့အတူ မိဿဟာယဖွဲ့လျက် အချင်းချင်း လိုအပ်ချက်ကို ပြည့်ဝစေကြပြီ တစ်ဦးကိုတစ်ဦး အားပေးကာ ထွက်သွားလျက် သတင်းကောင်းကို ဟောပြောကြသည်။

သင့်အသက်တာသည်လည်း နှုတ်ကပတ်တော်နှင့် လုပ်ဆောင်ချက်အားဖြင့် သူတပါးကို ယေရှု သိလာစေဖို့ဖြစ်သည်။ သင်သည် ဘုရားသခင်ရွေးချယ်သော တန်ဆာပလာဖြစ်သည်။ သင့်အထဲ၌ ယခုကျိန်းဝပ်သော ယေရှုသည် နေ့စဉ် သင်နှင့် ဆုံတွေ့ရသော သူများအတွက် မြော်လင့်ခြင်း ဖြစ်သည်။ သင်သည် ထူးခြားပြီး ကိုယ်တော်၏ အကြံတော်ကို မြေကြီးပေါ်တွင် အကောင်အထည်ဖော်ရန် ကိုယ်တော်သင့်ကို လိုအပ်သည်။

ဘုရားသခင်အတွက် အသက်ရှင်ရန် သင့်ကိုသင် လုံးလုံးလျားလျား ပေးအပ်ပါ။ အမြဲတန်း မလွယ်ကူသောလည်း ထိုက်တန်ပါသည်။ အခြားခရစ်ယာန်များစွာကဲ့သို့ပင် သင်သည် ညှဉ်းပန်းနှိပ်စက် ခံရကောင်း ခံရမည်ဖြစ်သောလည်း ရရှိမည့် ဘုန်းအသရေသည် သင်ခံရမည့် အခက်အခဲဒုက္ခထက် များစွာ သာလွန်ပါသည်။ ဘုရားသခင့် အစေခံကျွန် တစ်ဦး၏ ဤစကားကို ဖတ်ရှုကြည့်ပါလေ။

**"ငါတို့သည် ကိုယ်အကြောင်းကို ဟောပြောကြသည်မဟုတ်။ ယေရှုခရစ်သည် သခင်ဖြစ်တော်မူကြောင်းကိုဎင်း၊ ငါတို့သည် ယေရှုအတွက် သင်တို့၏ ကျွန်ဖြစ်ကြောင်း ကိုဎင်း ဟောပြောကြ၏။ မှောင်မိုက်ထဲက အလင်းထွန်းလင်းမည်အကြောင်း မိန့်တော် မူသော ဘုရားသခင်သည်၊ ယေရှုခရစ်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းတော်ကို သိသော ဥာဏ်၏ အရောင်ကို ပေးလိုသော၄ါ၊ ငါတို့ စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏။**

**သို့သော်လည်း တန်ခိုးတော်၏ ဂုဏ်အသရေသည် ငါတို့နှင့်မဆိုင်၊ ဘုရားသခင်နှင့် ဆိုင်မည်အကြောင်း၊ ထိုဘဏ္ဍာသည် မြေအိုးထဲမှာ ထည့်ထားလျက် ငါတို့၌ ရှိ၏။ ငါတို့သည် အမျိုးမျိုးသော နှောင့်ရှက်ခြင်းကို ခံရသော်လည်း၊ အကျိုးနည်းခြင်းသို့ မရောက်။ မကြံစည်နိုင်အောင် ရှိသော်လည်း စိတ်မပျက်။ ညှဉ်းဆဲခြင်းကို ခံရသော်လည်း ရှုံးခြင်းမရှိ။ အောက်သို့ လှဲခြင်းကို ခံရသော်လည်း ဆုံးရာသို့ မရောက်။ သခင်ယေရှုသည် အသက်ရှင်တော်မူကြောင်းကို ငါတို့ ကိုယ်ခန္ဓာ၌ ထင်ရှားစေခြင်းငှါ၊ ယေရှု၏ သေတော်မူခြင်းကို အစဉ်မပြတ် ငါတို့၏ ကိုယ်ခန္ဓာ၌ ဆောင်ရကြ၏။ အဘယ်သို့နည်းဟူမူကား၊ ယေရှုသည် အသက်ရှင်တော်မူကြောင်းကို၊ ငါတို့၏ သေတတ်သော ကိုယ်ခန္ဓာ၌ ထင်ရှားစေခြင်းငှါ၊ ငါတို့သည် အသက်ရှင်စဉ်တွင် ယေရှုကြောင့် သေခြင်းလက်သို့ အစဉ်အပ်နှံခြင်းကို ခံရကြ၏။ သို့ဖြစ်၍ သေခြင်းတရားသည် ငါတို့၌ ပြုပြင်တတ်၏။ သင်တို့၌ကား၊ အသက်ရှင်ခြင်းတရားသည် ပြုပြင်တတ်၏။ ထိုသို့သော ယုံကြည်ခြင်းစိတ်ရှိသည်ဖြစ်၍၊ ငါသည် ယုံကြည်သောကြောင့် မြွက်ဆို၏ဟု ကျမ်းစာလာသည်နှင့်အညီ၊ ငါတို့သည် ယုံကြည်ခြင်း စိတ်ရှိသောကြောင့် မြွက်ဆိုဟော ပြောကြ၏။**

**သခင်ယေရှုကို ထမြောက်စေတော်မူသောသူသည် ယေရှုအားဖြင့် ငါတို့ကိုလည်း ထမြောက်စေ၍၊ သင်တို့နှင့်အတူ အထံတော်၌ သွင်းတော်မူမည်ဟု ငါတို့သိကြ၏။ အများသော သူတို့သည် ကျေးဇူးတော်ကို ချီးမွမ်းသည်နှင့်၊ ထိုကြွယ်ဝသော ကျေးဇူးတော်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထင်ရှားစေမည်အကြောင်း၊ ခပ်သိမ်းသော အရာတို့သည် သင်တို့ အဘို့အလိုငှါ ဖြစ်သတည်း။ ထိုကြောင့် ငါတို့သည် အားလျော့စိတ်ပျက်ခြင်းနှင့် ကင်းလွတ်ကြ၏။ ငါတို့၏ ပြင်လူသည် ဖောက်ပြန် ပျက်စီးခြင်းသို့ ရောက်သော်လည်း၊ အတွင်းလူမူကား တနေ့ထက်တနေ့ ပြုပြင်ခြင်းကို ခံရ၏။ အကြောင်းမူကား၊ မျက်မှောက်၌ ထင်ရှားသော အရာတို့သည် ခဏသာတည်၍၊ မထင်ရှားသော အရာတို့သည် အစဉ်အမြဲတည်ကြောင်းကို ငါတို့သည် ထောက်လျက်၊ ထင်ရှားသော အရာတို့ကို မကြည့်မမှတ်ဘဲ မထင်ရှားသော အရာတို့ကို ကြည့်မှတ်ကြစဉ်အခါ၊ ယခုခဏ ခံရ၍ ပေါ့ပါးသော ဆင်းရဲခြင်း ဒုက္ခသည် အတိုင်းထက်အလွန် ကြီးမြတ်လေးလံသော နိစ္စထာဝရ ဘုန်းအသရေကို ငါတို့အဘို့ ဖြစ်စေတတ်၏။" (၂ကော ၄း၅-၁၈)**

ထို့ကြောင့် အခက်အခဲ စစ်ကြောခြင်းနှင့် စုံစမ်းခြင်းများ ခံရသောအခါ ဤသို့ ပြုပါလေ။

**"ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်း အကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကို မမှတ်ဘဲ လက်ဝါးကပ်တိုင်၌ ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော် လက်ျာဘက်၌ ထိုင်နေတော်မူ၏။" (ဟေဗြဲ ၁၂း၂)**

**"ငါ့ညီအစ်ကိုတို့၊ သင်တို့၏ ယုံကြည်ခြင်းကို စစ်ကြော စုံစမ်းခြင်း အရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟု သိမှတ်လျက်၊ အထူးထူး အပြားပြား စုံစမ်းနှောင့်ရှက်ခြင်းနှင့် တွေ့ကြုံသောအခါ၊ ဝမ်းမြောက်စရာအကြောင်း သက်သက် ဖြစ်သည်ဟု မှတ်ကြလော့။ သင်တို့သည် အလျင်းမချို့တဲ့ဘဲ စေ့စပ်စုံလင်မည်အကြောင်း၊ သည်းခံခြင်းစိတ်သည် အကုန်အစင် ပြုပြင်ပါစေ။" (ယာကုပ် ၁း၂-၄)**

သည်းခံခြင်းသည် ခရစ်ယာန်အသက်တာအတွက် အရေးပါလှသည်။ ကျွန်ုပ်တို့ အသက်တာ၌ ဤပါရမီ ရှိရမည်။ သည်းခံခြင်းမရှိလျှင် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် သန့်စင်၍ စုံလင်မည် မဟုတ်ပါ။

**"ငါတို့သည် အားမလျော့၊ စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကို ကျင့်ကြကုန်အံ့။ ထိုသို့ တည်ကြည်၍ကျင့်လျှင် အချိန်တန်သော ကာလ၌ အသီးအနှံကို ရိတ်ရကြလိမ့်မည်။" (ဂလာတိ ၆း၉)**

**"ထိုကြောင့်၊ ကြီးစွာသော အကျိုးနှင့် ယှဉ်သော သင်တို့၏ ရဲရင့်ခြင်းစိတ်ကို မစွန့်ကြနှင့်။ ဘုရားသခင်၏ အလိုတော်ကို ဆောင်ပြီးမှ၊ ဂတိတော်အတိုင်း အကျိုးကို ရမည်အကြောင်း သည်းခံခြင်းစိတ်ရှိရမည်။" (ဟေဗြဲ ၁၀း၃၅-၃၆)**

နေ့စဉ်အသက်တာတွင် "မေတ္တာအားဖြင့် ထင်းရှားသော ယုံကြည်ခြင်း ရှိရမည်။ **"ယေရှုခရစ်ထံ၌ အရေဖျားလှီးခြင်း အကျိုးမရှိ။ မခံဘဲ နေခြင်းလည်း အကျိုးမရှိ။ မေတ္တာအားဖြင့် ပြုပြင်တတ်သော ယုံကြည်ခြင်းသာ အကျိုးရှိ၏။" (ဂလာတိ ၅း၆)** မည်မျှခက်ခဲစေကာမူ ယုံကြည်ခြင်းနှင့် နှုတ်ကပတ်တော်ကို ရပ်တည်၍ မရပ်ပါ။ ကတိတော်မှ မယိမ်းယိုင်သင့်ပါချေ။

နှုတ်ကပတ်တော်ကို ယုံကြည်ခြင်း အလုပ်မလုပ်သလို ထင်ရသော အချိန်များ ရှိပါလိမ့်မည်။ ထိုအချိန်တွင် လက်မလျှော့ဘဲ စွဲမြဲရမည်။ သူတပါးက မတရား ဆက်ဆံသော

အခါ သူတို့ကို ဆက်ချစ်လျက် မကောင်းမှုဖြင့် မတုန့်ပြန်ဘဲ၊ မေတ္တာဖြင့် တုန့်ပြန်ရမည်။

**"အဆိုးအားဖြင့် အရှုံးမခံနှင့်။ အကောင်းအားဖြင့် အဆိုးကို နိုင်လော့။"**

**(ရောမ ၁၂း၂၁)**

**"ကြွင်းသေးသော စကားဟူမူကား၊ ညီအစ်ကိုတို့၊ သခင်ဘုရားအားဖြင့်၎င်း၊ တန်ခိုးတော် အရှိန်အားဖြင့်၎င်း၊ ခိုင်ခံ့ခြင်း ရှိကြလော့။ မာရ်နတ်၏ ပရိယာယ်တို့ကို ဆီးတားနိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့။ အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင် တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရ ပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုဃ်းကောင်းကင်၌ နေသော နတ်ဆိုးတို့နှင့်၎င်း၊ ဆိုင်ပြိုင် တိုက်လှန်ရကြ၏။ ထိုကြောင့်၊ ခဲယဉ်းဆိုးယုတ်သော နေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကို ပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံကို ယူဆောင်ကြလော့။ သစ္စာ တည်းဟူသော ခါးပန်းကိုစည်းလျက်၊ ဖြောင့်မတ်ခြင်းပါရမီ တည်းဟူသော ရင်အုပ်တန်ဆာကို ဝတ်ဆင်လျက်၊ ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောပြောအံ့သောငှါ ပြင်ဆင်သော အဖြစ်တည်းဟူသော ခြေစွပ်ကိုစွပ်လျက် ခံရပ်ကြလော့။ မာရ်နတ်ပစ်ခတ်သော မီးစက်လက်နက်ကို ကာသတ်နိုင်သော ယုံကြည်ခြင်း တည်းဟူသော လွှားကိုလည်း ခပ်သိမ်းသော လက်နက်တို့အပေါ်မှာ ထပ်ဆင့်၍ ယူဆောင်ကြလော့။ ကယ်တင်ခြင်း တည်းဟူသော သံခမောက်လုံးကို၎င်း၊ ဘုရားသခင်၏ နှုတ်ကပတ်တည်းဟူသော ဝိညာဉ်တော်၏ ထားကို၎င်း ယူကြလော့။ ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်းပဌနာပြုခြင်း အမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။ ထိုသို့ ဆုတောင်းခြင်းငှါ အားမလျော့ဘဲလျက်၊ ငါမှစ၍ သန့်ရှင်းသူ အပေါင်းတို့အဘို့ ဆုတောင်းလျက် စောင့်ရှောက်ကြလော့။" (ဧဖက် ၆း၁၀-၁၈)**

**"ယုံကြည်ခြင်းနှင့်ဆိုင်၍ ကောင်းစွာသော တိုက်လှန်ခြင်းကိုပြုလော့။ ထာဝရအသက်ကို ကိုင်ယူလော့။ ထိုအသက်ကို ရမည်အကြောင်း၊ သင်သည် ခေါ်တော်မူခြင်းကို ခံရ၍၊ သက်သေအများတို့ ရှေ့၌ ကောင်းမွန်စွာ ဝန်ခံပြီ။"**

**(၁တိ ၆း၁၂)**

**"ချစ်သားတို့၊ သင်တို့သည် ဘုရားသခင်နှင့် စပ်ဆိုင်ကြ၏။ ထိုသူတို့ကိုလည်း အောင်ကြပြီ။ အကြောင်းမူကား၊ သင်တို့ဘက်၌ ရှိသောသူသည် လောကဘက်၌ ရှိသောသူထက် သာ၍ ကြီးတော်မူ၏။" (၁ယော ၄း၄)**

**"မကွာစေသည်သာမက၊ ငါတို့ကို ချစ်တော်မူသောသူ၏ ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ထိုအမှု ခပ်သိမ်းတို့ကို ခံစဉ်တွင်ပင်အထူးသဖြင့် အောင်မြင်ကြ၏။"**

**(ရောမ ၈း၃၇)**

**"ထိုသို့ဆိုသော် အကျိုးကိုခံရပြီ၊ စုံလင်ခြင်းသို့ ရောက်ရပြီဟု ငါမဆိုလို။ အကြင်အကျိုးကို ပေးခြင်းငှါ ခရစ်တော်သည် ငါ့ကို ကိုင်ဘမ်းတော်မူ၏။ ထိုအကျိုးကို ကိုင်မိခြင်းငှါ ငါပြေး၍ လိုက်သေး၏။" (ဖိလပ္ပိ ၃း၁၂)**

**"ငါပညတ်သည်ကား၊ သင်တို့သည် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏ သားဖြစ်လိုသောငှါ၊ သင်တို့၏ ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို ကျိန်ဆဲသော သူတို့အား မေတ္တာ ပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောင့်ရှက်ညှဉ်းဆဲသော သူတို့အဘို့ ဘုရားသခင်ကို ဆုတောင်းကြလော့။" (မဿဲ ၅း၄၄)**

ပေးကမ်းသောသူဖြစ်ပါ။ ဘုရားသခင်သင့်အား ပေးသမျှကို သင့်ထက် အဆင်မပြေသူအား ပေးကမ်းပါ။

**"နာသော သူတို့အား ချမ်းသာပေးကြလော့။ သေသောသူတို့ကို ထမြောက်စေကြလော့။ နူသောသူတို့ကို သန့်ရှင်းစေကြလော့။ နတ်ဆိုးတို့ကိုလည်း နှင်ထုတ်ကြလော့။ သင်တို့သည် အဘိုးမပေးဘဲ ကျေးဇူးတော်ကို ခံရကြပြီဖြစ်၍ အဘိုးမခံဘဲ ပေးကမ်းကြလော့။" (မဿဲ ၁၀း၈)**

**"ထိုသို့ သင်တို့သည်လည်း အလုပ်လုပ်၍ အားနည်းသော သူတို့ကို မစရမည်ကို၎င်း၊ အစွန့်အကြဲ ခံခြင်းအရာထက် စွန့်ကြဲခြင်းအရာသည် သာ၍ မင်္ဂလာ ရှိသည်ဟု သခင်ယေရှု မိန့်တော်မူသော စကားတော်ကို အောက်မေ့ရမည်ကို၎င်း၊ အရာရာ၌ သင်တို့အား ငါပြသပြီ"(တမန် ၂၀း၃၅)** လိုအပ်သူကို တွေ့သောအခါ နောက်မတွန့်ဘဲ ယေရှုနာမ၌ လိုအပ်ချက်ကို ပြည့်စုံစေပါ။

ယေရှုပြန်ကြွလာတော့မည်။ **"ငါသည် အလျင်အမြန် လာမည်။ သင်၏ သရဖူကို**

**အဘယ်သူမျှ မယူစေခြင်းငှါ၊ ရခဲ့ပြီးသော အရာကို စွဲကိုင်လော့။”** (ဗျာ ၃း၁၁) ကိုယ်တော် မြေကြီးပေါ်၌ ရှိစဉ်အခါက ဤသို့ ပြောခဲ့သည်။ **“ငါ့အဘ၏ အိမ်တော်၌ နေစရာ အခန်းအများ ရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲ မနေ။ သင်တို့ နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။ ငါသည် သွား၍ သင်တို့ နေစရာ အရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။”** (ယော ၁၄း၂-၃)

**“အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည် မှန်လျှင်၊ ဘုရားသခင်၏ လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာ အရပ်၌ရှိသော အထက်အရာတို့ကို ရှာကြလော့။ မြေကြီးပေါ်မှာ ရှိသော အရာတို့ကို စွဲလမ်းသောစိတ် မရှိကြနှင့်။ အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်း ရှိကြလော့။ အကြောင်းမူကား၊ သင်တို့သည် သေသောသူဖြစ်၍ သင်တို့အသက်သည် ခရစ်တော်နှင့် အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏။ ငါတို့အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသောအခါ၊ ငါတို့သည်လည်း ထိုသခင်နှင့်အတူ ဘုန်းကြီး၍ ထင်ရှားကြလတံ့။”** (ကောလောသဲ ၃း၁-၄)

## ဘုရားသခင်၏ နှုတ်ကပတ်တော်

ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာတရားသည် ဤစာအုပ်တစ်ခုလုံး၏ အခြေခံ အုတ်မြစ်ဖြစ်သည်။ ဤစာအုပ်ထဲ၌ ရေးထားသမျှသည် ကျမ်းစာအပေါ်တွင် အခြေခံပါသည်။ ကျမ်းစာသည် လူသားတို့ထံ ဘုရားသခင်၏ ဖွင့်ပြချက်ကို မှတ်တမ်းတင်၍ ရေးသားထားသည်။

ဤစာအုပ်ထဲ၌ ကျမ်းပိုဒ်များစွာကို အသုံးပြုထားပါသည်။ ကျမ်းစာကို ဖတ်ရှုရာတွင် အထူးဂရုစိုက်ပါ။ ကျမ်းစာက မိမိကိုယ်ကို ဤသို့ ပြောထားပါသည်။

**“ကျမ်းစာ၌ပါသော အနာဂတ္တိစကား မည်သည်ကား၊ ကိုယ်အလိုအလျောက် အနက်မပေါ်ဟု ရှေ့ဦးစွာ သိမှတ်ကြလော့။ အကြောင်းမူကား၊ အနာဂတ္တိ စကားသည် လူအလိုအားဖြင့် ဖြစ်ဘူးသည်မဟုတ်။ ဘုရားသခင်၏ သန့်ရှင်းသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ၏။”** (၂ပေ ၁း၂၀-၂၁)

**“ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလိုငှါ ပညာကို ပေးနိုင်သော ဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍ လေ့ကျက်သည်ကိုငင်း သိမှတ်သည်နှင့်၊ အထက်က သင်၍ နှလုံးသွင်းမိသော အယူဝါဒ၌ တည်နေလော့။ ထိုကျမ်းစာ ရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၍၊ ဘုရားသခင်၏ လူသည် စုံလင်သောသူ၊ ကောင်းသော အမှုအမျိုးမျိုးတို့ကို ပြုစုခြင်း အလိုငှါ ပြင်ဆင်သောသူ ဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကို ဘော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏။”**

**(၂တိ ၃း၁၅-၁၇)**

ကျမ်းစာကို ရေးသားရန် ဘုရားသခင် ရွေးချယ်ခံရသောသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ သယ်ဆောင်ခြင်ကို ခံရပြီး ကိုယ်တော်သည် သူ၏ နှုတ်ကပတ်တော်ကို သူတို့အထဲ၌ မှုတ်သွင်းပေးသည်။ ကျမ်းစာသည် ဘုရားသခင်၏ စကားတော်ဖြစ်ပြီး လူ့စကား မဟုတ်ပါ။ လူသားကို အသုံးပြု၍ ရေးသားသော်လည်း နှုတ်ကပတ်တော် အစဉ်အမြဲတည်

သည်။ ထာဝရတည်ပါသည်။

**"အိုထာဝရဘုရား၊ နှုတ်ကပတ်တော်သည် ကောင်းကင်ဘုံ၌ အစဉ်အမြဲ တည်ပါ၏။" (ဆာလံ ၁၁၉း၈၉)**

**"ကောင်းကင်နှင့် မြေကြီး မတည်သော်လည်း ငါ့စကား တည်လိမ့်မည်။"**
**(မဿဲ ၂၄း၃၅)**

**"မြက်ပင်သည် ညှိုးနွမ်း သွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေတတ်၏။ ထာဝရဘုရား၏ နှုတ်ကပတ်တရားမူကား၊ ကာလအစဉ်အမြဲတည်၏ဟု ဆိုသတည်း။"**
**(ဟေရှာယ ၄၀း၈)**

**"ဘုရားသခင်၏ စကားတော်ရှိသမျှသည် စင်ကြယ်၏။ ခိုလှုံသောသူ အပေါင်းတို့၌ ဘုရားသခင်သည် အကွယ်အကာ ဖြစ်တော်မူ၏။" (သုတ္တံ ၃၀း၅)**

**"ဘုရားသခင်၏ နှုတ်ကပတ် တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့် ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ်ကိုဎင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုဎင်း ပိုင်းခြား၍ ထုတ်ချင်း ခွင်းတတ်၏။ စိတ်နှလုံး အကြံအစည်များကိုလည်း သိမြင်တတ်၏။" (ဟေဗြဲ ၄း၁၂)**

**"ငါတို့သည် ကျမ်းစာ၌ ပါသော သည်းခံခြင်း၊ သက်သာခြင်း အကြောင်းများကို အမှီပြု၍ မြော်လင့်ရသော အခွင့် ရှိစေခြင်းငှါ၊ ကျမ်းစာ၌ အထက်က ရေးထားသမျှသည် ငါတို့ကို ဆုံးမ သြဝါဒပေး၍ ရေးထားသတည်း။" (ရောမ ၁၅း၄)**

နှုတ်ကပတ်တော်သည် သင်ဖတ်ရှုသမျှတွင် အရေးကြီးဆုံး ဖြစ်သည်။ ဤစာအုပ်ကို ထပ်တလဲလဲဖတ်ရှုသောအခါ ကျမ်းပိုဒ်များဖြင့် သမ္မာတရား အခြေခံ အုတ်မြစ်ကို စတင် တည်ဆောက်လိမ့်မည်။ ဓမ္မသစ်ကျမ်းဖြစ်သော ယေရှုမွေးဖွားခြင်းမှ စတင်သည့် ကျမ်းစာကို သင့်အား ပေးလိုပါသည်။

"စစ်မှန်သော ပျော်ရွှင်ခြင်းသည် သင့်အတွက် ဖြစ်နိုင်ပါသည်။" ဆိုသော စာအုပ်သည် နှုတ်ကပတ်တော် မဟုတ်သော်လည်း ကျမ်းစာမှ ကိုးကားချက် များစွာ ပါရှိပါသည်။ ဓမ္မသစ်ကျမ်းကို အခမဲ့ ပေးပို့နိုင်ရန် စာရေး ဆက်သွယ်စေလိုပါသည်။

နောက်ဆုံး စာမျက်နှာ နှစ်ခုတွင် ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ အကြံအစည်ကို အနှစ်ချုပ် ဖော်ပြထားပါသည်။ အခြားသူတစ်ဦး ယေရှုကို ကယ်တင်ရှင်နှင့် အရှင်သခင်အဖြစ် လက်ခံခြင်းအားဖြင့် ဘုရားသခင်နှင့် ရန်ငြိမ်းစေရန် သင်ကူညီနိုင်ပါသည်။ သင့်ခရစ်ယာန်အသက်တာ၌ အဓိပ္ပါယ်အရှိဆုံးအချိန်မှာ သူတပါးကို သူတပါးတို့ ယေရှုခရစ်အားဖြင့် ဖန်ဆင်းရှင်နှင့် ဆက်ဆံစေရန် ကူညီခြင်းဖြစ်သည်။ သင်သည် မိမိတွေ့ရှိရသော စစ်မှန်သော ပျော်ရွှင်မှုကို သူတပါး တွေ့ရှိစေရန် ကူညီခြင်းအားဖြင့် အမှန်တကယ် ကောင်းကြီး ခံစားပါစေ။

## ဘုရားသခင်၏ ကယ်တင်ခြင်း အကြံတော်

စကြာဝဠာ၏ ဖန်ဆင်းရှင် ဘုရားသခင်သည် ကိုယ်တော်နှင့် ရင်းနှီးစွာ ဆက်ဆံခြင်းအားဖြင့် အမှန်တကယ် ပျော်ရွှင်နိုင်စွမ်းကို ထည့်သွင်းလျက် သင့်ကို ဖန်ဆင်းထားပါသည်။ သို့ရာတွင် သင်နှင့် လူသားအားလုံး မိမိလမ်းသို့ လိုက်ကြလျက် ဘုရားသခင်နှင့် ယုံကြည်မှုကို ဖောက်ဖျက်ကာ ဖန်ဆင်းရှင် မပါဘဲ အသက်ရှင်ရန် ရွေးချယ်ခဲ့ကြသည်။

စာတန်သည် လူသားတို့ကို စုံစမ်းလျက် ဘုရားသခင်၏ ဂုဏ်အင်္ဂါရပ် အကြောင်းကို လိမ်ညာပြောခြင်းဖြင့် လူတို့က ဘုရားသခင်အပေါ် မယုံကြည်ဘဲ အပြစ်လွန်ကျူးစေရန် စွဲဆောင်ခဲ့သည်။ အပြစ်၊ မယုံကြည်ခြင်းနှင့် မနာခံခြင်းတို့က လူသားတို့အား ဘုရားသခင် ပေးလိုသည့် ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းနှင့် စစ်မှန်သော ပျော်ရွှင်ခြင်းကို မရရှိစေအောင် ပြုလုပ်ခဲ့သည်။

လူနှင့် ဘုရားသခင်တို့ အပြစ်ကြောင့် ကွဲကွာသွားရာတွင်လူတို့သည် ဗလာနတ္ထိ ဖြစ်လျက် ဘုရားသခင်သာ ဖြည့်ပေးနိုင်မည့် လစ်ဟာခြင်းကို ခံစားကြတော့သည်။ ရာစုနှစ် များစွာပင် လူတို့သည် လေ့ကျင့်ပေးသည့်အရာ အကောင်းအဆိုးတို့ဖြင့် ထိုဟာကွက်ကို ဖြည့်စွက်ရန် ကြိုးစားကြသော်လည်း လှစ်ဟာခြင်း၊ ကြောက်ရွံ့ခြင်း၊ အထီးကျန်ခြင်း၊ ဝန်ထုပ်လေးခြင်းနှင့် ရှုပ်ထွေးခြင်းတို့သာ ရှိနေတော့သည်။

ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခဲ့သော လူသားများကို ချစ်နေဆဲ ဖြစ်ပြီး လူသားအားလုံး မိမိထံသို့ ပြန်လာလျက် နဂိုမူလ အကြံတော်သို့ ပြန်လည် ရောက်ရှိစေရန် သားတော်ယေရှုခရစ်အားဖြင့် လမ်းပြင်ဆင်ပေးခဲ့ပါသည်။

**"ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့**

**ရောက်မည် အကြောင်း စေလွှတ်တော်မူ၏။" (ယော ၃း၁၆-၁၇)**

**"ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။" (ယော ၁၄း၆)**

**"အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သော သူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူ ဖြစ်မည်အကြောင်း တည်း။"(၂ကော ၅း၂၁)**

**"ခရစ်တော်သည် ကိုယ်ခန္ဓာအားဖြင့် အသေသတ်ခြင်းကိုခံ၍၊ ဝိညာဉ်တော် အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်တော်မူသည်ဖြစ်၍ ငါတို့ကို ဘုရားသခင့် အထံတော်သို့ ပို့ဆောင်ခြင်းငှါ၊ ဖြောင့်မတ်တော်မူသောသူသည်၊ မဖြောင့်မတ်သော သူတို့အတွက်၊ ဒုစရိုက် အပြစ်များကြောင့် တခါခံတော်မူ၏။" (၁ပေ ၃း၁၈) "ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း၊ သင်တို့အား ရှေ့ဦးစွာ အပ်ပေးသော အကြောင်းအရာ ဟူမူကား၊ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့ အပြစ်ကြောင့် အသေခံတော် မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော် မူ၏။" (၁ကော ၁၅း၃-၄)**

သင်၏အပြစ်များ ခွင့်လွှတ်ခြင်းရရှိပြီး ဖန်ဆင်းရှင် ဘုရားသခင်နှင့် မှန်ကန်စွာ ဆက်ဆံ၍ ယေရှုအားဖြင့် ယခုနှစ် ထာဝရစစ်မှန်သော ပျော်ရွှင်မှု ခံစားရရန်အတွက် ယေရှု ခရစ် အသေခံပါသည်။

**"သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာလာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့် ပြည့်စုံစေခြင်းငှါ လာသတည်း။" (ယော ၁၀း၁၀)**

**"ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည်။ ငါ့ထမ်းဘိုးကိုတင်၍ ထမ်းကြလော့။ ငါ့ထံ၌ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့ နှိမ့်ချသော စိတ်သဘောရှိ၏။ သင်တို့ စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်။" (မဿဲ ၁၁း၂၈-၂၉)**

**"ငါ့ကို ယုံကြည်သမျှသော သူတို့သည် မှောင်မိုက်၌ မနေစေခြင်းငှါ ငါသည် အလင်းဖြစ်လျက် ဤလောကသို့ ကြွလာပြီ။" (ယော ၁၂း၄၆)**

**"အပြစ်တရား၏ အခကား သေခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့ သခင် ယေရှုခရစ်အားဖြင့် ထာဝရ အသက်ပေတည်း။" (ရောမ ၆း၂၃)**

**"ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။" (ယော ၁း၁၂)**

**"အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက် စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။" (ရောမ ၁၀း၉) "ညီအစ်ကိုတို့၊ ငါသည် အခြားသော တပါးအမျိုးသားတို့တွင် အကျိုးကို ရသကဲ့သို့ သင်တို့တွင်လည်း အကျိုးတစုံတခုကို ရခြင်းငှါ၊ သင်တို့ရှိရာသို့ သွားမည်ဟု အဖန်ဖန် အကြံရှိကြောင်းကို သင်တို့မသိဘဲ နေစေခြင်းငှါ ငါအလိုမရှိ။ ထိုသို့ အကြံရှိသော်လည်း၊ ယခုတိုင်အောင် မြစ်တားသောအကြောင်း ရှိ၏။" (ရောမ ၁း၁၃)**

ယခုတွင် သင်သည် သခင်ဘုရား၏ နာမတော်ကိုခေါ်လျက် ယေရှုခရစ်ကို ကယ်တင်ရှင်နှင့် သခင်အဖြစ် လက်ခံရန် အောက်ပါအတိုင်း ဆုတောင်းနိုင်ပါသည်။

ဘုရားသခင်

ယေရှုသည် ကျွန်ုပ်အပြစ်များအတွက် အသေခံပြီး သေခြင်းမှ ထမြောက်ကြောင်း ကို ယုံကြည်ပါသည်။ ကိုယ်တော်၏ သားတော်ကို ကျွန်ုပ်အား ပေးသောကြောင့်ကျေးဇူး တင်ပါသည်။ ယခုပင်လျှင် နာမကိုခေါ်လျက် ကျွန်ုပ် နှလုံးသားထဲ၌ ကိုယ်တော်ကို ကယ်တင် ရှင်နှင့် အရှင်သခင်အဖြစ် လက်ခံပါသည်။

အပြစ်များမှ ခွင့်လွှတ်လျက် ကိုယ်တော်နှင့် မှန်ကန်သော ဆက်ဆံရေးကို ပြန်လည် ထူထောင်ပေးသောကြောင့် ကျေးဇူးတင်ပါသည်။ နေ့စဉ် ကိုယ်တော်ကို ပိုမိုသိကျွမ်းပြီး အရာရာ၌ ကိုယ်တော်နှစ်သက်သော အသက်တာဖြင့် အသက်ရှင်နိုင်စေရန် မစတော်မူပါ။ ကျွန်ုပ်အသက်တာ၏ ကဏ္ဍအားလုံး၌ ကိုယ်တော်ကို ကိုးစားပြီး နာခံလိုပါသည်။ ကိုယ်တော် ကို ချစ်ပါသည်။ ယေရှုနာမ၌ အာမင်။